# အခန်း(၆၃၅) - ဒုက္ခနတ်ဆိုး မိခင်

ထွင်းဖောက်မြင်ရသော ကံကြမ္မာစွမ်းအား မျှော့မျိုးစေ့များသည် လမ်းကြောင်း အသီးသီး ခွဲထွက်၍ ပျံသန်းသွားကြသည်။

(၁၀) ကီလိုမီတာ....

(၂၀) ကီလိုမီတာ......

(၅၀) ကီလိုမီတာ.....

(၁၀၀) ကီလိုမီတာ....

အချိန်သာ ကုန်ဆုံး သွားခဲ့သော်လည်း သွေးရဲရဲလေးထံမှ ငရဲချိန်နဲ့ ကလေးငယ်နှင့် ပတ်သက်၍ မည်သည့် သတင်းအချက်အလက်ကိုမှ မရရှိသေးပေ။

"သတင်း အမှားကြီး ဖြစ်နေမလား"

လင်းဟွမ်သည် မျက်မှောင် ကြုတ်သွားသော်လည်း မကြာခင် ခေါင်းခါရမ်းပြီး ဤဖြစ်နိုင်ချေကို ပယ်ချလိုက်သည်။ ထိုနေ့က မှောင်ခိုဈေးကွက်မှ အမျိုးသမီးနှင့် အရောင်းအဝယ် သုံးခုပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် သူမက မွန်းစတားအလောင်းများ ရောင်းဝယ်မည့် ကိစ္စကိုပင် ညှိနှိုင်းခဲ့သေးသည်။

ထို့ကြောင့် အမျိုးသမီးက သူ့ကို သတင်းအမှားပေး၍ လိမ်လှည့်လိုက်ခြင်း မဖြစ်နိုင်ချေ။

သေသေချာချာ တွေးကြည့် လိုက်သောအခါ ထိုအမျိုးသမီးက လွန်ခဲ့သော နှစ်လကျော်တွင် အခြားသူ တစ်ယောက်ထံမှ တည်နေရာ အချက်အလက် ရရှိခဲ့ခြင်း ဖြစ်သည်။ ထိုနှစ်လအတွင်းတွင် ငရဲချိန်နဲ့ ကလေးငယ်က တိုက်ခိုက်ခံရခြင်း ၊ ထွက်သွားဖို့ ဖိအားပေးခံရခြင်း ၊ အခြားမွန်းစတားများ သို့မဟုတ် လူသားများ၏ သတ်ဖြတ်ခြင်းကိုလည်း ခံရနိုင်ပေသည်။

ထိုအခြေနေထဲမှ တစ်ခုခု ဖြစ်ပွားခဲ့ပါက အသူရာချောက်ကမ်းပါးကို လာခဲ့သော သူ၏ အားစိုက်ထုတ်မှုမှာ အချည်းအနှီးပင်။

"ကျေးဇူးပြုပြီး တစ်ခြားလူတွေ မသတ်ပါစေနဲ့"

လင်းဟွမ်သည် လက်ဗလာနှင့် အိမ်မပြန်ချင်သောကြောင့် စိတ်ထဲမှ ရေရွတ်လိုက်သည်။ သူ့အတွက် သင့်တော်သော ကံကြမ္မာမီးစာ မွန်းစတားကို ရွေးချယ်ရန် မလွယ်ကူပေ။ ရှာမတွေ့ပါက နောက်တစ်ကောင် ထပ်ရွေးရလိမ့်မည် အကယ်၍ သူနှင့်သင့်တော်သော မွန်းစတား တစ်ကောင်မျှ

မတွေ့ပါက မွန်းစတားသတင်းကို ထပ်မံရရှိရန် လအနည်းငယ်ခန့် စောင့်ရပေလိမ့်မည်။

"တွေ့ပြီ"

တစ်နာရီခန့် ကြာသောအခါ သွေးရဲရဲလေး၏ အသံကို ရုတ်တရက် ကြားလိုက်ရသည်။

"ဒီနေရာနဲ့ ဝေးလား"

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"သိပ်မဝေးဘူး ကီလိုမီတာ (၁,၅၀၀) နီးပါးလောက်ပဲ ရှိမယ်"

သွေးရဲရဲလေးက ပြန်ဖြေသည်။

"ဒါပေမယ့် သတ်ဖို့ မလွယ်ဘူး"

"အဆင့် တက်သွားလို့လား"

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။ သူ ရရှိထားသော အချက်အလက်များအရ ငရဲကလေးငယ်မှာ ကလေးငယ်မှာ မူလက အင်မော်တယ်အဆင့် (၆) တွင် ရှိနေသည်။ အကယ်၍ အဆင့်တက်သွားပါက ယခုအခါ၌ အင်မော်တယ်အဆင့် (၇) ဖြစ်နေပြီး လင်းဟွမ် ကိုင်တွယ်နိုင်သည့် အခြေအနေထက် ကျော်လွန် သွားလိမ့်မည်။ ထိုကဲ့သို့ ဖြစ်ပါက တိုက်ခိုက်ရေး အစွမ်းကို မြှင့်တင်ရန် ယာယီ အသွင်ပြောင်းကတ်ကို အသုံးပြုရလိမ့်မည်။

"သူ့ရဲ့ တိုက်ခိုက်ရေး အဆင့်နဲ့ မဆိုင်ဘူး၊ ဒုက္ခနတ်ဆိုးမိခ င် ဖမ်းသွားလို့"

သွေးရဲရဲလေး အသံက ကူကယ်ရာ မဲ့နေသည်။

"ဒုက္ခနတ်ဆိုးမိခင် ဟုတ်လား"

လင်းဟွမ်သည် ဤမွန်းစတား၏ နာမည်ကို ပထမဦးဆုံးအကြိမ် ကြားဖူးခြင်း မဟုတ်ပေ။ ၎င်းသည် မိစ္ဆာတစ်ကောင်ပင် ။ အင်မော်တယ် အဆင့်နှင့် မွေးဖွားလာခဲ့သည့် လူသားပုံစံရှိသော မွန်စတား တစ်ကောင် ဖြစ်သည်။ ကြီးပြင်း လာသည်နှင့်အမျှ အင်ပါယာအဆင့်ကို အလိုလို တင်လှမ်းသွားသည်။ ဒုက္ခနတ်ဆိုး မိခင်က ကလေးငယ်များ အထူးသဖြင့်

ယောက်ျားလေးများကို နှစ်သက်သည်။ အသက် (၁၆) နှစ်အောက် ယောက်ျားလေးများနှင့် ထိပ်တိုက် တိုးပါက ဖမ်းယူပြီး ပြုစုပျိုးထောင်တတ်သည်ဟု ဆိုကြသည်။

၎င်း၏ မိခင်ဗီဇကြောင့် သူမ ကလေးများအဖြစ် ဆက်ဆံတတ်သည်။ သို့သော်လည်း ကြီးပြင်းပြီး အရွယ်ရောက်လာသောအခါ သတ်ဖြတ်တတ်သည်။ ထို့ကြောင့် ကလေးနှင့်တူသည့် မွန်းစတားအချို့က သူတို့ဘဝတစ်ခုလုံး အကာအကွယ် ရစေရန် လက်မြောက်အရှုံးပေးတတ်ကြသည်။

သို့သော်လည်း မွန်းစတား စွယ်စုံကျမ်းထဲတွင် ဒုက္ခနတ်ဆိုးမိခင်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း

မဖော်ပြထားဘဲ အကျဉ်းချုပ်သာ ဖော်ပြထားသည်။ ဒါကို သူကိုယ်တိုင် ကြုံရ ဆုံရလိမ့်မည်ဟု မည်သည့်အချိန်ကမှ မထင်မှတ်ထားခဲ့ချေ။

“ကလေးနဲ့တူတဲ့ မွန်းစတားကို တကယ် ဖမ်းနေတာလား”

လင်းဟွမ်က သိချင်စိတ်နှင့် မေးလိုက်သည်။

“အဲ့ဒီလို ဖြစ်မယ် ထင်တာပဲ”

သွေးရဲရဲလေးက မျှော်မျိုးစိတ်များ ရိုက်မိထားသော ခါတ်ပုံကိုပြသရင်း ပြောလိုက်သည်။

ဒါသည် အံ့မှိုင်းမှိုင်းဖြစ်နေသော အဆောက်အဦး တစ်ခုပင် ။ လင်းဟွမ်သတ်ချင်သော ငရဲချိန်နဲ့ ကလေးငယ် သာမက ကလေးငယ်နှင့်တူသော အခြား မွန်းစတားနှင့် မွန်းစတား ပေါက်စတစ်ကောင်လည်း တွေ့နေရသည်။ သို့သော်လည်း ဒုက္ခနတ်ဆိုးမိခင် မရှိသည့်ပုံပင်။

"ငါတို့တော့ ပြဿနာ အကြီးကြီး တက်ပြီ"

လင်းဟွမ်သည် ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု မည်သည့် အချိန်ကမှ မမျှော်လင့်ခဲ့ချေ။ ငရဲချိန်နဲ့ ကလေးငယ်ကို သတ်ဖြတ်ရန် ခက်ခဲနေရသည့် အထဲ ဒုက္ခနတ်ဆိုး မိခင်ကပါ မွေးစားလိုက်သေးသည်။

"သွေးရဲရဲလေး မင်းမှာ အကြံကောင်းလေး ဘာလေး ရှိသေးလား"

လင်းဟွမ်သည် ခေါင်းနဲနဲ ကိုက်သွားသည်။

"ငရဲချိန်နဲ့ ကလေးငယ်ကို သတ်ဖို့အတွက် နည်းလမ်းသုံးခုတော့ ရှိတယ်"

သွေးရဲရဲလေးက အကြံပြုလာသည်။

"ပထမတစ်ခုက ဒုက္ခနတ်ဆိုးမိခင်ကို သတ်ရမယ်။ ဒုတိယတစ်ခုက ဒုက္ခနတ်ဆိုးမိခင် မရှိတဲ့ အချိန် အဆောက်အဦးထဲ ခိုးဝင်ပြီး ငရဲချိန်နဲ့ ကလေးငယ်ကို သတ်မယ်။ တတိယတစ်ခုက ငရဲချိန်နဲ့ ကလေးငယ်ကို မျှားခေါ်ထုတ်ပြီး သတ်ပစ်ရလိမ့်မယ်"

“ပထမနည်းလမ်းက အနာဂတ် ပြဿနာတွေကို တားဆီးနိုင်ပေမယ့် အရင်းအနှီး နည်းနည်းများတယ်။ ဒုတိယ နည်းလမ်းက ငါတို့ ခိုးဝင်တဲ့အချိန်မှာ ဒုက္ခနတ်ဆိုးမိခင်က ငါတို့ကို ရှာမတွေ့အောင် သေချာအောင်လုပ်ဖို့ ခက်ခဲတယ်။ တတိယ နည်းလမ်းကတော့ ဘေးအကင်းဆုံးပဲ။ ဒါပေမယ့် ငရဲချိန်နဲ့ ကလေးငယ်ကို မျှားခေါ်ထုတ်မယ့် နည်းလမ်းကို သေသေချာချာ စဉ်းစားမှ ဖြစ်လိမ့်မယ်”

လင်းဟွမ်က ခေါင်းအနည်းငယ် ခါလိုက်သည်။

“ဒုက္ခနတ်ဆိုးမိခင်က ရွှေအနက်ရောင် ဒါမှမဟုတ် ရွှေကြက်သွေးရောင် အင်ပါယာအဆင့် ဖြစ်နိုင်တယ်။

အဲ့ဒီလောက်ဆိုရင် ငါ့ရဲ့ ကတ်တွေနဲ့ အလုပ်ဖြစ်သေးတယ်။ ဒါပေမယ့် ရွှေဝါရောင် ဒါမှမဟုတ် ရွှေဖြူရောင်အဆင့် ဆိုရင်တော့ သေမင်းကို နမ်ဖူးသွားတောက်နေသလို ဖြစ်သွားလိမ့်မယ်။ ငါ့အသက်ကို ကယ်နိုင်မယ့် ကတ်တစ်ကတ်ကို အသုံးပြုရတာ မတန်ဘူး။”

“ ဒုတိယ နည်းလမ်းဖြစ်တဲ့ အလစ်ချောင်း ခိုးဝင်ဖို့ ဆိုတာကလည်း အန္တရာယ် များလွန်းတယ်။ နောက်ပြီးတော့ ဒုက္ခနတ်ဆိုးမိခင်ရဲ့ အစွမ်းအစနဲ့ ပတ်သက်ပြီး ငါတို့တွေ ဘာမှမသိဘူး။ ဟင်းလင်းပြင် ခုန်ကျော်နိုင်တဲ့ စွမ်းရည်လိုမျိုး ပိုင်ဆိုင်ထားလို့

ငါတို့ရဲ့စောင့်ကြည့်ရေး စွမ်းရည်ကို ရှာတွေ့သွားနိုင်သေးတယ်။ အဲ့ဒီလိုသာဆိုရင် စက္ကန့်ပိုင်းလေးအတွင်းမှာပဲ သေသွားနိုင်တယ်။ ဒီလိုဆိုမှတော့ နောက်ဆုံး အကြံပြုချက် အတိုင်းပဲ ငရဲချိန့်ကလေးငယ်ကို မျှားခေါ်မယ့် နည်းလမ်းကို ရှာဖွေရအောင်”

“တတိယနည်းလမ်း ရွေးမယ်ဆိုရင်တော့ ငါတို့တွေ အသူရာ ချောက်ကမ်းပါးထဲမှာ နည်းနည်းလောက် ထပ်နေရမယ်”

သွေးရဲရဲလေးက ပြန်ပြောလိုက်သည်။

“သူ့ရဲ့ လှုပ်ရှားမှုကို ရက်နည်းနည်းလောက် အချိန်ပေးစောင့်ကြည့်ပြီး အစီအစဉ်တစ်ခု ချမှတ်ရမယ်”

“ရတယ်လေ။ ရက်ပိုင်းလောက်တော့ ဒီမှာ ဆက်နေကြတာပေါ့”

လင်းဟွမ်က ခေါင်းငြိမ့်ပြီး သဘောတူလိုက်သည်။

“ဒါဆိုလည်း နားမယ့်နေရာ ရှာကြစို့”

“ဒီကနေ ကီလိုမီတာ (၁၂၀) လောက်ဝေးတဲ့ လှိုင်ဂူထဲမှာ လူသားပုံစံ ပင့်ကူတစ်ကောင် ရှိတယ်။ လူသားပုံစံပင့်ကူက အင်မော်တယ်အဆင့် (၃) ပဲ ရှိသေးတယ်”

သွေးရဲရဲလေးက အမျှင်တစ်ခု ဆန့်ထုတ်ပြီး (၂) နာရီ ထောင့်ကို ညွှန်ပြရင်း ပြောလိုက်သည်။

မိနစ် အနည်းငယ် ကြာပြီးနောက် လင်းဟွမ်သည် သွေးရဲရဲလေး၏ ညွှန်ပြခဲ့သည့် ဂူ အပြင်ဘက်ကို ရောက်ရှိလာသည်။

လင်းဟွမ် မညွှန်ကြားရသေးခင် လင်ပုပ် စပါးအုံးမြွေက အနီရောင် အလင်းတန်း အဖြစ် ပြောင်းလဲပြီး ဂူထဲ ပြေးဝင်သွားသည်။ ခဏအကြာ အောင်ပွဲနှင့် ပြန်ရောက်လာသည်။

လင်းဟွမ်သည် လှိုဏ်ဂူကို သန့်ရှင်းရေး လုပ်ပြီးနောက် တဲ တည်ဆောက်လိုက်သည်။

ဤနေရာတွင် ရက်ပိုင်းခန့် ကြာမြင့်အောင်နေမည် ဖြစ်သောကြောင့် ပတ်ဝန်းကျင်နှင့် အသားကျအောင် လုပ်ရအုံးမည်။

သန့်ရှင်းရေး လုပ်ပြီးနောက် ည (၆) နာရီ ထိုးသွားပြီး ကောင်းကင်ကြီး မှောင်လာသည်။

လင်းဟွမ်သည် ပိုင်နှင့် လန်စန်လေ့တို့ကို ဆင့်ခေါ်ပြီး ဂူထဲတွင် မုန့်အတူတူ ထိုင်စားလိုက်သည်။ ထုံးစံအတိုင်း လန်စန်လေ့က အသီးအရွက်များကို စားသုံးပြီး ပိုင်က အနီရောင်ရှိသော သစ်သီးဖျော်ရည်ကို သောက်နေသည်။ အစားအသောက်ကို အေးအေး ဆေးဆေး စားခဲ့ရပြီး အနှောက်အယှက် မရှိခဲ့ပေ။

လပပုတ် စပါးအုံးမြွေက အသားခြောက် အနည်းငယ် ကိုက်စားနေပြီး သွေးရဲရဲလေးက သကြားလုံးများ ငုံနေသည်။

လင်းဟွမ်နှင့် မွန်းစတားများသည် နောက်ပိုင်း ရက်အနည်းငယ်အတွင်း ငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြသည်။ သူတို့သည် အန္တရာယ်ရှိသော အသူရာ ချောက်ကမ်းပါး၏ ဒုတိယအလွှာတွင် ရှိနေခဲ့သော်လည်း ပျော်စရာကောင်းသော ဘဝတစ်ခုကို ဖြတ်သန်း နေကြသည်။

သူတို့ရှိနေသော နေရာတွင် သန်မာသည့် မွန်းစတားများ မရှိပေ။ အသန်မာဆုံး မွန်းစတားမှာ

အင်မော်တယ် အဆင့် (၅) သို့မဟုတ် အဆင့် (၆) သာ ……

လူသားဆန်သော ပင့်ကူ၏လှိုင်ဂူကို သိမ်းပြီးနောက် ထိုနေ့မှာပင် ပိုင်နှင့်လန်စန်လော့ တို့သည် အင်မော်တယ်အဆင့် (၆) မွန်းစတားများ၏ အသိုက်များကို ကျူးကျော်ဝင်ရောက်ပြီး တိုက်ခိုက်ခဲ့ကြသည်။ ထို့နောက် သူတို့နှစ်ယောက်၏ ဂုဏ်သတင်းမှာ ကြီးမြင့်လာပြီး ဤနေရာတွင် ဆရာကြီးနှစ်ပါး ဖြစ်လာကြသည်။ ထို့ကြောင့် လင်းဟွမ် ရှိနေသော လှိုင်ဂူအနားကို မွန်းစတားအများစုက မချဉ်းကပ်ရဲကြတော့ချေ။

လင်းဟွမ်သည် ကီလိုမီတာ (၁,၀၀၀) ကျော် ဝေးကွာနေသော နေရာတွင် ရှိနေသည့် ဒုက္ခနတ်ဆိုးမိခင် သတိထားမိမည်ကို ကြောက်ရွံ့နေ၍သာ ထိုကဲ့သို့ မဟုတ်ပါက ညစဉ်ညတိုင်း အသားကင်ပါတီ ပြုလုပ်ရန် စီစဉ်ပေလိမ့်မည်။

သူတို့အုပ်စုသည် ရက်ပိုင်းခန့် အစာပြေမုန့်များကို စားခဲ့ပြီးနောက် အစားအသောက်များကို ငြီးငွေ့ လာကြသည်။

လင်းဟွမ် မသိသည့်မှာ ဖယ်ရှားခြင်းမြို့တွင် ရှိနေသောယောင်ဟွမ်ဟွမ်၏ မိဘများသည် သူ့ကြောင့် ဒုက္ခများနေကြခြင်းပင်။

“ဖေဖေ ၊ရက် အနည်းငယ်တောင် ကြာနေပြီ။ မင်းလင်းရှီနဲ့ ပတ်သက်တဲ့ သတင်းတွေ၊ ဘာတွေ ရသေးလား”

ယောင်ဟွမ်ဟွမ်သည် သူမအစ်မက လင်းဟွမ်ကို ပြဿနာရှာရန် အသူရာ ချောက်ကမ်းပါးထဲ ဝင်သွားကြောင်း သိသွားသည်နှင့် ယောင်ဟွမ်ဟွမ်က အသူရာ ချောက်ကမ်းပါးထဲ လိုက်သွားရန် နေ့စဉ်နေ့တိုင်း ခွင့်တောင်းလျက် ရှိနေသည်။

သူမ မိဘများက သူတို့သမီးကို အန္တရာယ်တောထဲ မစွန့်စား စေချင်ပေ။ ထို့ကြောင့် မည်သို့မျှ

မတိုင်နိုင်တော့ဘဲ လင်းဟွမ်အကြောင်း စုံစမ်းပေးရုံသာ ရှိတော့သည်။

"ရက်တွေတောင် တော်တော်လေး ကြာနေပြီ အခုထိ မတွေ့သေးဘူး။ အစ်မက သူ့ကို သတ်လိုက်ပြီလား"

"ဟွမ်ဟွမ်၊ မင်းအစ်မမှာ စည်း ရှိတယ်"

အဖေဖြစ်သူ ဆွံ့အသွားသည်။

"ဒါဆိုရင် သူ့ကို မွန်းစတားတွေ စားသွားပြီလား"

ယောင်ဟွမ်ဟွမ်က ထပ်မေးလိုက်သည်။

"ဒါက အသူရာ ချောက်ကမ်းပါးဆိုတော့ ငါလည်း မသေချာဘူး"

ဖခင်ဖြစ်သူ၏ စကားမဆုံးသေးခင် မိခင်ဖြစ်သူက သူမကို စိုက်ကြည့်လိုက်ပြီး

"သူ အသက်ရှင် နေမယ်လို့ ငါ ပြောရဲတယ်"

"မီးစာ မွန်းစတားကို အမဲလိုက်ဖို့ တစ်ရက်နဲ့ မလုံလောက်ရင် နှစ်ရက်ပေါ့။ ဘာဖြစ်လို့ အခုအချိန်ထိ ချောက်ကမ်းပါးထဲက မထွက်လာသေးတာလဲ"

ဖခင်ဖြစ်သူက

'အဲ့ဒီမှာ သေသွားလို့ ဖြစ်မှာပေါ့'

ဟု ပြန်ပြောချင်နေသည်။ သို့သော်လည်း ဘေးတွင်ရပ်နေသော ဇနီးသည်၏ အရိပ်အခြေကို ကြည့်ပြီး မပြောရဲချေ။

"ကိစ္စတစ်ခုခုကြောင့် အချိန် ကြာနေတာလည်း ဖြစ်မှာပေါ့။ မင်းအစ်မလဲ ရှိပါသေးတယ်။ သူ ပြန်လာတဲ့ အခါကျမှ မေးကြည့်ရအောင်။ အဲ့ဒီထဲမှာ လင်းရှီကို တွေ့ခဲ့တာလည်း ဖြစ်နိုင်တာပဲလေ"

မိခင်ဖြစ်သူက နောက်တစ်ကြိမ် နှစ်သိမ့် ပေးလိုက်သည်။

သူမကို နှစ်သိမ့်ပြီးနောက် ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူ နှစ်ယောက်လုံး မျက်မှောင် ကြုတ်နေကြသည်။

သူတို့သည် လင်းဟွမ်အတွက် စိတ်မပူဘဲ ထိုအစား ယောင်လန်းအတွက် စိတ်ပူနေကြသည်။

ချောက်ကမ်းပါးထဲကို ယောင်လန်း ထွက်သွားသည်မှာ (၃) ရက်ခန့် ကြာနေခဲ့ပြီး ယခုအချိန်အထိ ပြန်မလာသေးပေ။ အကယ်၍ အမဲလိုက်ခြင်း တာဝန်ဖြစ်ပါက တစ်ရက် သို့မဟုတ် နှစ်ရက်အတွင်း ပြီးမြောက်ရမည်။ သို့သော်လည်း ယခုမူ (၃) ရက် ရှိနေပြီ။

လင်းရှီဟုခေါ်သော လူငယ်နှင့် ပတ်သက်၍ လုံးဝ ဂရုမစိုက်ချေ။ အပြာရောင် မီးလျှံအဆင့်သာ ရှိသော လူငယ်လေး တစ်ယောက်အတွက်မူ ချောက်ကမ်းပါးထဲ

ဝင်ပြီး (၃) ရက်ကြာသော်လည်း ပြန်မလာသေးသောကြောင့် သေပြီဟု ယူဆထားကြသည်။

# အခန်း(၆၃၆) - ငရဲချိန်နဲ့ ကလေးငယ်၏ လျှို့ဝှက်ချက်။

လင်းဟွမ်သည် အသူရာ ချောက်ကမ်းပါးထဲတွင် ခြောက်ရက် ကြာမြင့်ခဲ့သည်။ ပထမနှစ်ရက် မှလွဲ၍ နောက် လေးရက်တွင် စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့် နေခဲ့သည်။

ဤကဲ့သို့ လုပ်ဆောင်ရသော အကြောင်းရင်းများထဲမှ တစ်ခုမှာ မစ္စတာဖူးက သူ့ကို အကြံပေးခဲ့သောကြောင့် ဖြစ်သည်။ နောက်တချက်မှာ သူ့ ဓားတာအိုက

တစ်ဆို့နေသောကြောင့်ပင် ။ ထို့ကြောင့် သူ့စွမ်းရည်များကို မြှင့်တင်နိုင်မည့် အခြားနည်းလမ်းကို ရှာဖွေရမည်။

လင်းဟွမ်သည် လွန်ခဲ့သော (၂) နှစ်ကတည်းက စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် အဆင့်ရှစ် အထိ အောင်မြင်ခဲ့သည်။ ထိုအချိန်မှစ၍ ဤကျင့်စဥ်ကို လျစ်လျူရှုခဲ့သည်။ သူ့ ကံကြမ္မာစွမ်းအားကို အသုံးပြုသည့် အခါ၌ ကျင့်စဥ်က သူ့အလိုလို လှည့်ပတ်နေခြင်းသာ ရှိနေခဲ့သည်။ ထို့အပြင် တိုက်ပွဲထဲတွင် ကံကြမ္မာစွမ်းအား လည်ပတ်မှုအရှိန်ကို မြှင့်တင်ရန် ရံဖန်ရံခါ အသုံးပြုတတ်သည်။

ကျင့်စဉ်၏ အဆင့် (၉) ကို ရောက်ရှိရန် ကတ်အပိုင်းအစ (၈၁၀,၀၀၀) လိုအပ်သည်။ သို့သော်လည်း လွန်ခဲ့သော နှစ်နှစ်အတွင်းတွင် ကတ်အပိုင်းအစ (၆၀၀,၀၀၀) သာ စုဆောင်းနိုင်ခဲ့သည်။

သူ့၏ ကံကြမ္မာစွမ်းအား အရှိန်အပြည့် အသက်သွင်းလိုက်သောအခါ ကျင့်စဉ် လည်ပတ်မှု တစ်ပတ်ပြည့်ရန် တစ်စက္ကန့်အတွင်း ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ပထမနေ့ လေ့ကျင့်မှုတွင် ဆယ်နာရီအတွင်း၌ ကတ်ပြား (၅၀,၀၀၀) ကျော် စုဆောင်းနိုင်ခဲ့သည်။

နောက်ပိုင်း ရက်အနည်းငယ်အတွင်းတွင် အခြားမည်သည့်ကိစ္စမှ မလုပ်ဆောင်ဘဲ စားချိန်၊ အိပ်ချိန်မှလွဲ၍ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကိုသာ (၁၅) နာရီနီးပါး ကြာအောင် လေ့ကျင့်ခဲ့သည်။ နောက်ဆုံး၌ လေးရက်ကြာသောအခါ ကတ်အပိုင်းအစ (၈၁၀,၀၀၀) စုဆောင်းနိုင်ခဲ့ပြီး ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် ကတ်အပိုင်းအစ (၈၁၀,၀၀၀) တွေ့ရှိထားပါတယ်။ အဆင့်တက်မယ့် လိုအပ်ချက်နဲ့ ကိုက်ညီနေတဲ့အတွက် အဆင့်တက်ဖို့ ကတ်ပြားများကို အသုံးပြုချင်လား”

"သုံးမယ်"

လင်းဟွမ်က တုံ့ဆိုင်းမနေဘဲ ဆုံးဖြတ်လိုက်သည်။

"စစ်တပ် တိုက်ခိုက်ရေး နည်းစနစ် ကတ်အပိုင်းအစ (၈၁၀,၀၀၀) ကို အသုံးပြုနေပါတယ် ...”

“စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့်မြှင့်တင်နေပါတယ်"

"စစ်တပ် တိုက်ခိုက်ရေးနည်း စနစ်ကို အဆင့်ကိုးအထိ တတ်ကျွမ်းသွားတဲ့အတွက် ဂုဏ်ပြုပါတယ်။"

"စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် နောက်တစ်ဆင့်အတွက် ကတ်အပိုင်းအစ (၁၀) သန်း စုဆောင်းဖို့ လိုအပ်ပါတယ်"

"အမ်၊ (၁၀) သန်းလား။ ဟိုအရင်တုန်းက ကျင်းကြံသူတွေ ဘာဖြစ်လို့ နည်းနည်းလေးပဲ ရှိတယ်ဆိုတာ နောက်ဆုံးတော့ ငါ နားလည်ပြီ"

လင်းဟွမ်သည် ထိုအခြင်းအရာကို မြင်ပြီးနောက် ဆွံ့အသွားသည်။

ရွှေလက်ချောင်း ရှိနေသည့် သူပင် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အဆင့် (၁၀) အထိ မြှင့်တင်ရန် ကတ်အပိုင်းအစ (၁၀) သန်း လိုအပ်မည်။

အခြား မည်သည့်အရာမျှ မပြုလုပ်ဘဲ တစ်နေ့လျှင် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို တစ်ရက်လျှင် (၁၅)နာရီ ကြာအောင် လေ့ကျင့်ခဲ့သော်လည်း ကတ် (၁၀)သန်း စုဆောင်းနိုင်ရန် ရက်ပေါင်း (၂၀၀) ခန့် လိုအပ်လိမ့်မည်။

အကယ်၍ ရွှေလက်ချောင်း စနစ် မရှိသည့် သာမန်လူဆိုပါက ထိုမျှလေ့ကျင့်ရုံဖြင့် ဤကျင့်စဉ်ကို ကျွမ်းကျင်နိုင်မည် မဟုတ်ချေ။ အဆင့်တစ်မှ အဆင့်ကိုး အထိ တက်လှမ်းရန် မဆိုထားနှင့် အဆင့်ကိုးမှ အဆင့်တစ်ဆယ် အထိ မြှင့်တင်ရန်ပင် နှစ်ပေါင်းများစွာ မလေ့ကျင့်ဘဲ အောင်မြင်နိုင်မည် မဟုတ်ပေ။

စစ်တပ် တိုက်ခိုက်ရေး နည်းစနစ်တွင် အဆင့် (၆) အထိက အဆင့်နိမ့် အဆင့်ဖြစ်ပြီး အဆင့် ရှစ်ရောက်သည့်အထိ အဆင့် တစ်ဆင့်စီတိုင်းက မြင့်မားလာသည်။

အဆင့် (၉) မှ အဆင့် (၁၀) အထိကမူ အောက်ခြေမရှိသော တွင်းကြီးကဲ့သို့ ဖြစ်နေသည်။ အကယ်၍ အရည်အချင်း မရှိဘဲ ဆုံးဖြတ်ချက် မခိုင်မာသည့် လူဆိုပါက လမ်းတစ်ဝက်တွင် လက်လျှော့ သွားပေလိမ့်မည်။ သို့သော်လည်း အဆင့် (၁၀) ကို အောင်မြင်ပြီးမှသာ ကံကြမ္မာလမ်းလွဲ ကျမ်းစာကို လေ့ကျင့်နိုင်ပြီး ကျင့်ကြံသူ အစစ်အမှန် တစ်ယောက်

ဖြစ်လာနိုင်သည်။ ဤသည်မှာ ရှေးခေတ်တွင် ကျင့်ကြံသူ အလွန်နည်းပါးသော အကြောင်းအရင်းပင်။

သို့သော်လည်း အဆင့်ကိုးကို အဆင့်တက်သွားသည့် အချိန်၌ လင်းဟွမ်အတွက် စွမ်းရည်များစွာ တိုးတက်လာမည် မဟုတ်ချေ။ တစ်ခုတည်းသော ခြားနားချက်မှာ ကံကြမ္မာစွမ်းအား ပြန်လည် ဖြည့်တင်းသည့် အရှိန်မှာ ယခင်ကထက် အဆ အနည်းငယ် ပိုမြန်လာပြီး ကံကြမ္မာစွမ်းအားများကို ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်လာသည်။

ခြောက်ရက်မြောက်နေ့ မွန်းလွဲပိုင်း၌.....

လင်းဟွမ်သည် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်၏ အဆင့် (၉) ကို ရောက်ရှိသွားပြီး မျက်လုံးက ဖြည်းဖြည်းချင်း ပွင့်လာသည်။

"သခင် ငါတို့တွေ ငရဲချိန်နဲ့ကလေးငယ်ကို သတ်ပစ်ဖို့ အခွင့်အရေး ရပြီ"

လင်းဟွမ် သတိ ပြန်ဝင်လာသည့် အချိန်၌ သွေးရဲရဲလေးက ပြောလိုက်သည်။

"မနက်ဖြန်ကျရင် ဒုက္ခနတ်ဆိုး မိခင်က သူ့ကလေးတွေကို အားလပ်ရက် ပေးတဲ့နေ့ပဲ။ အားလပ်ရက်က တစ်လတစ်ကြိမ်ပဲ ပေးတာ။ ငရဲချိန်နဲ့ ကလေးငယ်နဲ့ ကျန်တဲ့မွန်းစတားတွေက အဲဒီ

နေ့တစ်နေ့ပဲ၊ ဒုက္ခနတ်ဆိုး မိခင်ရဲ့ အသိုက်ထဲက ထွက်လာလိမ့်မယ်”

"မနက်ဖြန်လား။ အဲဒါဆို သတ်နိုင်မယ့် နည်းလမ်း အမြန်စဉ်းစားရမယ်"

လင်းဟွမ်က ပြောလိုက်သည်။ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် အဆင့် တက်လှမ်းသွားသည့် အချိန်၌ ဤသတင်းက အချိန်ကိုက် ထွက်ပေါ်လာခဲ့ခြင်းပင်။

"ဒုက္ခနတ်ဆိုး မိခင်က မနက်ဖြန်ကျရင် သူ့အသိုက်ထဲကနေ အစောကြီး ထွက်သွားမှာဆိုတော့ ငါတို့ အစီအစဉ်က အလုပ်ဖြစ်လိမ့်မယ်။ ဒါပေမယ့် ဒုက္ခနတ်ဆိုး မိခင်က သူတို့ကို စောင့်ကြည့်နေမှာပဲ”

သွေးရဲရဲလေးက သတိပေးလိုက်သည်။

"ဒါကြောင့် ငါတို့တွေက သတ်ပြီးတာနဲ့ အလောင်းယူပြီး ချက်ချင်း ပြန်ထွက်သွားရမယ်။ မီးစာ အရင် ထုတ်လို့မရဘူး"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

မွန်းစတားများ သေဆုံးသွားသည့် ၎င်းတို့၏ ကိုယ်ခန္ဓာအတွင်းရှိ မီးစာများက ဖြည်းဖြည်းခြင်း ပြိုကျပျက်ဆီး လာကြသည်။ ထို့ကြောင့် မီးစာ ထုတ်ယူရန် တစ်နာရီသာ အချိန်ရသည်။ တစ်နာရီ ကြာပြီးနောက် မီးစာက လုံးဝ ပျောက်ကွယ်သွားပြီ

ဖြစ်၍ ထုတ်ယူ၍ ရတော့မည် မဟုတ်ချေ။ လင်းဟွမ်အတွက် အချိန်များစွာ မရှိပေ။

"ဟုတ်တယ်၊ ဒုက္ခနတ်ဆိုး မိခင်က ဘယ်လောက် အစွမ်းထက်လဲ ဆိုတာ ငါတို့ မသိတဲ့အတွက် အဆိုးဆုံးအတွက် ကြိုတင် ပြင်ဆင်ထားရမယ်။ နောက်ပြီးတော့ သူမက ဟင်းလင်းပြင် ခုန်ကူး နိုင်တယ်လို့လည်း ယူဆထားရမယ်"

သွေးရဲရဲလေးက အတည်ပြုပြီး ပြောလိုက်သည်။

"ဒါကြောင့် သတ်ပြီးတာနဲ့ ချက်ချင်း ထွက်သွားရမှာ။"

သွေးရဲရဲလေးနှင့် ဆက်သွယ်ပြီးနောက် ဆွေးနွေးတိုင်ပင်၍ သတ်ဖြတ်မည့် နည်းဗျူဟာကို အတည်ပြုခဲ့ကြသည်။ မနက် (၁) နာရီခန့်တွင် လင်းဟွမ် အိပ်ရာဝင်ခဲ့သည်။

နောက်တစ်နေ့ မနက် (၆) နာရီမတိုင်ခင် လင်းဟွမ် ပြန်နိုးလာသည်။

မနက်စာ စားပြီးနောက် ပိုင်နှင့် လန်စန်လော့တို့ကို ကတ်ပုံစံအဖြစ် ပြန်သိမ်းလိုက်သည်။ သွေးရဲရဲလေးကိုမူ အကြံပေးချက်များ လိုအပ်သောကြောင့် ပြန်မသိမ်းခဲ့ပေ။

ဂူအဝင်ဝတွင် ထိုင်ကာ တိုက်ခိုက်နိုင်မည့် အခွင့်အရေးကို စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။

မနက်ရှစ်နာရီ ထိုးသောအခါ သွေးရဲရဲလေး၏ စောင့်ကြည့်ရေး မျက်နှာပြင်ပေါ်၌ ဒုက္ခနတ်ဆိုး မိခင်သည် ကလေးငယ်နှင့်တူသော မွန်းစတားတစ်ကောင်ကို သယ်ဆောင်ပြီး ထွက်ခွာသွားသည်။

ခဏအကြာ ၎င်း မွေးစားထားသော မွန်းစတားအချို့သည် အဆောက်အဦးထဲမှ ထွက်လာကြသည်။ လင်းဟွမ်၏ပစ်မှတ် ဖြစ်သော ငရဲချိန်နဲ့ကလေးငယ်က နောက်ဆုံးမှ ထွက်ခွာလာသည်။

မကြာခင် မွန်းစတားများသည် သူတို့သွားချင်သည့် လမ်းကြောင်းအတိုင်း ဦးတည်ပြီး ထွက်သွားကြသည်။

ငရဲချိန်နဲ့ ကလေးငယ်ကမူ ပတ်ဝန်းကျင်ကို အချိန်အတိုင်းအတာ တစ်ခုအထိ စောင့်ကြည့် အကဲခတ်ပြီးနောက် တွေ့သည့်လမ်းကြောင်း တစ်ခုကို ပျံသန်းသွားသည်။ မသိပါက လင်းဟွမ်ရှိရာကို ပျံသန်း လာသလို ဖြစ်နေ၏။

"ဘာလို့ ငါတို့ဘက် ပျံလာတာလဲ”

လင်းဟွမ်က စိတ်ဝင်စားသွားသည်။

"ငါတို့နောက် လိုက်တာ မဟုတ်ဘူး။ သူ့ရဲ့ အရင်အသိုက်ကို ပြန်သွားတာ ဖြစ်နိုင်တယ်"

သွေးရဲရဲလေးက ခန့်မှန်းလိုက်သည်။

"သူ့အသိုက်ကို ပြန်တာလား၊ အိမ်လွမ်းလို့လား"

လင်းပျွမ်သည် လူသားများတွင်သာ ဤကဲ့သို့ စိတ်ခံစားချက်များ ရှိသည်မှာ သေချာသော်လည်း သန္ဒေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင်တွင် ဤကဲ့သို့ စိတ်ခံစားချက်မျိုး ရှိ၊ မရှိက မသေချာပေ။

"ငါတော့ မထင်ဘူး။ မွန်းစတားအများစုမှာ လူသားတွေနဲ့စာရင် မတူတဲ့အတွေးတွေ ရှိတတ်တယ်။ သူတို့က အိမ်အကြောင်း ဘာမှမသိဘူး။ သူတို့ရဲ့ အိမ်ဆိုတာ သူတို့အတွက် ယာယီနေထိုင်တဲ့ နေရာ တစ်ခုပဲ။ လူသားတွေအတွက် အိမ်ငှားနေတာနဲ့ အတူတူပဲ။ ဟိုနေရာမှာ သူ့အတွက် ဂရုစိုက်ရမယ့်

အရာတစ်ခုခု ရှိနေလို့ သူရဲ့ အသိုက်အဟောင်းကို ပြန်သွားတာပဲ ဖြစ်လိမ့်မယ်”

"သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်ကို အာရုံဖမ်းစားနိုင်တဲ့ အရာလား။ ဒါဆို တန်ဖိုးရှိတဲ့ အရာပဲ ဖြစ်ရမယ်"

လင်းဟွမ်က ရယ်မောလိုက်ပြီး

“သူ့အသိုက်ရဲ့ တည်နေရာ အတိအကျကို မင်းအတည်ပြုနိုင်လား"

"လွန်ခဲ့တဲ့ နှစ်ရက်က ငါ အတည်ပြုခဲ့ပြီးပြီ။ ငါတို့ခိုခဲ့ဖူးတဲ့ လှိုဏ်ဂူအပြင် ငါတို့ ပတ်ဝန်းကျင်မှာ လစ်လပ်နေတဲ့ ဂူတစ်ခု ထပ်ရှိသေးတယ်"

"ဒါဆို သူ့အသိုက်ထဲကနေ စောင့်ရအောင်"

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

မိနစ်အနည်းငယ် ကြာသောအခါ လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် ဂူအပြင်ဘက်တွင် ပေါ်လာသည်။

"ငါတို့ ဝင်မှာလား"

သွေးရဲရဲလေးက မေးလိုက်သည်။

“ဒီကိုရောက်ဖို့ နာရီဝက်ကျော် လောက်တော့ လိုလိမ့်မယ်။ ငါ့ရဲ့ မျှော့မျိုးစိတ်တွေကို အသုံးပြုပြီး အသိုက်ထဲမှာ ရှာကြည့်လိုက်မယ်"

"အဲလို လုပ်စရာ မလိုပါဘူး။ အပြင်ကပဲ စောင့်ရအောင်"

လင်းဟွမ်က ခေါင်းခါလိုက်သည်။ ထို့နောက် အနီးအနားရှိ တောအုပ်ထဲတွင် ပုန်းအောင်းကာ သူတို့၏ အော်ရာများကို ဖုံးကွယ်ထားလိုက်ကြသည်။

ငရဲချိန်နဲ့ ကလေးငယ်က သူ့၏ အသိုက်ထံ အမှန်တကယ် ပြန်လာနေသဖြင့် နာရီဝက်ခန့် ကြာသောအခါ အသိုက် အပြင်ဘက်တွင် ပေါ်လာသည်။ ခဏ မတ်ရပ်ပြီးနောက် ဂူထဲမဝင်ခင် လှည့်ပတ် ကြည့်လိုက်သည်။

ငရဲချိန့် ကလေးငယ် လှိုဏ်ဂူထဲ ဝင်သွားသည်နှင့် သွေးရဲရဲလေးက လှိုဏ်ဂူအတွင်းထဲမှ အခြေအနေကို ချက်ချင်း ထုတ်ဖော် ပြသလိုက်သည်။

ငရဲချိန့် ကလေးငယ်က လှိုဏ်ဂူအတွင်းပိုင်းထဲကို နက်ရှိုင်းစွာ တိုးဝင်သွားသည်။ နံရံအရှေ့ကို ရောက်သောအခါ အစိတ်အပိုင်း တစ်ခုကို ဖိချေလိုက်သည်။ ခဏအကြာ နံရံသည် ကွဲအက်ထဲကာ အနက်ရောင် အခိုးအငွေ့များ ပေါ်လာသည်။ ထို့နောက် အနက်ရောင် အက်ကွဲကြောင်းများသည် နံရံအနှံ့ ပေါက်ရောက်နေသော နွယ်ပင်များ ကဲ့သို့ မရေမတွက်နိုင်သော သေးငယ်သော

အက်ကွဲကြောင်းမှုများ ပေါ်လာပြီး ဖြည်းဖြည်းချင်း ကျယ်ပြန့်လာသည်။

ဂူနံရံထဲမှ ထွက်လာသော အနက်ရောင် အခိုးအငွေ့များသည် ငရဲချိန်ခ့ ကလေးငယ်၏ နှာခေါင်းနှင့် ပါးစပ်ထဲ ဝင်ရောက်သွားသည်။

# အခန်း(၆၃၇) - အင်ပါယာအဆင့်က တိုက်ခိုက်လာခြင်း။

"အဲဒါ ဘာလဲ"

လင်းဟွမ်သည် ဂူထဲမှ အဖြစ်အပျက်ကို ကြည့်ပြီးနောက် မျက်မှောင်ကြုတ်သွားသည်။ ထူးဆန်းလွန်းလှ၏။

"ငါ ထင်တာမမှားရင် အသူရာ မြူခိုးတွေပဲ ဖြစ်ရမယ်။ ဒါပေမယ့် ဘာဖြစ်လို့ ဒီနရံထဲက ထွက်လာလဲ မသိဘူး"

သွေးရဲရဲလေးက  မသဲမကွဲ ပြန်ဖြေလိုက်သည်။

ထိုအချိန်၌ နံရံတစ်လျှောက်တွင် ကြာပွတ်များကဲ့သို့ ရှည်လျားစွာ တည်ရှိနေသော အက်ကွဲကြောင်းများထဲမှ အနက်ရောင် မြူခိုးများ ထွက်လာပြီး သွေးရဲရဲလေး၏ မျှော်မျိုးစိတ်များထံ ဦးတည်ပြီး ရွေ့လျားလာသည်။

သွေးရဲရဲလေး ပြင်ဆင်ချိန် မရလိုက်ဘဲ အနက်မြူခိုးများက မျှော်မျိုးစိတ်များကို ဖုံးလွှမ်းသွားသည်။

ခဏအကြာ သွေးရဲရဲလေးက ထိတ်လန့်တကြား ထအော်ပြီးနောက် စောင့်ကြည့်ရေး မျက်နှာပြင် မှောင်ကျသွားသည်။

"သွေးရဲရဲလေး၊ ဘာဖြစ်တာလဲ"

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"အသူရာ မြူခိုးက မကောင်းဆိုးဝါး တစ်မျိုးပဲ။ သက်ရှိသတ္တဝါတိုင်းရဲ့ အော်ရာကို ဖမ်းစားနိုင်စွမ်း ရှိတယ်။ ငါ့ မျှော်မျိုးစိတ်တွေကို ထိတွေ့လိုက်တာနဲ့ ငါ့ခန္ဓာကိုယ်ကို ညစ်ညမ်းစေနိုင်တယ်..."

"မျှော်မျိုးစိတ်တွေကို အချိန်မီ ဖျက်ဆီးနိုင်ခဲ့တာ ကံကောင်းတယ်"

အသူရာမြူခိုးများသည် နတ်ဆိုး ဝိညာဉ်များကဲ့သို့ ခန္ဓာကိုယ်ကို ညစ်ညမ်းနိုင်စွမ်းရှိကြောင်း လင်းဟွမ် သိထားသည်။

လူသား အများစုနှင့် မိစ္ဆာ မဟုတ်သည့် လူများအတွက်မူ အသူရာမြို့ခိုးက ညစ်ညမ်းမှု၏ အရင်းအမြစ်ပင် ။ သို့သော်လည်း နတ်ဆိုးများနှင့် မိစ္ဆာများအတွက်မူ ဖြည့်စွက်အစာ များပင်။ အသူရာမြို့ခိုး ဆိုသည်မှာ အသူရာ ချောက်ကမ်းပါးထဲရှိ မွန်းစတား အများစုအတွက် ပြီးပြည့်စုံသော ဆေးတစ်ခွက် ဖြစ်သည်။

ထို့အချက်ကြောင့် ငရဲချိန်နဲ့ ကလေးငယ်က ဤနေရာကို ဖုံးကွယ်ထားရခြင်းပင် ။ အသူရာ မြို့ခိုးကို ထုတ်လွှတ်နေသော နံရံသည် အင်ပါယာအဆင့် ဒုက္ခနတ်ဆိုးမိခင်ကိုပင် ခြိမ်းခြောက်နိုင်စွမ်း ရှိနေသည်။

အသူရာ မြူခိုး၏ ညစ်ညမ်းမှု အစွမ်းတွင် အဆင့်များရှိသည်။

အဆင့် (၁) အသူရာ မြူခိုး၏ နတ်ဆိုး အကျိုးသက်ရောက်မှုမှာ ကိုယ်ခန္ဓာအတွင်း၌ ကံကြမ္မာစွမ်းအား မရှိသော သာမန်လူများ သို့မဟုတ် သတ္တဝါများ အပေါ်တွင်သာ အလုပ်ဖြစ်သည်။

အဆင့် (၂) အသူရာမြူခိုးက သာလွန်အဆင့်ထက် နိမ့်ကျသော လူသားတိုင်း သို့မဟုတ် မွန်းစတားတိုင်းကို ညစ်ညမ်းစေနိုင်သည်။

အဆင့် (၃) အသူရာ မြူခိုးက သာလွန်အဆင့် ထက်နိမ့်သော နတ်ဆိုးဖြစ်စဉ်ကို လျင်မြန်စွာ

အောင်မြင်စေ နိုင်ပြီး သန့်ရှင်းမီးလျှံအဆင့်နှင့် အင်မော်တယ်အဆင့်များ အပေါ်တွင်လည်း သက်ရောက်မှု ရှိ၏။

အဆင့် (၄) အသူရာမြူခိုးကမူ အင်ပါယာအဆင့်များကိုပင် ဖြည်းဖြည်းချင်း ညစ်ညမ်းစေနိုင်သည်။

အဆင့် (၅) အသူရာ မြူခိုးဆိုပါက နတ်ဘုရားတစ်ပိုင်းများပင် ရှောင်ရှားတတ်ကြသည်။

လင်းဟွမ် နှင့် သွေးရဲရဲလေးတို့သည် ကိုယ်ပိုင်အသိစိတ်ရှိသော အသူရာ မြူခိုးအကြောင်းကို တစ်ခါမျှ မကြားခဲ့ဖူးပေ။ အသူရာမြူခိုးက သွေးရဲရဲလေး၏

မျှော့မျိုးစိတ်များကို တိုက်ခိုက်လာခဲ့သည့် မြင်ကွင်းကြောင့် သူတို့နှစ်ဦးလုံး တုန်လှုပ်သွားကြသည်။

"မင်းက အင်မော်တယ်အဆင့် ဖြစ်နေပြီ။ ဒါတောင် မင်းရဲ့ မျှော့မျိုးစိတ်တွေကနေ တစ်ဆင့် မင်းအပေါ် သက်ရောက်မှု ရှိတာကြောင့်၊ နံရံကနေ စိမ့်ထွက်လာတဲ့ အသူရာမြူခိုးက အနည်းဆုံး အဆင့် (၄) မှာ ရှိရမယ်။ ဒါက အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာမှာ ရှိမနေသင့်ဘူးလေ။"

လင်းဟွမ်က လေးလံသော အမူအရာနှင့် သုံးသပ်လိုက်သည်။

"စောင့်ကြည့်ရေး မျက်နှာပြင် ပျက်စီးသွားပြီ။ ခပ်လှမ်းလှမ်း စောင့်ကြည့်ဖို့အတွက် မျှော့မျိုးစိတ်တွေ ထပ်ထုတ်ရမလား"

သွေးရဲရဲလေးက အဆိုပြုလိုက်သည်။

"အဲလို လုပ်စရာမလိုဘူး။ ဒီကပဲ စောင့်ရအောင်"

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"အသူရာမြူခိုး ရှူဖို့ ဒီကို လာတယ်ဆိုတော့ ရှူပြီးတာနဲ့ အသိုက်ထဲက သေချာပေါက် ပြန်ထွက်လာမှာပဲ။ အဲဒါကျမှ သူ့ကို သတ်ကြမယ်။"

သွေးရဲရဲလေးက ပြန် မချေပချေ။ မျှော်မျိုးစိတ်များမှ တဆင့် ဝင်ရောက်လာသော နတ်ဆိုး စွမ်းအားကြောင့် ပြင်းထန်သော အကြောက်တရားကို ခံစားနေရသည်။

လင်းဟွမ်အတွက် အသိုက်ထဲမှ အခြေအနေကို စောင့်ကြည့်ရန် မလိုအပ်ရသည့် အကြောင်းအရင်းမှာ သူ၏ နယ်မြေ ပိုက်နက်အသိဖြင့် ဂူအတွင်းမှ အခြေအနေကို အကြမ်းဖျင်း စုံစမ်းနိုင်သောကြောင့်ပင် ။ ညဘက်ကြည့် မှန်ပြောင်းကဲ့သို့ မြင်ရသော အနီအောက် ရောင်ခြည် ပုံသဏ္ဍာန် ရှိသော်လည်း ဂူထဲမှ အဖြစ်အပျက်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်သေးသည်။

ထို့ကြောင့် ငရဲချိန်နဲ့ ကလေးငယ် ထွက်ပြေးသွားမည်ကို စိတ်မပူချေ။

ဂူအပြင်ဘက်တွင် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။ လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် အသူရာမြူခိုး ရှူရှိုက်နေသော ငရဲချိန်နဲ့ ကလေးငယ်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေကြသည်။

နှစ်နာရီ ခန့်ကြာသောအခါ လင်းဟွမ်သည် သူ၏ နယ်မြေပိုင်နက်အသိစိတ် စွမ်းရည်ကြောင့် ငရဲချိန်နဲ့ ကလေးငယ်က အသူရာမြူခိုးများ ရှူရှိုက်နေခြင်းမှ ရပ်တန့်သွားကြောင်း သိလိုက်သည်။ သူ့ခန္ဓာကိုယ်

အတွင်းရှိ အသူရာမြူခိုးများကို ချေဖျက်ရန် နောက်ထပ် နာရီဝက် အချိန်ယူခဲ့သည်။

ထို့နောက် ငရဲချိန်နဲ့ ကလေးငယ်က နံရံကို ထပ်ပြီး ဖိလိုက်သည်။ ထို့နောက် စိတ်စွမ်းအင်ကို ထိန်းချုပ်၍ ပတ်ဝန်းကျင်ရှိ ကျောက်တုံးများကို နံရံအလွှာတစ်ခု ဖြစ်အောင် လျင်မြန်စွာ ပြောင်းလဲလိုက်သည်။ နံရံပေါ်ရှိ အက်ကြောင်းများ လုံးဝ ပိတ်ဆို့သွားကာ မူလအခြေအနေ ပြန်လည် ရောက်ရှိသွားသည်။ ထိုအရာ အားလုံးလုပ်ပြီးနောက် ဂူထဲမှ ပြန်ထွက်လာသည်။

လှိုဏ်ဂူထဲမှ အပြင် ထွက်လိုက်သည်နှင့် လင်းဟွမ်က သူ့ရှေ့တွင် လျှပ်တပြက် ပေါ်လာသည်။

လင်းဟွမ်သည် မည်သည့် ညာတာထောက်ထားမှုမျှ မပြဘဲ ပထမဆုံး တိုက်ခိုက်ချက်၌ မိုးကြိုးအာဏာကို တိုက်ရိုက် ထုတ်သုံးလိုက်သည်။

အနက်ရောင်ဓါးသည် ခရမ်းရောင် လျှပ်စီးကြောင်း အဖြစ် ပြောင်းလဲကာ ချိန်နဲ့ ကလေးငယ်ထံ တိုးဝင်သွားခဲ့သည်။

ငရဲချိန်နဲ့ ကလေးငယ်၏ မျက်လုံးထဲတွင် ဒေါသ အရိပ်အယောင်များ တဖျပ်ဖျပ် တောက်လောင် လာသော်လည်း တိုက်ခိုက်မှုကို အချိန်မီ မရှောင်နိုင်တော့ချေ။ ထို့ကြောင့် သူ့ ရှေ့တွင်

စိတ်စွမ်းအားနှင့် ကြည်လင်၍ ထွင်းဖောက်မြင်ရသော အကာအရံ တစ်ခုကို ချက်ချင်း ဖွဲ့စည်းလိုက်သည်။

ခရမ်းရောင် လျှပ်စီးကြောင်းသည် ဒိုင်း ဖွဲ့စည်းပြီးသည်နှင့် တပြိုင်နက် ထိမှန်သွားခဲ့သည်။

ကြည်လင်၍ ထွင်းဖောက်မြင်နေရသော ဒိုင်းသည် ချက်ချင်း ကွဲအက်သွားပြီး ခရမ်းရောင်ဓါးက အတားအဆီးမရှိဘဲ ငရဲချိန်နဲ့ ကလေးငယ်၏ ခန္ဓာကိုယ်ထဲ ထိုးဖောက် ဝင်ရောက်သွားသည်။

ခန္ဓာကိုယ် တစ်စစီ ပြိုကျ ပျက်စီးလာသည်ကို မြင်လျှင် ငရဲချိန်နဲ့ ကလေးငယ် ထိတ်လန့်သွားသည်။ ဂူထဲတွင် အသူရာမြူခိုး ရှိနေသောကြောင့် အချိန်သာ

အလုံအလောက်ရပါက မကြာခင် အသူရာ ချောက်ကမ်းပါးထဲ၌ ဆရာကြီး တစ်ပါး ဖြစ်လာလိမ့်မည်ဟု ထင်ခဲ့မိသည်။ သို့သော်လည်း ယခုမူ သူရှာဖွေတွေ့ရှိခဲ့သည့် ရတနာကို ခံစားခွင့် မရသေးဘဲ သေဆုံးရတော့မည်ဟု မည်သည့် အချိန်ကမျှ မထင်ထားခဲ့ပေ။

ငရဲချိန်နဲ့ ကလေးငယ်သည် အလစ်ချောင်း တိုက်ခိုက်ခံရပြီး စက္ကန့်ပိုင်းလေး အတွင်းမှာပင် သေဆုံးသွားခဲ့သည်။

လင်းဟွမ်သည် တိုက်ပွဲက ဤမျှ လွယ်ကူလိမ့်မည်ဟု စိတ်ကူးထဲ၌ လုံး၀ မထင်ထားခဲ့ပေ။

ပထမတစ်ကြိမ် တိုက်ခိုက်မှု မအောင်မြင်ပါက ပိုင်နှင့်အခြားသူများကို ဆင့်ခေါ်ပြီး တတ်နိုင်သမျှ မြန်မြန် ကိစ္စဖြတ်နိုင်ရန် အတူတူ တိုက်ခိုက်မည်ဟု အစောပိုင်းက တွေးထားခဲ့သည်။

ငရဲချိန်နဲ့ ကလေးငယ် သေဆုံးသွားသည်ကို မြင်လျှင် အချိန်မဆွဲတော့ဘဲ သိုလှောင်လက်စွပ်ထဲ ချက်ချင်း သိမ်းဆည်းလိုက်သည်။

ထို့နောက် နောက်လှည့်၍ နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်လိုက်ပြီး အထဲဝင်ရန် လုပ်နေစဉ် သူ့ထံ အမျိုးသမီးတစ်ယောက် ချဉ်းကပ်လာသည်ကို တွေ့လိုက်ရသည်။

လင်းဟွမ်သည် ထိုအမျိုးသမီးကို တစ်ချက် လှမ်းကြည့်လိုက်သည်။ အစတုန်းကမူ သူမကို လျစ်လျူရှုပြီး ထွက်သွားရန် စိတ်ကူးထားခဲ့သော်လည်း သူမမှာ လွန်ခဲ့သော ရက်အနည်းငယ်က ကော်ဖီဆိုင်တွင် သူနှင့် ပရောပရီ လုပ်ခဲ့သူ ဖြစ်နေကြောင်း သိလိုက်ရသည်။ ထို့ကြောင့် ခြေလှမ်းကို ချက်ခြင်း ရပ်တန့်လိုက်ပြီး

"မင်းလား"

ယောင်လန်းက သူ့ကို ကောင်းကောင်း မှတ်မိနေပြီး သူ့ရှေ့ကို ဆင်းသက်လာကာ

"မင်း ဘာလို့ ဒီရောက်နေတာလဲ"

"ရှင်းပြဖို့ အချိန်မရှိဘူး၊ သွားရအောင်"

လင်းဟွမ်က ယောင်လန်း၏ လက်ကောက်ဝတ်ကို ရုတ်တရက် ဆုပ်ကိုင်လိုက်သည်။

"မင်း... ဘာလုပ်တာလဲ"

ယောင်လန်းက ရှန်းကန်လိုက်စဉ် ကောင်းကင်ကြီး ရုတ်တရက် မှောင်သွားကြောင်း ခံစားလိုက်ရသည်။

"မသေချင်ရင် ငါ့နောက်လိုက်ခဲ့"

လင်းဟွမ်က ယောင်လန်းကို ခါတ်ကြွင်းထဲ ချက်ချင်း ဆွဲသွင်းလိုက်သည်။

ထိုအချိန်တွင် တိမ်မည်းများက ကောင်းကင်ပေါ်တွင် နတ်ဆိုး မျက်နှာတစ်ခုအသွင် ဖွဲ့စည်းသွားခဲ့ပြီ။

မိုးခြိမ်းသံများလည်း တဟုန်ထိုး ထွက်ပေါ်လာသည်။

"ကြွက်စုတ်မ.... ငါ့ကလေးကို သတ်ပြီးတော့ လွတ်အောင် ထွက်ပြေးနိုင်မယ် ထင်နေတာလား”

"ဟာ.... အင်ပါယာ အဆင့်လား."

ယောင်လန်း ထိတ်လန့်သွားသည်။

အသံကြားရသည့် အချိန်မှာပင် နေရာကူးပြောင်းခြင်း ခေတ်ကြွင်းက ပိတ်ကျသွားသည်။ ထို့နောက်

လင်းဟွမ်တို့နှစ်ယောက်သည် မူလနေရာမှ ပျောက်ကွယ်သွားခဲ့ပြီ။

ပျောက်ကွယ်သွားပြီး နောက်ထပ် တစ်စက္ကန့်၌ ထိုနေရာနှင့် မနီးမဝေးတွင် အပြာရောင်လှိုင်းတွန့်များ ပေါ်လာသည်။ ထိုလှိုင်းတွန့်များထဲမှ ကလေး တစ်ယောက် ပိုက်ထားသော အမျိုးသမီးတစ်ဦး ထွက်ပေါ်လာသည်။

"လူယုတ်မာတွေ။ ငါ မင်းတို့ကို ဒီနေ့ ရအောင်သတ်မယ်"

ထိုအမျိုးသမီးက အော်ဟစ်ရင်း သူမလက်ကို ဝှေ့ယမ်းလိုက်ရာ ကောင်းကင်ပေါ်တွင် အပြာရောင်

လှိုင်းဂယက်များ နောက်တစ်ကြိမ် ဖြစ်ပေါ်လာသည်။ ထို့နောက် ထိုအထဲ ဝင်သွားသည်။

နေရာကူးပြောင်းခြင်း ခါတ်ကွင်းထဲမှ ထွက်ပေါ်လာသော လင်းဟွမ်နှင့် ယောင်လန်းတို့သည် အသူရာ ချောက်ကမ်းပါး၊ ဒုတိယအလွှာ ဝင်ပေါက်တွင် ပေါ်လာသည်။

"သွားကြရအောင်"

လင်းဟွမ်က နေရာကူးပြောင်းခြင်း ခါတ်ကွင်းကို ချက်ချင်း သိမ်းဆည်းလိုက်သည်။ ထို့နောက် ယောင်လန်း၏ လက်ကောက်ဝတ်ကို နောက်တစ်ကြိမ် ဖမ်းဆွဲပြီး ထွက်ပေါက်သို့ ဆွဲခေါ်သွားသည်။

"ငါ့လက်ကို လွှတ်"

ယောင်လန်းက လင်းဟွမ်ကို ဒေါသတကြီး တွန်းထုတ်လိုက်သည်။

"အင်ပါယာအဆင့် မွန်းစတားက မင်းနောက် လိုက်နေတာ ဘာဖြစ်လို့ ငါ့ကို အတူ ဆွဲခေါ်ရတာလဲ။ ငါ့ကို သေစေချင်လို့လား” "

"ငါသာ မခေါ်ခဲ့ဘူးဆိုရင် အခုချိန် မင်း သေနေပြီ"

လင်းဟွမ်က ခပ်ရှင်းရှင်း ပြန်ဖြေလိုက်သည်။

ထို့နောက် ယောင်လန်းသည် ဒါက အင်ပါယာအဆင့် မွန်းစတား တစ်ကောင်ဖြစ်ကြောင်း ပြန်သတိရသွားသည်။

အကယ်၍ လင်းဟွမ်ကသာ သူမကို ဆွဲမခေါ်ခဲ့လျှင် သူမက ထိုမွန်းစတား၏ ဒေါသဖြေဖျောက်စရာ ပစ်မှတ်ဖြစ်လာမှာ အသေအချာပင်။

ထိုအချိန်တွင် လင်းဟွမ်သည် အပြာရောင်လှိုင်းဂယက်များ လျင်မြန်စွာ ဖြစ်ပေါ်လာနေသည်ကို တွေ့လိုက်ရသည်။ ထို့နောက် ယောင်လန်း၏ လက်ကောက်ဝတ်ကို ချက်ချင်း ဖမ်းဆွဲပြီး သူမ မတုံ့ပြန်နိုင်ခင် ထွက်ပေါက်ထဲ ဆွဲခေါ်သွားသည်။

## အခန်း(၆၃၈) - တစ်မိသားစုတည်းက မွေးဖွားလာခြင်း။

လင်းဟွမ်သည် ထွက်ပေါက်ထဲမှ အမြန် ပြေးထွက်လာပြီးနောက် အနည်းငယ် စိတ်အေး သွားခဲ့သည်။ အင်ပါယာအဆင့်သည် ပထမအလွှာကို ပို့ဆောင်ပေးနိုင်သည့် အက်ကွဲကြောင်းထဲ မဝင်ရောက် နိုင်ပေ။ ဒါသည် အသူရာချောက်ကမ်းပါး ပထမအလွှာတွင် အင်ပါယာအဆင့် မွန်းစတားများ မရှိရသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

အမှန်တကယ်ဆို ပထမအလွှာဆီ ဝင်ပေါက်ဖြစ်စေ၊ ထွက်ပေါက်ဖြစ်စေ အင်ပါယာအဆင့်တိုင်း၏ ကျူးကျော်ဝင်ရောက်ခြင်းကို တားမြစ်ထားပြီး ထူးခြားသောစွမ်းအားတစ်မျိုးနှင့် ကန့်သတ် ထားသည်။ အတုယောင်နတ်ဘုရား ပင် ဤစည်းကမ်းကို မချိုးဖောက်နိုင်ချေ။

အင်ပါယာအဆင့် မွန်းစတားများအပြင် အင်ပါယာအဆင့် လူသားများကိုပါ အသူရာချောက်ကမ်းပါး၏ ပထမအလွှာထဲ ဝင်ရောက်ခွင့်မပြုပေ။ အခြားနေရာမှ တစ်ဆင့် အသူရာ

ချောက်ကမ်းပါး၏ ဒုတိယ သို့မဟုတ် တတိယအလွှာကိုသာ ဝင်ရောက်နိုင်သည်။

"မင်း ဘာ.... လုပ်တာလဲ။ ငါ့တာဝန် မပြီးသေးဘူး။ အသူရာ ချောက်ကမ်းပါးထဲက အခု ပြန်မထွက်နိုင်သေးဘူး.."

အသူရာ ချောက်ကမ်းပါး၏ ပထမအလွှာထဲ ဆွဲခေါ်ခြင်း ခံလိုက်ရသဖြင့် ယောင်လန်းက ရုန်းကန်နေပြန်သည်။

"အဲ့ဒီ သောက် တာဝန်ကို မေ့ထားလိုက်ဟော့။ အင်ပါယာအဆင့် မွန်းစတားက မင်း နောက်လိုက်နေပြီ.. ဘာလဲ ပြန်ပြီး သေပန်းပွင့်ချင်တာလား"

လင်းဟွမ်က ကျိန်ဆဲလိုက်သည်။

ယောင်လန်း ချက်ချင်း ငြိမ်ကျသွားသည်။

ခဏအကြာ လင်းဟွမ်သည် သူ့စကားက ကြမ်းတမ်းရိုင်းစိုင်းခဲ့ကြောင်း သတိရသွားသည်။ ထို့နောက် သူ့ကိုယ်သူ စိတ်တည်ငြိမ်အောင် ပြန်ထိန်းပြီး ပြောလိုက်သည်။

"ဒီတာဝန်ကို စွန့်လွှတ်လိုက်ပါ။ ငါတို့ရဲ့တည်ရှိမှုကို အင်ပါယာအဆင့် မွန်းစတားက ပစ်မှတ်ထားနေပြီ။ မင်းသာ အသူရာချောက်ကမ်းပါး ဒုတိယအလွှာကို ပြန်သွားရင် မင်းရဲ့အော်ရာကို ဖမ်းမိသွားလိမ့်မယ်။

နောက်ပြီးတော့ အဲ့ဒီ မွန်းစတားမှာ ဟင်းလင်းပြင် ခုန်ကူးနိုင်တဲ့ စွမ်းရည်လည်း ရှိတယ်..”

“ဘာဖြစ်လို့ ငါ့ကို ကယ်တာလဲ..”

ယောင်လန်းသည် အချိန်တစ်ခု ကြာအောင် တိတ်ဆိတ် နေခဲ့ပြီးနောက် ရုတ်တရက် ထမေးလိုက်သည်။

“ဘာ အကြောင်းပြချက်မှ မရှိဘူး.. ဒီတိုင်း ရိုးရိုးလေးပဲ ကယ်ခဲ့တာ”

လင်းဟွမ်သည် ခဏမျှ စဉ်းစားပြီးနောက် ပြောလိုက်သည်။ ထိုစဉ်က အများကြီး မတွေးခဲ့ပေ။ ဒုက္ခနတ်ဆိုး မိခင်က သူ့နောက် လိုက်လာသည်ကို

မြင်လျှင် သူမကို နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲ ဆွဲခေါ်ပြီး ထွက်ပြေးလာခြင်းသာ.....။

ဘာရယ်၊ ညာရယ် တွေးချိန်မရခဲ့ချေ။

လင်းဟွမ်၏ အဖြေမှာ ယောင်လန်း၏ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။ ထိုကဲ့သို့ အနေရခက်နေစဉ် မြေကြီးထဲမှ ပုံရိပ်တစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။ ထိတ်လန့်စရာ ကောင်းသည်မှာ ဒုက္ခနတ်ဆိုး မိခင်ပင်။

“စောက်လူသားတွေ.. မင်းတို့ကောင်တွေက အလွှာ ပြောင်းသွားတာနဲ့ မင်းတို့နောက် မလိုက်နိုင်တော့ဘူးလို့ ထင်နေတာလား..”

ဒုက္ခနတ်ဆိုးမိခင်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် သူတို့ နှစ်ယောက်ရှေ့တွင် ရုတ်တရက် ပေါ်လာသည်။

"အင်ပါယာအဆင့်တွေ ဝင်ခွင့် မပေးထားဘူး မဟုတ်လား.."

ဒုက္ခနတ်ဆိုး မိခင်က သူတို့ရှေ့တွင် ရုတ်တရက်ပေါ်လာသဖြင့် ယောင်လန်း ထိတ်လန့်သွားသည်။

"ဒါက ကိုယ်ပွားတစ်ခုပဲ။ အင်မော်တယ် အဆင့် (၉) ပဲ ရှိတယ်"

လင်းဟွမ်သည် ရုတ်တရက် ပေါ်လာသော ဒုက္ခနတ်ဆိုး မိခင်ကို မြင်လိုက်လျှင် ထိတ်လန့်သွားသည်။ သို့သော်လည်း တိုက်ခိုက်ရေးအဆင့်က တစ်ခုခု လွဲနေကြောင်း ရုတ်တရက် သတိထားလိုက်မိသည်။

"မင်းက တော်တော်လေး ပါးနပ်တဲ့ကောင်ပဲ။ မင်းတို့နောက်ကို ငါကိုယ်တိုင် မလိုက်နိုင်ဘူး။ ဒါပေမယ့် ငါ့ကိုယ်ပွားက အင်မော်တယ်အဆင့် (၉) ဆိုတော့ မင်းတို့နှစ်ယောက်ကို သတ်ဖို့ လုံလောက်တယ်"

ဒုက္ခနတ်ဆိုး မိခင်က သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားစွာ အော်ဟစ်လိုက်သည်။ ထို့နောက် လင်းဟွမ်အနားကို ချဉ်းကပ်လာပြီး သေသွားသော သူ့သားလေးအတွက်

လင်းဟွမ်၏ ဦးခေါင်းနှင့် ဂုဏ်ပြုရန် စိတ်ကူးလိုက်သည်။

"အင်မော်တယ် အဆင့် (၉) လား .."

ယောင်လန်း နှုတ်ခမ်းကိုက်လိုက်သည်။ သူမက အင်မော်တယ်အဆင့် (၃) သာ ရှိသေးသည်။ ပါရမီရှင် တစ်ယောက် ဖြစ်သော်လည်း အများဆုံးမှ အင်မော်တယ်အဆင့် (၈) ကိုသာ အနိုင်ယူနိုင်သည်။ အင်မော်တယ် အဆင့် (၉) ကိုမူ တိုက်ခိုက်ရုံသာ တိုက်ခိုက်နိုင်သည်။

ထို့အပြင် သူတို့ရှေ့တွင် ရုတ်တရက် ထွက်ပေါ်လာသည့် မွန်းစတားမှာ သန္ဓေသုံးကြိမ်ပြောင်း

မွန်းစတား ဖြစ်ပုံရသည်။ မူလ ခန္ဓာကိုယ်မှာ အင်ပါယာအဆင့်တွင် ရှိနေသောကြောင့် တိုက်ပွဲထဲတွင် အနိုင်ရနိုင်ရန် အခွင့်အရေး နည်းပါးလှ၏။

"လင်းရှီ.. အရင် ထွက်သွား။ ငါ ခဏလောက် တောင့်ခံထားမယ်"

ယောင်လန်းသည် ခေတ္တမျှ တုံ့ဆိုင်းသွားသော်လည်း နောက်ဆုံးတွင် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု ချမှတ်လိုက်သည်။ လင်းဟွမ်ကို ကြိုက်နေသောကြောင့် မဟုတ်ပေ။ ထိုအစား သူ့အသက်ကို နှစ်ကြိမ် ကယ်တင်ခဲ့၍ အမှန်တကယ် ကျေးဇူးတင်နေသောကြောင့်ပင် ။ အကယ်၍ သူမသာ ကျေးဇူး

ပြန်မဆပ်ခဲ့လျှင် လင်းရှီက ဤနေရာတွင် အမှန်တကယ် သေဆုံးရတော့မည်။

သူမက မွန်းစတားကို အနိုင်ယူနိုင်စွမ်း မရှိသော်လည်း အချိန်တစ်ခုတော့ ဆွဲထားနိုင်သည်။ သူမအသက်ကို ကာကွယ်နိုင်မည့် အရည်အချင်း ရှိနေသည့်အပြင် မွန်းစတားကို တိုက်ခိုက်၍ မနိုင်ပါက ထွက်ပြေး လွတ်မြောက် နိုင်သေးသည်။

"မင်း ဒီလောက် စိတ်ရင်းကောင်းမယ်လို့ ငါ မထင်ထားခဲ့ဘူး.."

လင်းဟွမ်က ယောင်လန်း၏စကားကို နားထောင်ရင်း ပြုံးလိုက်မိသည်။

"ရပါတယ်။ ဒါက အင်မော်တယ်အဆင့် (၉) ကိုယ်ပွားလေးတစ်ခုပဲ။ ငါတို့ကို သတ်နိုင်ဖို့ ဆိုတာ အဝေးကြီး.."

"ပေါက်ကရပြောတာတွေ ရပ်လိုက်တော့။ အခုထွက်သွား..... ငါ့ကိုယ်ငါပဲ ကာကွယ်နိုင်မှာ.."

ယောင်လန်းက မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။ လင်းဟွမ်က သူ၏မာနကြောင့် ပြောခဲ့ခြင်း ဖြစ်လိမ့်မည်ဟု တွေးလိုက်သည်။

"မင်း မီးရှူးမီးပန်း ကြိုက်လား"

လင်းဟွမ်က ဘာမှမဆိုင်သော စကားကို မေးလိုက်သည်။

သို့သော်လည်း ယောင်လန်းက ထိုမေးခွန်းကို ပြန်မဖြေခဲ့ပေ။ ထိုအစား လင်းဟွမ်ကို အရူးတစ်ယောက်ကဲ့သို့ သဘောထားပြီး လှမ်းကြည့်နေသည်။

"ထားလိုက်တော့..။ ဒီအပိုင်း ကျော်လိုက်တော့"

လင်းဟွမ်က နှာခေါင်းကို ပွတ်ရင်း သိုလှောင်လက်စွပ်ထဲမှ နတ်ဘုရားသတ် အမြောက်တစ်လက် ထုတ်ယူကာ ပခုံးပေါ်တင်လိုက်သည်။

နတ်ဘုရားသတ် အမြောက်ကို မြင်လိုက်လျှင် ယောင်လန်း အံ့အောသင့်နေသည်။ ထို့နောက် အချက်တစ်ချက်ကို ချက်ခြင်း သိလိုက်ပြီး လင်းဟွမ်တွင်

ဘာကြောင့် အကြောက်အလန့် မရှိရလဲဆိုသည်ကို နားလည်သွား၏။

ဒုက္ခနတ်ဆိုး မိခင်သည် အသူရာ ချောက်ကမ်းပါးထဲတွင် တစ်ချိန်လုံး နေထိုင်ခဲ့ပြီး နှစ်ပေါင်းများစွာ အသက် ရှင်ခဲ့သော်လည်း နတ်ဘုရားသတ် အမြောက်ကို တစ်ခါမျှ မတွေ့ဖူးပေ။ လင်းဟွမ်က ထူးဆန်းသည့် လက်နက်တစ်ခု ထုတ်ယူလိုက်သည်ဟု ထင်ပြီး ..

"နတ်ဘုရားတစ်ပိုင်း အဆင့် ဓါတ်ကြွင်း အသုံးပြုရင်တော့ အသုံးမဝင်ဘူး.. ငါ့အတွက်တော့ အယားပြေ ကုတ်နေသလောက်ပဲ ရှိတယ်.."

"ကဲ.. ဒါဆိုလည်း ဘာဖြစ်မလဲ စောင့်ကြည့်ရအောင်။ အင်မော်တယ် အဆင့် (၉) လေးပဲရှိတဲ့ မင်းရဲ့ ကိုယ်ပွားမပြောနဲ့။ မင်းရဲ့ ခန္ဓာကိုယ်အစစ်အမှန် ဒီမှာရှိနေရင်တောင် အသက်ရှင်မှာ မဟုတ်ဘူး.."

လင်းဟွမ်က နတ်ဘုရားသတ်ဖြတ်သူ အမြှောက်နှင့် ချိန်ရွယ်ပြီး စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

နောက်ထပ် အခိုက်အတန့်၌ ကျယ်လောင်သော ပေါက်ကွဲသံကြီးနှင့်အတူ ရွှေရောင် အလင်းတန်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

ဒုက္ခနတ်ဆိုးမိခင်သည် အချိန်မီ ရှောင်တိမ်းနိုင်ခြင်း မရှိဘဲ ကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။ သိပ်မကြာခင်

တောက်ပသော အလင်းရောင်များ မှိန်ဖျော့သွားသလို ဒုက္ခနတ်ဆိုး မိခင်၏ ကိုယ်ပွားလည်း ပျောက်ကွယ်သွားခဲ့ပြီ။

ဒုတိယအလှာ ဝင်ပေါက်...

ဒုက္ခနတ်ဆိုး မိခင်၏ ခန္ဓာကိုယ် အစစ်အမှန်သည် သွေးအတောင့်လိုက် အန်ထွက်ပြီး အပေါ်မှ ထွက်ပေါက်ကို ဒေါသတကြီး စိုက်ကြည့်ကာ အော်ဟစ်လိုက်သည်။

“လူသား.. ငါမင်းကို မှတ်ထားမယ်....”

လင်းဟွမ်သည် နတ်ဆိုးသတ် အမြှောက်ကို ပြန်သိမ်းပြီးနောက် ယောင်လန်းနှင့်အတူ အသူရာ ချောက်ကမ်းပါး ပထမအလွှာကို ရောက်ရှိသွားသည်။

"ငါ့မှာ လုပ်စရာ ရှိသေးတယ်။ ငါ့ဘာသာငါ တစ်ယောက်တည်းပဲ သွားမယ်.."

လင်းဟွမ်သည် ငရဲချိန်နဲ့ ကလေးငယ်၏ ခန္ဓာကိုယ်တွင်းမှ ကံကြမ္မာမီးစာမှာ တစ်နာရီသာ ခံသောကြောင့် အမြန်ဆုံး ထုတ်ယူချင်နေသည်။

"မင်း ငါ့ကို မုန်းနေတာလား.."

ယောင်လန်းသည် လင်းဟွမ်က သူမကို ရှောင်ဖယ်ဖို့ ကြိုးစားနေကြောင်း ခံစားလိုက်မိသည်။

"မမုန်းပါဘူး။ မင်းကို တွေ့တာလည်း နှစ်ခါပဲ ရှိသေးတယ်.. မင်း အကြောင်းလည်း မသိဘူး.. ဘာဖြစ်လို့ မုန်းရမှာလဲ.."

လင်းဟွမ်က ခေါင်းခါလိုက်သည်။

"မင်းရဲ့တိုက်ခိုက်ရေး အဆင့်ကို ကောင်းကောင်း ဖုံးကွယ်ထားတာပဲ.."

"မင်း ငါ့ကိုလှည့်စားပြီး ချဉ်းကပ်လာတာ ဘာ ရည်ရွယ်ချက် ရှိလို့လဲတော့ ငါ မသိဘူး.. ဒါပေမယ့် စိတ်လည်း မဝင်စားဘူး။ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က ဘယ်လောက်ပဲရှိရှိ ကျေးဇူးပြုပြီး ပြဿနာ ထပ်မရှာပါနဲ့.. ဒီလိုမှ မဟုတ်ရင် မင်း နောင်တရလိမ့်မယ်.."

“ငါ့နာမည်က ယောင်လန်း၊ ယောင်ဟွမ်ဟွမ်ရဲ့ အစ်မ..”

ယောင်လန်းသည် လင်းဟွမ်၏စကားကြောင့် သူမ ရိုးသားမှ ရမည့်အကြောင်းကို သိလိုက်သည်။

“မင်း ငါ့ကိုရှာနေတာက တာဝန် တစ်ခုကြောင့်လား..”

“ငါ. အသူရာ ချောက်ကမ်းပါးထဲ အရင်ထဲက သွားရမှာ မင်းက ငါ့ညီမနဲ့ ချိန်းတွေ့နေတယ်ဆိုတဲ့ သတင်းကို ငါ တွေ့လိုက်ရလို့ ခုမှ လာဖြစ်တာ..”

“မဆန်းတော့ပါဘူး..”

လင်းဟွမ်သည် ယောင်လန်းနှင့် ယောင်ဟွမ်ဟွမ်တို့က ရုပ်ချင်းတူနေသည့် အချက်ကို သတိထားမိသည်။ သို့သော်လည်း ယခင်က စိတ်ထဲမထားခဲ့ပေ။ ထို့နောက် သူက

"အထင်မလွဲနဲ့.. ငါတို့က အတူတူ ထမင်းစားရုံပဲ ရှိတယ်။ ချိန်းတွေ့တာလည်း မဟုတ်ဘူး။ မင်းညီမကို လုယူသွားဖို့လည်း စိတ်ကူးမရှိဘူး"

"မင်းစကားကြောင့် ဟွမ်ဟွမ်တော့ စိတ်မကောင်း ဖြစ်တော့မှာပဲ။ သူမ ဝမ်းနည်းသွားမှာ မစိုးရိမ်ဘူးလား.."

ယောင်လန်းက အပြုံးကလေးနှင့် မေးလိုက်သည်။

“မင်းညီမနဲ့ ငါ့ကြားမှာ တစ်ခုခု ဖြစ်နေတယ်လို့ ပြောချင်တာလား..”

လင်းဟွမ်က မေးလိုက်သည်။

“ငရဲ သွားလိုက်လေ..”

ယောင်လန်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။

“အလာပသလာပ စကားတွေ ရပ်လိုက်တော့။ ငါ့မှာ အရေးတကြီး လုပ်စရာ ရှိသေးတယ်..”

လင်းဟွမ် လှည့်ထွက်သွားသည်။

“ငါ့လို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်နဲ့ စကားပြောရတာထက် ဘယ်ကိစ္စက ပို အရေးကြီးလို့လဲ..”

ယောင်လန်းက သူ့ကို စိုက်ကြည့်ပြီး မေးလိုက်သည်။

'လှတာ ဘာသုံးစားလို့ရလဲ။ ကြည့်လို့ပဲ ရတာ။ ဟိုဟာလည်း လုပ်လို့ မရဘူး..'

လင်းဟွမ်စိတ်ထဲမှ တွေးလိုက်သော်လည်း ပါးစပ်ကမူ

"ဒီမှာ .. ငါက မီးစာထုတ်ဖို့ နေရာရှာနေတာ။ ငါ့မှာ အချိန် သိပ်မကျန်တော့ဘူး.."

"ကောင်းပြီ.."

ယောင်လန်းသည် လင်းဟွမ်က ဘာကြောင့် ဤမျှ အလျင်လိုနေရလဲ ဆိုသည်ကို နားလည်သွားသည်။

"မင်း လုပ်စရာ ရှိတာလုပ်။ ငါ စောင့်ပေးမယ်"

"ဘာမှ စောင့်စရာ မလိုဘူး။ တစ်နေရာမှာ သွားပျော်လိုက်စမ်းပါ.."

လင်းဟွမ်က ငြင်းလိုက်သည်။

"ဒါ ဘာ ပြောချင်တာလဲ.."

"အင်မော်တယ်အဆင့် (၃) အထွတ်အထိပ် ပါရမီရှင်တစ်ယောက် မင်းကို ကာကွယ်ပေးတာ မင်းက မလိုချင်တာလား.."

ယောင်လန်းက လင်းဟွမ်ကို မျက်စောင်းထိုးပြီး ပြောလိုက်သည်။

"မီးစာ ထုတ်ယူနေတဲ့အချိန်မှာ မင်းငါ့ကို တိုက်ခိုက်လာမှာ ငါ ကြောက်တယ်.."

လင်းဟွမ်က အမှန်အတိုင်း ပြောလိုက်သည်။

"မင်းက ကြက်သွေးရောင်မီးလျှံ အဆင့်လေးပဲ။ မင်းကိုတိုက်ခိုက်ဖို့အတွက် ခိုးကြောင်ခိုးဝှက် တိုက်ခိုက်စရာ လိုသေးလို့လား.."

ယောင်လန်းက ဒေါသတကြီး အော်ဟစ်လိုက်သည်။ သို့သော်လည်း လင်းဟွမ်ပိုင်ဆိုင်သော နတ်ဘုရားသတ် အမြောက်အကြောင်း ပြန်သတိရသွားသည်။ ထိုဟာနှင့်ပစ်ပါက သူမကို သတ်နိုင်သဖြင့် အပြစ်ရှိသလို ချက်ချင်း ခံစားလိုက်ရသည်။

“မင်းကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ မင်းဘာပဲ လုပ်လုပ် ငါကတော့ မင်းကို စောင့်ပေးမှာပဲ။ မင်းဘာသာမင်း မီးစာထုတ်..”

“မင်း ငါ့ဆီက ဘာလိုချင်လို့လဲ..”

လင်းဟွမ် ဆွံ့အသွားသည်။

“မင်းက ငါ့အသက်ကို နှစ်ခါ ကယ်ပြီးပြီ။ ကျေးဇူးကြွေးနှစ်ခါ တင်နေတယ်။ အဲ့ဒီတော့ မင်း ကျေးဇူးအကြွေးကို ပြန်ဆပ်မှ ငါလည်း စိတ်ခံစားချက် ကောင်းနိုင်မယ်..”

ယောင်လန်းက အမှန်အတိုင်း ပြောလိုက်သည်။

"နောက်ဆုံးတော့ မင်းက ယောင်ဟွမ်ဟွမ်ရဲ့ အစ်မဆိုတာ ငါလက်ခံသွားပြီ.."

လင်းဟွမ်သည် အစောပိုင်းတွင် ယောင်ဟွမ်ဟွမ်က သူ့ကို ကျေးဇူးဆပ်ရန် မည်သို့မည်ပုံ အတင်းအကျပ် တောင်းဆိုခဲ့သည့် အကြောင်းကို ပြန်သတိရပြီး နဖူးကိုလက်ဖဝါးနှင့် ဖြောင်းခနဲ မြည်အောင် ပြန်ပိတ်ရိုက်လိုက်သည်။

ထို့နောက် ယောင်လန်းသည် လင်းဟွမ်ကို တောက်တဲ့အား ဆင်ကော်နှင့် ကပ်ထားသလို တွယ်ကပ်နေခဲ့သည်။

ယခုလက်ရှိ ယောင်လန်း လုပ်ဆောင်နေသည့် လုပ်ရပ်မှာလည်း ယောင်ဟွမ်ဟွမ် အတိုင်းပင်။ တစ်အူတုံဆင်း ညီအစ်မများ ပီသပါပေသည်။

## အခန်း(၆၃၉) - ဖိနပ်အောက်မှာ ပီကေ ကပ်နေခြင်း။

ယောင်လန်းသည် လင်းဟွမ်၏နောက်မှ လိုက်ပါနေ၍ မေးခွန်းမျိုးစုံ အဆက်မပြတ် မေးမြန်းနေသည်။ သူမကို ကြည့်ရသည်မှာ မဖယ်ရှားနိုင်သော ကပ်စေးနဲ ကဲ့သို့ပင်။

လင်းဟွမ်သည် ယောင်ဟွမ်ဟွမ်နှင့် သူမ၏ ဆက်ဆံရေးကို အတည်ပြုပြီးနောက် သူမကို မနှင်ထုတ်နိုင်ခဲ့ပေ။ ထို့နောက် သူ့နောက်ကို ခေါ်ခဲ့ရန်မှလွဲ၍ ရွေးချယ်စရာ မရှိတော့ပေ။

"မင်းနဲ့ တိုက်ခိုက်ခဲ့တဲ့ အင်ပါယာအဆင့် မွန်းစတားက ဘာကြီးလဲ.."

"ဒုက္ခနတ်ဆိုး မိခင်.."

"ဒုက္ခနတ်ဆိုး မိခင်က ဒဏ္ဍာရီပဲ.. တကယ် ရှိတာလား.."

ယောင်လန်း အံ့အားသင့်သွားပြီး လင်းဟွမ်ကို အံ့အားသင့်နေသော အမူအရာနှင့် ငေးကြည့်နေပြီး

"မင်းက သတ္တိ ကောင်းလှချည်လား။ သန္ဓေ သုံးကြိမ်ပြောင်း အင်ပါယာအဆင့် မွန်းစတား တစ်ကောင်ကို ဘယ်လိုတောင် ရန် စရဲတာလဲ။

မင်းကိုယ်မင်း ကြက်သွေးရောင် မီးလျှံအဆင့်ပဲ ရှိသေးတယ်ဆိုတာ မေ့နေတာလား”

“ငါလည်း သူ့ကို ရန်မစချင်ဘူး။ ငါ ရွေးချယ်ထားတဲ့ ကံကြမ္မာမီးစာ မွန်းစတားတစ်ကောင်ကို မွေးစားထားလို့။ အဲ့ဒီကိစ္စကိုလည်း အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာကို ဝင်ပြီးမှသိတာ”

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ပြန်ပြောလိုက်သည်။ သူ့တွင် ဝှက်ဖဲ အများကြီးရှိသော်လည်း အရေးပေါ် အခြေအနေအတွက် သိမ်းထား ချင်သေးသည်။ အင်ပါယာအဆင့် မွန်းစတားတစ်ကောင်ကို

ရည်ရွယ်ချက်ရှိရှိ ရန်စခြင်း မဟုတ်သည်မှာ သံသယဖြစ်စရာ မလိုပေ။

အကယ်၍ ဒုက္ခနတ်ဆိုးမိခင်က ငရဲချိန်နဲ့ ကလေးငယ်ကိုသာ မမွေးစားခဲ့လျှင် သူလည်း အင်ပါယာအဆင့်ရှိ ထိုမွန်းစတားနှင့် မတွေ့မိအောင် ရှောင်လိုက်မိလိမ့်မည်။ ထို့အပြင် အသက်ကယ် ကတ်များကို အလွယ်တကူ မသုံးစွဲသင့်ပေ။ အရေးအကြောင်းကြုံ၍ အမှန်တကယ် လိုအပ်သည့် အချိန်တွင် ကတ်တစ်ကတ် လျော့နည်း သွားပေလိမ့်မည်။

နတ်ဘုရားသတ် အမြှောက်ကိုပင် တစ်ခေါက် အသုံးပြုခဲ့ရသည်။ ထို့အပြင် သူကလည်း အခြားသူများကို ရန်စချင်သော လူတစ်ယောက် မဟုတ်ပေ။

"မင်းရွေးချယ်လိုက်တဲ့ ကံကြမ္မာမီးစာ မွန်းစတားက ဘာလဲ"

ယောင်လန်း သိချင်လာသည်။

"ငရဲချိန်နဲ့ ကလေးငယ်.."

လင်းဟွမ်သည် သူမကို ဖုံးကွယ်၍မရကြောင်း သိသည်။ အကယ်၍ မပြောလျှင်ပင် နောက်ပိုင်း၌ ယောင်လန်းက ခိုးကြည့်နေလိမ့်မည်။ ထိုညီအစ်မ

နှစ်ယောက်တွင် အလွန်တူသော အမူအကျင့်များ ရှိနေသည်။

“ငရဲချိုနဲ့ ကလေးငယ်လား။ အရမ်း ကောင်းတယ်။ ဒါက သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားပဲ။ သူ့ရဲ့မျိုးစာကနေ စိတ်စွမ်းအားကို အမွေဆက်ခံနိုင်တယ်..”

ယောင်လန်းက စီနီယာတစ်ယောက်ကဲ့သို့ ဟန်ပါပါ ပြောဆိုလိုက်သည်။

“ဒီလို မျိုးစာက အသေးအမွှား စွမ်းရည်ကိုပဲ မြှင့်တင်ပေးနိုင်တာ။ မင်းရဲ့ တိုက်ခိုက်ရေးအစွမ်း အားကောင်းလာအောင် တိုက်ခိုက်ရေး အခြေခံတဲ့

မီးစာက မရှိမဖြစ် လိုအပ်တယ်လို့ ငါ အကြံပေးချင်တယ်..”

“စိတ်စွမ်းအားက အသေးအဖွဲ့ စွမ်းရည်လေးဟုတ်လား။ နတ်ဘုရားတစ်ပိုင်း ချီမူရှုံး၊ နတ်ဘုရားတစ်ပိုင်း ထိုက်ချန်း ၊ နတ်ဘုရားတစ်ပိုင်း မျက်လုံးတစ်လုံး.. မင်း သူတို့ရဲ့ စိတ်စွမ်းအား အမွေဆက်ခံမှုအကြောင်း မသိဘူးလား..”

ယောင်လန်းက နာမည် အနည်းငယ် ထုတ်ဖော်ပြောဆိုလိုက်သည်။ သူတို့က လွန်ခဲ့သော နှစ်ပေါင်း (၈၀၀)ကျော်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲထဲတွင် တည်ရှိခဲ့သည့် အလွန် အစွမ်းထက်သော စိတ်စွမ်းအား

ပိုင်ဆိုင်သည့် နတ်ဘုရားတစ်ပိုင်းများပင် ။ သူတို့ တစ်ဦးတစ်ယောက် ချင်းစီတိုင်းက အတုအယောင် နတ်ဘုရား နီးပါး အစွမ်းထက်ကြသည်။

ယောင်လန်းသည် သူမကြွားတာ များသွားပြီ ဖြစ်ကြောင်း သိသွားပြီး လျင်မြန်စွာ ပြန်ချေပလိုက်သည်။

"သူတို့နဲ့ မတူဘူး။ မင်းက မွန်းစတားတွေဆီက စိတ်စွမ်းအား ရခဲ့တာ။ စိတ်စွမ်းအားနဲ့အတူ မွေးလားတဲ့ လူတွေနဲ့ ယှဉ်လို့မရဘူး"

လင်းဟွမ်သည် ယောင်လန်းနှင့် စကားပြောချင်စိတ် မရှိတော့ချေ။ အကယ်၍ သူသာ စိတ်စွမ်းအားကို မလိုချင်ခဲ့ပါက ငရဲချိုနဲ့ ကလေးငယ်ကို ကံကြမ္မာမီးစာ

မွန်းစတားအဖြစ် ရွေးချယ်ခဲ့မည် မဟုတ်ပေ။ ထို့အပြင် သူ့တွင်လည်း စိတ်စွမ်းအား ဖန်တီးသုံးစွဲသည့် အတွေ့အကြုံ ရှိသည်။

(၁၀) မိနစ်ခန့် ကြာသောအခါ သွေးရဲရဲလေး၏ လမ်းပြမှုအောက်တွင် မွန်းစတား အသိုက်တစ်ခုကို ရှာတွေ့ခဲ့သည်။ နယ်မြေခံ မွန်းစတားကို သတ်ပြီးနောက် လင်းဟွမ်သည် မီးစာထုတ်ယူခြင်း လုပ်ငန်းစဉ်ကို ထိုနေရာမှာပင် ပြုလုပ်လိုက်သည်။

ယောင်လန်းက ဂူအပြင်ဘက်တွင် စောင့်ကြပ် ပေးနေပြီး သူ့နောက် မလိုက်ခဲ့ချေ။

လင်းဟွမ်သည် ယောင်လန်းက သူ့ကို တိုက်ခိုက်မည် မဟုတ်ကြောင်း အတည်ပြုခဲ့သော်လည်း သတိ မပေါ့ဆရဲပေ။ သူ့ကို ကာကွယ်ပေးရန် ပိုင်နှင့် လန်စန်လော့တို့ကို ဆင့်ခေါ်ခဲ့သည်။

ရှောင်ဖိန်က မီးစာကို ကတ်တစ်ခုအဖြစ် ပြောင်းလဲ လိုက်ပြီးနောက် ထုတ်ယူမှု လုပ်ငန်းစဉ် ပြီးဆုံး သွားခဲ့သည်။ နောက်ပိုင်း လေ့ကျင့်မှုကလည်း အဆင်ပြေ ချောမွေ့ခဲ့သည်။

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲ မီးစာအသစ် ထည့်သွင်းပြီးနောက် ကြီးမားသော ခွန်အားများ ရရှိ လာနေကြောင်း ခံစားနေရသည်။

မီးလျှံနှစ်ခုသာရှိသော ကံကြမ္မာ မီးလျှံသည် ယခုအခါ၌ မီးလျှံသုံးခုရှိသော ကံကြမ္မာ မီးလျှံ ဖြစ်လာခဲ့ပြီ။ သို့သော်လည်း တတိယမြောက် မီးလျှံမှာ အခြား မီးလျှံနှစ်ခုနှင့် ယှဉ်ပါက နှမ်းစေ့ကဲ့သို့ သေးငယ်လှ၏။

နောက်ဆုံးတွင် သုံးနာရီခန့် ကြာပြီးနောက် လင်းဟွမ်သည် ကြက်သွေးရောင် မီးလျှံအဆင့်မှ အပြာရောင်မီးလျှံအဆင့်ကို မြင့်တက် လာခဲ့သည်။ သူ့ခန္ဓာကိုယ်အတွင်းရှိ ကံကြမ္မာမီးလျှံနှင့် ကံကြမ္မာစွမ်းအားများသည် ကြက်သွေးရောင်မှ အပြာရောင်သို့ ပြောင်းလဲသွားခဲ့သည်။

လင်းဟွမ်သည် မီးစာထဲမှ စိတ်စွမ်းအား သာမက ငရဲချိန်နဲ့ ကလေးငယ်၏ စိတ်စွမ်းအား အသုံးပြုသော အတွေ့အကြုံကိုလည်း ရရှိခဲ့ကာ သူ့ခန္ဓာကိုယ်နှင့် ချက်ချင်း ပေါင်းစပ်သွားသည်။

ထိုအရာအားလုံးကို အပြည့်အဝ ကျွမ်းကျင်ရန် အချိန်အနည်းငယ် လိုအပ်သော်လည်း လင်းဟွမ်သည် သူ၏စိတ်စွမ်းအား ထိန်းချုပ်နိုင်စွမ်းက အဆင့်မြင့်လာပြီ ဖြစ်ကြောင်း သိသာ ထင်ရှားစွာ ခံစားနေရသည်။ ယခင်က သူငယ်တန်းအဆင့်ဟု ဆိုပါက ယခုအခါ၌ အထက်တန်း အဆင့်ကို ရောက်ရှိနေခဲ့ပြီ။ သတ်မှတ်ထားသော အချိန်အတိုင်းအတာ တစ်ခုထိ

လေ့ကျင့်ပြီးနောက် တက္ကသိုလ်အဆင့် အောင်မြင်ရန် ပြဿနာ မရှိချေ။

လင်းဟွမ်သည် အဆင့်မြှင့်တင် ပြီးနောက် အင်မော်တယ်အဆင့် ရောက်ရှိသွားသော လန်စန်လေ့နှင့် ပိုင်တို့ကို ချက်ချင်း ပြန်သိမ်းလိုက်ပြီးနောက် ဂူထဲမှ ထွက်လာခဲ့သည်။

"အမ်.. သုံးနာရီတောင် မပြည့်သေးဘူး ပြီးသွားပြီလား.. မြန်လိုက်တာ.."

လှုပ်စိလှုပ်စိ ထိုင်ခုံပေါ်တွင် ထိုင်နေသော ယောင်လန်းသည် ဂူထဲမှထွက်လာသည့် လင်းဟွမ်ကို မြင်လိုက်လျှင် ချက်ချင်း ထရပ်လိုက်သည်။ လင်းဟွမ်၏

အော်ရာက အပြာရောင်မီးလျှံအဆင့် ရောက်ရှိနေပြီး ဖြစ်ကြောင်း သူမ သိလိုက်သည်။

ပုံမှန်အခြေအနေဆိုလျှင် မီးစာက အဆင့်အတန်း မြင့်မားသည်နှင့်အမျှ မီးစာ ထုတ်ယူရန် ခက်ခဲတတ်သည်။ ထို့အပြင် လေ့ကျင့်ရန် အချိန် ပိုကြာသည်။

ပုံမှန်အားဖြင့် သန္ဓေနှစ်ကြိမ်ပြောင်း အဆင့် (၂) မီးလျှံကို ထုတ်ယူပြီး မီးစာကိုလေ့ကျင့်ရန် တစ်နာရီမှ နှစ်နာရီခန့်အထိ လိုအပ်သည်။ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်၏ အဆင့် (၃) မီးလျှံကို

ထုတ်ယူပါက အလားတူဖြစ်ပြီး (၅) နာရီကျော် လိုအပ်သည်။

မီးစာကို အမြန်ဆုံး ထုတ်ယူနိုင်၍ အမြန်ဆုံး လေ့ကျင့်နိုင်ပါက လိုက်ဖက်မှု အားကောင်းလွန်း၍ ဖြစ်သည်။ ထိုလူက မီးစာ၏အမွေကို ပိုမို လျင်မြန်စွာ ကျွမ်းကျင်နိုင်ပေသည်။

လင်းဟွမ်က မီးစာထုတ်ယူခြင်းနှင့် လေ့ကျင့်ခြင်း လုပ်ငန်းစဉ်ကို (၃) နာရီအတွင်း ပြီးမြောက်ခဲ့သည်။ မီးစာထုတ်ယူသည့် လုပ်ငန်စဉ်အတွင်းတွင် ရှောင်ဖိန်က မီးစာကို ကတ်ပုံစံ ပြောင်းလဲပေးခဲ့သောကြောင့်

သူ၏လေ့ကျင့်မှု အမြန်နှုန်းမှာ သာမန်လူတစ်ယောက်ထက် ပိုမြန်နေသည်။

“မင်းက အပြာရောင်မီးလျှံအဆင့် ရောက်သွားပြီဆိုတော့ မင်းရဲ့အစီအစဉ်က ဘာလဲ။ တိုက်ခိုက်ရေးအဆင့် အခြေခိုင်လာအောင် ကံကြမ္မာသလင်းကျောက်တွေ စုပ်ယူဖို့ အိမ်ပြန်မှာလား..”

ယောင်လန်းက မေးလိုက်သဖြင့်

“အသူရာ ချောက်ကမ်းပါးထဲမှာ အချိန်တစ်ခုလောက်နေဦးမှာ။ မွန်းစတားအလောင်း အော်ဒါ လက်ခံထားပြီးပြီ။ အဲ့ဒါကြောင့် အပြန်မှာ အင်ပါယာနှလုံးသား လက်စွပ်နဲ့

အပြည့် ပြန်သယ် သွားရမယ်။ နောက်ပြီးတော့ လေ့ကျင့်ဖို့လည်း အာရုံစိုက်ချင်သေးတယ်”

လင်းဟွမ်က ဆက်နေရန်အတွက် ဆင်ခြေ ပေးလိုက်သည်။ အမှန်တကယ်ဆို မွန်းစတားများကို သတ်ဖြတ်ခိုင်းပြီး တတိယမြောက် မီးလျှံကို အမြင့်ဆုံးအဆင့် အခြေအနေထိ ရောက်အောင် လေ့ကျင့်ပေးချင်သည်။

“ဒါဆို ငါလည်း ဒီမှာနေပြီး မင်းကိုကူညီပေးမယ်။ ငါ့မှာလည်း ဘာမှလုပ်စရာ မရှိဘူး။ ငါ တာဝန် ကျရှုံးသွားတဲ့အတွက် စိတ်ပြေလက်ပျောက် တစ်ခုခုတော့ လုပ်ရမယ်”

'အစ်မလေး..... မင်း လိုင်ကိစ္စ လိုနေပြီလား..'

လင်းဟွမ်သည် ယောင်လန်းက စိတ်ပြေလက်ပျောက် စိတ်ပျက်မှုကို ဖြေဖျောက်ချင်ကြောင်း ပြောလိုက်လျှင် စိတ်ထဲမှ ထိုအတွေးကို တွေးလိုက်မိသည်။ သို့သော်လည်း ပါးစပ်က အကျယ်ကြီး ထုတ် မပြောရဲပေ။

"မင်းတာဝန် ကျရှုံးသွားပြီဆို တခြားသူတွေ ယူလို့ရအောင် သတင်းပြန်ပို့သင့်တယ်။ ဒီမှာနေတာ အဖြေ မဟုတ်ဘူး.."

"အဲ့တာ မင်းအမှား။ မင်းကြောင့်သာ မဟုတ်ရင် ငါ့ရဲ့စုံစမ်းစစ်ဆေးမှုက အောင်အောင်မြင်မြင် ပြီးသွားနိုင်တယ်.."

ယောင်လန်းသည် ထိုအကြောင်းကို ပြန်တွေးပြီး ဒေါသ ပေါက်ကွဲလာသည်။

“အရင်တုန်းက တာဝန်တွေ တစ်ခါမှ မကျရှုံးဖူးဘူး..”

“မင်းတာဝန်က ဘာတုန်း..”

လင်းဟွမ်သည် ခဏ္တမျှ တုံ့ဆိုင်းသွားပြီးနောက် မေးလိုက်သည်။ အမှန်တကယ်ဆို သိပ်ဂရုမစိုက်ချင်ပေ။ သို့သော်လည်း သေသေချာချာ စဉ်းစားကြည့်သောအခါ သူမကို အသူရာ ချောက်ကမ်းပါးထဲမှ မြန်မြန် ထွက်သွားစေရန် သူမတာဝန်ကို ပြီးမြောက်အောင် ကူညီပေးခြင်းက အကောင်းဆုံး ဖြစ်နေပြီး သူ့ကို နှောင့်ယှက်နေခြင်းမှလည်း တားဆီးနိုင်လိမ့်မည်။

"အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာထဲမှာ ပုံမှန်မဟုတ်တဲ့ စွမ်းအင်လှိုင်းတစ်ခု ပေါ်လာတယ်။ အဲ့ဒါက ဘာကြောင့်လဲဆိုတာ စုံစမ်းချင်တာ.."

ယောင်လန်းက သူမတာဝန်ကို ဖုံးကွယ်ထားခြင်း မရှိပေ။

"ပြီးခဲ့တဲ့ လပိုင်းလောက်က လူတော်တော်များများလည်း အဲ့ဒီတာဝန်ကို လက်ခံခဲ့ကြတယ်။ ဒါပေမယ့် နောက်ကွယ်က အကြောင်းအရင်းကို ဘယ်သူမှ မဖော်ထုတ်နိုင်ခဲ့ကြဘူး။ ငါကလည်း ဒီရက်ပိုင်းအတွင်း အသူရာ

ချောက်ကမ်းပါးထဲမှာ လုပ်စရာ တစ်ခုရှိနေလို့ ဒီတာဝန်ကို လက်ခံဖြစ်ခဲ့တာ”

ယောင်လန်းသည် သူ့ညီမက မကြာခဏ ချီးကျူးနေသော လင်းရှီဆိုသည့် အကောင်က မည်ကဲ့သို့လူ ဆိုသည်ကို သိရှိအောင် လာခဲ့ကြောင်း ထုတ်မပြောခဲ့ပေ။

သို့သော်လည်း လင်းဟွမ်က ထိုကိစ္စကို စိတ်ထဲ မထားချေ။ မျက်မှောင်ကြုတ်ကာ

“ပုံမှန် မဟုတ်တဲ့ အဲ့ဒီစွမ်းအင်လှိုင်းကို ထောက်လှမ်းတဲ့ ဒိုင်းက မစုံစမ်းနိုင်ဘူးလား။ နောက်ပြီးတော့ ဒုတိယအလွှာကလည်း သေးသေးလေး

မဟုတ်တော့ ရက်ပိုင်းလောက် အချိန်ယူရင်တောင် တွေ့မှာမဟုတ်ဘူး”

“တခြားလူတွေလည်း ဒါကို တစ်ခါမှ ရှာမတွေ့ခဲ့ဖူးဘူး ဆိုတာ မင်းမသိပါဘူး။ ပြီးခဲ့တဲ့လပိုင်းက အသူရာ ချောက်ကမ်းပါးထဲကို လူတွေ ဘယ်နှစ်ယောက်တောင် လာရှာခဲ့လဲဆိုတာ ရေတောင် မရေတွက်နိုင်တော့ဘူး..”

ယောင်လန်းက လင်းဟွမ်ကို မျက်စောင်းထိုးပြီး ပြောလိုက်သည်။

“ဒါပေမယ့် ဒီနေ့ မင်းနဲ့မတွေ့ခင် ငါ့ရဲ့ စုံစမ်းစစ်ဆေးခြင်း ဒိုင်းက ထူးဆန်းတဲ့ အချက်ပေးသံ တစ်ခု ထွက်လာတယ်။ အဲ့ဒါက မင်းရှိတဲ့နေရာနဲ့

နီးနီးလေးပဲ။ ဒါပေမယ့် ငါ နားမလည်နိုင်ဘူး။ ပြီးခဲ့တဲ့နှစ်ရက်ကလည်း အဲ့ဒီ နေရာကို ရောက်ခဲ့သေးတယ်။ ငါ့ရဲ့ စုံစမ်းစစ်ဆေးခြင်း ဒိုင်းက ဘာတုံ့ပြန်မှုမှ မပြဘူး..”

လင်းဟွမ်သည် ယောင်လန်း စကားကို နားထောင်ပြီးနောက် အသူရာမြူခိုး အကြောင်းကို ရုတ်တရက် တွေးမိသွားသည်။

“မင်းရဲ့ထောက်လှမ်းရေး ဒိုင်းက ဘာဖြစ်လို့ လှုပ်ရှားခဲ့လဲဆိုတာ ငါ အကြမ်းဖျင်း သိပြီ”

ထို့နောက် လင်းဟွမ်သည် လှိုဏ်ဂူထဲတွင် ငရဲချိန်နဲ့ ကလေးငယ် ထုတ်ယူသော အသူရာ မြူခိုးအကြောင်းကို ပြန်ပြောပြလိုက်သည်။

ယောင်လန်းသည် လင်းဟွမ်၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် အမှန်တရားကို သိသွားခဲ့ပြီး

"လူတော်တော်များများက ပုံမှန် မဟုတ်တဲ့ စွမ်းအင်လှိုင်း ဘယ်နေရာက ထွက်လာလဲဆိုတာကို မစုံစမ်းနိုင်တာ မဆန်းတော့ဘူး။ အသူရာမြူခိုးကို ငရဲချိန်နဲ့ ကလေးငယ်လေးက ဖုံးကွယ်ထားလို့ ဖြစ်နိုင်တယ်။ တစ်လမှာ တစ်ကြိမ် နာရီနည်းနည်းလေးပဲ ပေါ်လာလို့ လူတိုင်း ရှာမတွေ့တာ မဆန်းတော့ဘူး။

ကြည့်ရတာတော့ ငါ့တာဝန်က မကျရှုံးသွားသေးတဲ့ပုံပဲ။ မင်းမှာ သက်သေလုပ်လို့ရမယ့် ဓါတ်ပုံတွေ၊ ဘာတွေ ရှိလား..”

ယောင်လန်း စိတ်လှုပ်ရှားလာသည်။ သို့သော်လည်း ဒါကို ရှာဖွေ တွေ့ရှိခဲ့သည့်လူမှာ လင်းဟွမ်ဖြစ်ကြောင်း ရုတ်တရက် တွေးလိုက်မိသည်။

“စိတ်မပူနဲ့။ အကျိုးဆောင်အမှတ်တွေကို မင်းဆီ ပေးမယ်။ စွန့်စားသူတို့ သုခဘုံက အကျိုးဆောင်ရလဒ်တွေပဲ ငါတောင်းဆိုလိုက်မယ်..”

“အဲ့ဒီလိုလုပ်စရာ မလိုဘူး.. ဒါကို ဓါတ်ပုံရိုက်ပြီး သူတို့ဆီကိုသာ စောစော သတင်းပို့လိုက်..”

လင်းဟွမ်သည် သွေးရဲရဲလေး၏ စောင့်ကြည့်ရေး မျက်နှာပြင်ထဲမှ ခါတ်ပုံကို ထုတ်ပေးလိုက်သည်။ ယခုလက်ရှိ သူတို့ ရောက်နေသော နေရာတွင် အင်ပါယာနှလုံးသား လက်စွပ်၏ လုပ်ဆောင်ချက်များက အလုပ် မလုပ်သဖြင့် ယောင်လန်းသည် လင်းဟွမ်ထံမှ ဓါတ်ပုံကို ဓါတ်ပုံရိုက်ရုံသာ တတ်နိုင်သည်။

ဓါတ်ပုံရိုက်ပြီးနောက် လင်းဟွမ်ပခုံးကို ပျော်ရွှင်စွာ ပုတ်လိုက်သည်။

“မင်းကို ထပ်ပြီး ကျေးဇူးတင်ပြန်ပြီဟေ့။ ဒီက ထွက်သွားရင် ထမင်းဝယ်ကျွေးမယ်”

“မင်း သဘောအတိုင်းပဲ..”

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ လျှာကျွမ်းထိုး စားသောက်ဆိုင်တွင် ယောင်ဟွမ်ဟွမ် ကျွေးခဲ့သော အရသာရှိသည့် အစားအစာများကို ပြန်လည်မြင်ယောင်လာပြီး သူမ၏ ကမ်းလှမ်းမှုကို ငြင်းပယ်ရန် ခက်ခဲသွားသည်။

အခိက အကြောင်းအရင်းမှာ ယောင်လန်းကို ငြင်းပယ်လိုက်ပါက နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်လာနိုင်ကြောင်း သိနေသောကြောင့်ပင် ။ လင်းဟွမ်သည် သူ့ဖိနပ်အောက်တွင် ပီကေတစ်ခု ကပ်နေသလို ခံစားလိုက်ရသည်။

## အခန်း(၆၄၀) - ဖယ်ရှားခြင်းမြို့ကို ပြန်လည် ရောက်ရှိလာခြင်း။

ယောင်လန်း ထွက်ခွာသွားပြီး နောက်ပိုင်း ရက်များတွင် မှောင်ခိုဈေးကွက်မှ ရရှိခဲ့သော မြေပုံအရ အသူရာချောက်ကမ်းပါး ပထမအလွှာရှိ အင်မော်တယ်အဆင့် မွန်းစတားများကို စတင် ရှင်းလင်းလိုက်သည်။

လန်စန်လေ့က မွန်းစတားများကို တိုက်ခိုက်ခဲ့ပြီး အခြေခံအားဖြင့် တိုက်ပွဲအခြေအနေက တစ်ဖက်သတ်

ဖြစ်နေခဲ့သည်။ လင်းဟွမ်က မွန်းစတား အသေကောင်များကို ဆက်တိုက် စုဆောင်းနေခဲ့သည်။

လင်းဟွမ် ခန္ဓာကိုယ်အတွင်းရှိ တတိယမြောက် မီးလျှံမှာ နှစ်ရက်အတွင်းတွင် အမြင့်ဆုံးဖြစ်သည့် မီတာ(၅၀) အထိ ကြီးထွားလာခဲ့သည်။ အကြောင်းမှု သူ့ခန္ဓာကိုယ်ထဲကို ကံကြမ္မာစွမ်းအား ပမာဏများစွာ ဝင်ရောက် လာခဲ့သောကြောင့်ပင် ။

အစပထမတွင် မီးလျှံတစ်ခုသည် အခြားနှစ်ခုထက် နိမ့်ကျနေသည် ။နောက်ဆုံးတွင် မီးလျှံသုံးခုထဲတွင် နှစ်ခုက အရွယ်အစားတူနေပြီး ကျန်သည့်တစ်ခုက

အားလုံးထက် မြင့်မားနေသည်။ လင်းဟွမ်သည် ထိုအရာကို ကြည့်ပြီးနောက် စိတ်ကျေနပ်သွားသည်။

နောက်ထပ် နှစ်ရက်ကြာသောအခါ သွေးရဲရဲလေးက သူ့ကို လမ်းပြခဲ့ပြီး လင်းဟွမ်က အင်မော်တယ်အဆင့် (၇)မွန်းစတား (၁၀) ကောင်ကို သူ့ဘာသာသူ တစ်ယောက်တည်း သတ်ပစ်ခဲ့သည်။ ဆုလာဒ် နှစ်ဆကတ်၏ အကျိုးသက်ရောက်မှုကြောင့် ကံစမ်းမဲ ကတ် (၆၀၀) ရရှိခဲ့သည်။

လွန်ခဲ့သော လေးရက်အတွင်း လင်းဟွမ်တို့ သတ်ဖြတ်ခဲ့သည့် မွန်းစတား အရေအတွက်မှာ အသူရာချောက်ကမ်းပါး ပထမအလွှာတွင် ရှိနေသော

အင်မော်တယ်အဆင့် မွန်းစတား အရေအတွက်၏ သုံးပုံ၊ နှစ်ပုံခန့် ရှိ၏။

အားအနည်းဆုံး မွန်းစတားမှာ အင်မော်တယ်အဆင့် (၁) ဖြစ်ပြီး အစွမ်းအထက်ဆုံး မွန်းစတားမှာ အင်မော်တယ်အဆင့် (၇)ပင် ။ ထိုအထဲတွင် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား (၃) ကောင် ပါဝင်သည်။ လင်းဟွမ်က ထိုအလောင်းများကို သွေးရဲရဲလေး၏ ရုပ်သေးရုပ်အဖြစ် အသုံးပြုနိုင်ရန် သိမ်းဆည်းထားခဲ့သည်။

အသူရာ ချောက်ကမ်းပါးထဲမှ ပြန်ထွက်လာသောအခါ ဖယ်ရှားခြင်းမြို့ကို ချက်ချင်း ပြန်လာခဲ့သည်။

ဖယ်ရှားခြင်းမြို့ကို ပြန်ရောက်သောအခါ အလုပ်တွဲလုပ်ရန် သဘော တူညီထားသည့်အတိုင်း အလောင်းများကို သူတို့ထံ ရောင်းချရမည်။ လင်းဟွမ်သည် လည်ပတ်ခြင်းမြို့တွင် အခန်းတစ်ခန်းယူပြီးနောက် မှောင်ခိုဈေးကွက်ကို ချက်ချင်းထွက်လာလိုက်သည်။

မှောင်ခိုဈေးကွက်မှ အမျိုးသမီးကို ဟုန်လု ဟုခေါ်ပြီး လင်းဟွမ် နောက်တစ်ကြိမ် ပြန်ရောက်လာသည်ကို ကြိုဆိုနေခဲ့သည်။

"မစ္စတာလင်း မင်းက အသူရာ ချောက်ကမ်းပါးထဲမှာ ရက် တော်တော်လေးကြာအောင် နေခဲ့တာပဲ။ တော်တော်လေး အမြတ် ထွက်လာတယ် ထင်တယ်"

ဟုန်လုက လင်းဟွမ်ကို တစ်ချက်ကြည့်ရုံဖြင့် တိုက်ခိုက်ရေးအဆင့် မြင့်တက်ပြီး အပြာရောင် မီးလျှံအဆင့် ရောက်နေကြောင်း သတိပြုမိသွားသည်။

"ဟုတ်တယ်။ တကယ်ကို အများကြီး ရလာတယ်။ ဒါပေမယ့် မင်းငါ့ကို ပေးလိုက်တဲ့ အချက်အလက်တွေကြောင့် ငါ အရှူး ဖြစ်တော့မလို့ပဲ"

လင်းဟွမ်က မျက်ခုံးပင့်ပြီး ပြောလိုက်သည်။

"ဒါ ဘယ်လိုဖြစ်တာလဲ။ မင်းကို ပေးလိုက်တဲ့ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတွေရဲ့ စာရင်းကို ငါ စစ်ဆေးပြီးပြီ။ ဘာ ပြဿနာမှ မရှိဘူး"

ဟုန်လု ဇဝေဇဝါ ဖြစ်သွားသည်။

"မစွတာလင်း၊ မင်းရဲ့ ကံကြမ္မာမီးစာအတွက် ဘယ် မွန်းစတားကို ရွေးခဲ့တာလဲ..."

"ရပါတယ်။ မပြောတော့ဘူး..."

လင်းဟွမ်က သူ့၏ အရည်အချင်း အစစ်အမှန်ကို ထုတ်ဖော် မပြသချင်သောကြောင့် ညည်းတွားပြီး စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"နောက်ပိုင်းလည်း သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားနဲ့ ပတ်သက်တဲ့ သတင်း အချက်အလက်တွေ ရလာရင် ငါ့ဆီကို အကြောင်းကြားပေးဖို့ မျှော်လင့်ပါတယ်"

"သေချာတာပေါ့။ ငါတို့တွေက အလုပ် အတူတူ လုပ်နေကြတာပဲ..."

ဟုန်လု၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ချက်ချင်းပေါ်လာသည်။ သူမသည် ဉာဏ်ကောင်းသော အမျိုးသမီးတစ်ဦး ဖြစ်ပြီး လင်းဟွမ်က သူမ လုပ်ငန်း ဂုဏ်သိက္ခာကို ပျက်ပြားစေရန် အလိမ်ညာသတင်းများ ဖြန့်ဝေမည် မဟုတ်ကြောင်း သိနေသည်။

လင်းဟွမ်က သူရွေးချယ်ခဲ့သော ကံကြမ္မာမီးစာ မွန်းစတားက ဘာလဲဆိုသည်ကို ပြောပြရန် ဝန်လေးနေသည့် အကြောင်းအရင်းကိုလည်း ခန့်မှန်းနိုင်သည်။ သို့သော်လည်း လင်းဟွမ်က သူမ၏ အားသာချက်ကို မသိပေ။

ဟုန်လုက ခေါင်းငုံ့၍ လက်ဖက်ရည် တစ်ငုံ သောက်လိုက်ပြီးနောက် ပြုံးလိုက်ကာ လင်းဟွမ်ကို လုံးဝ မစိုးရိမ်သလို လှမ်းကြည့်လိုက်သည်။

"အို... ဟုတ်ပြီ... ငါ့အတွက် ပစ္စည်းတစ်ခု ဝယ်ဖို့ လိုသေးတယ်"

လင်းဟွမ်က ဟုန်လုကို တည်ငြိမ်စွာကြည့်ပြီး ပြောလိုက်သည်။

"ဘာလိုချင်လို့လဲ... မစ္စတာလင်း..."

အမှန်တကယ်ဆို ဟုန်လုသည် လင်းဟွမ် မှာယူမည့်ပစ္စည်း အပေါ်၌ စိတ်ဝင်စားခြင်း မရှိပေ။ သို့သော်လည်း စိတ် မရှည်ကြောင်း ထုတ်ဖော် ပြောဆိုခြင်းမရှိဘဲ တည်တည်ငြိမ်ငြိမ် ရှိနေသေးသည်။

"ဒါက အနည်းဆုံး အထွတ်အထိပ် ဓါတ်ကြွင်းအဆင့် ရှိရမယ့် စိတ်ဝိညာဉ် လက်တစ်ခုပဲ။ မူလ ဓါတ်ကြွင်း ရနိုင်ရင်တော့ အကောင်းဆုံးပေါ့..."

လင်းဟွမ်က တောင်းဆိုမှု ပြုလုပ်လိုက်သည်။

ထိုစကားကို ကြားသောအခါ ဟုန်လု၏ မျက်လုံးထဲတွင် ထိတ်လန့်မှု အရိပ်အယောင် ဖျတ်ခနဲ လက်သွားသည်။ ယခင် ရရှိထားသော အချက်အလက်များကို အခြေခံ၍ လင်းဟွမ်က စိတ်စွမ်းအား ရှိသူတစ်ယောက် ဟုတ်၊ မဟုတ်ကို မပြောနိုင်သော်လည်း သူမ၏ အပြောအဆို အမူအရာမှ တစ်ဆင့် စရိုက် လက္ခဏာများကို လျှင်မြန်စွာ ဖတ်ရှုနိုင်သည်။

"မစ္စတာလင်း စိတ်ဝိညာဉ် လက်နက်တွေက သာမန်လက်နက်တွေ၊ ချပ်ဝတ်တန်ဆာတွေထက် အများကြီး ပိုဈေးကြီးတယ်နော်။ ဈေးအပေါ်ဆုံး

အထွင့်အထိပ် ခါတ်ကြွင်းတောင် ကံကြမ္မာသလင်းကျောက် တစ်သိန်းခွဲကျော်လောက် ကုန်ကျတယ်။”

“ အထူးတောင်းဆိုချက်နဲ့ သီးသန့်လုပ်တဲ့ ခါတ်ကြွင်း ဒါမှမဟုတ် အဆင့် အမြင့်ဆုံး ခါတ်ကြွင်းတွေဆိုရင် ကံကြမ္မာသလင်းကျောက် သန်းပေါင်းများစွာအထိ ကုန်ကျနိုင်တယ်။ ဒါပေမယ့် အထွတ်အထိပ်အဆင့် စိတ်ဝိညာဉ် လက်နက်အတွက်ဆိုရင် ကံကြမ္မာ သလင်းကျောက် ငါးသန်းကျော်လောက် ကုန်ကျလိမ့်မယ်။ အားလုံး ပေါင်းလိုက်ရင်

ကံကြမ္မာသလင်းကျောက် (၁၀) သန်းကျော်လောက် ကုန်ကျမှာ။"

" မူလ စိတ်ဝိညာဉ် လက်နက်တွေက အဖွဲ့ခွဲ (၃) မှာရှိတဲ့ လေလံပွဲတွေမှာပဲ ရောင်းချပြီးတော့ လေလံပစ်တဲ့ နောက်ဆုံးနေ့မှာပဲ အကောင်းဆုံး ပစ္စည်းတွေကို ရောင်းချတာ။ ကံကြမ္မာသလင်းကျောက် သန်းရာနဲ့ချီပြီး မရှိရင် လေလံဝင်ဆွဲဖို့ အရည်အချင်း မရှိဘူး"

"တကယ်လို့ မူလ စိတ်ဝိညာဉ် ဓါတ်ကြွင်းသာ ရမယ်ဆို ဈေးနှုန်းက ဘယ်လောက်ပဲ ဖြစ်ဖြစ် ငါလိုချင်တယ်။"

လင်းဟွမ်သည် အလွန် မြင့်မားသော ဈေးနှုန်းအတွက် မစိုးရိမ်ပေ။

လင်းဟွမ်သည် အဖွဲ့ခွဲ(၇)မှ မထွက်လာခင် ရီရီယွီ တို့နှင့်အတူ အဆင့် (၅) ဟင်းလင်းပြင် အပျက်အစီးထဲ သွားရောက်ခဲ့သည်။ ထို့ကြောင့် သူ့လက်ထဲတွင် ကံကြမ္မာသလင်းကျောက် စုစုပေါင်း (၈) ဘီလီယံကျော်လောက် ပိုင်ဆိုင်ထားသည်။

အင်ပါယာနှလုံးသား လက်စွပ်ကို သော့ဖွင့်ရန်အတွက် မစ္စတာဖူး၏ အဆက်အသွယ်ကို ငွေပေးချေရသော (၁၀)ရာခိုင်နှုန်းကို ထုတ်ယူပြီးနောက် သူတို့ တစ်ယောက်ချင်းစီသည် ကံကြမ္မာသလင်းကျောက်

တစ်ဘီလီယံခွဲ အထိ ရရှိခဲ့ကြသည်။ ဤကြွယ်ဝမှုသည် ဆင်းရဲသော နတ်ဘုရားတစ်ပိုင်းနှင့် အဆင့်တူသည်။ သူတို့က အမှန်တကယ် ချမ်းသာခဲ့ကြသည်။

ဟုန်လုသည် လင်းဟွမ်က ပိုက်ဆံ မရှားကြောင်း သိသော်လည်း ဤမျှ ချမ်းသာလိမ့်မည်ဟု မမျှော်လင့်ထားမိပေ။ ကံကြမ္မာသလင်းကျောက် ဘီလီယံနှင့်ချီပြီး ကုန်ကျနိုင်သော်လည်း ဂရုမစိုက်ချေ။

"ဈေးဘယ်လောက်ပဲဖြစ်ဖြစ် လိုချင်တယ်..."

"အမှန်ပဲ..."

ဟုန်လု သည် လင်းဟွမ်တွင် ကံကြမ္မာ သလင်းကျောက် အများကြီး ပိုင်ဆိုင်လိမ့်မည်ဟု

မမျှော်လင့်ထားခဲ့ပေ။ သူ့ကို လေ့ကျင့်ပေးနိုင်ရန် ငွေကြေးထောက်ပံ့နေသော အဖွဲ့အစည်း ကျောထောက် နောက်ခံရှိကြောင်း တွေးလိုက်မိသော်လည်း မည်သည့် အဖွဲ့အစည်းလဲ ဆိုသည့် အချက်မှာ မသေချာ မရေရာပေ။

"ကောင်းပြီ… အခု အလုပ်ကိစ္စ ပြောရအောင်…"

လင်းဟွမ်သည် ပတ်ဝန်းကျင်ကို တစ်ချက် စိုက်ကြည့်ပြီးနောက်…

"မွန်းစတားအလောင်းတွေ ဘယ်မှာ ထားရမလဲ။ ဒီနေရာမှာတော့ မဆံ့လောက်ဘူး"

"ငါတို့မှာ မြေအောက် ဂိုထောင်တစ်ခု ရှိတယ်…"

ဟုန်လုက မတ်တပ်ထရပ်ပြီးနောက် ပြောလိုက်သည်။

“ငါ့ နောက်လိုက်ခဲ့။ ဝန်ထမ်းတွေ တွက်ချက်ပေးလိမ့်မယ်”

ဟုန်လုက လင်းဟွမ်ကို ဦးဆောင်ပြီး မြေအောက်ဂိုထောင်ထဲကို ခေါ်သွားသည်။

ဂိုထောင်နေရာကို ဟင်းလင်းပြင် ဖိသိပ်ခြင်း ခရူ၏အခွဲဖြင့် ပြုလုပ်ထားသည်။ ၎င်း၏ စွမ်းရည်မှာ ဂိုထောင်ကို အမှန်တကယ် ရှိနေသော နေရာထက် အဆထောင်ပေါင်း များစွာ ပိုကြီးမားစေသည်။ ဒါသည် ဟင်းလင်းပြင် စွမ်းရည်ပါသော အင်ပါယာအဆင့် မွန်းစတား တစ်ကောင်ပင် ။ ဟင်းလင်းပြင် ခုန်ကူးခြင်း

လုပ်ဆောင် နိုင်ရုံသာမက ၎င်း၏ ခရုခွံထဲတွင် ဟင်းလင်းပြင်ကို အတိုင်းအတာ တစ်ခုအထိ ဖိသိပ်နိုင်စွမ်း ရှိသည်။

၎င်းသည် မီတာ ဆယ်ဂဏာန်းမျှသာ မြင့်မားသော်လည်း အမှန်တကယ်တွင် တောင်ကြီး တစ်ခုလုံးကိုပင် ထည့်သိမ်းထားနိုင်သည်။

အင်မော်တယ် အဆင့် (၉) အကြီးအကဲ တစ်ယောက်က ဂိုဒေါင်ကို စောင့်ကြပ်နေသည်။

လင်းဟွမ်သည် ဂိုဒေါင် အစောင့်က အင်မော်တယ်အဆင့် (၉) ဖြစ်နေသည်ကို မြင်လိုက်လျှင် အံ့သြသင့်သွားသည်။

ဟုန်လုကို ထောက်ပံ့နေသည့် အဖွဲ့အစည်းက သူထင်ထားသည်ထက် ပို၍ အားကောင်းနေပုံရသည်။ သို့သော်လည်း လုပ်ဖော်ကိုင်ဖက် ဖြစ်နေသဖြင့် သူ့အတွက် အကျိုးရှိသည်။

လင်းဟွမ်က အစောင့် ပြောသည့်အတိုင်း ပစ္စည်း ရှင်းလင်းသော နေရာတစ်ခုတွင် မွန်းစတား အလောင်းများကို ထုတ်ယူ လိုက်သည်။ မွန်းစတားအလောင်း ထောင်ပေါင်းများစွာက တောင်ကုန်းလေး တစ်ခုကဲ့သို့ စုပုံသွား၏။

ဂိုထောင် အစောင့်က လင်းဟွမ်၏ အချိန်ကို အများကြီး မဖြုန်းတီးခဲ့ပေ။ စိတ်နှင့် စကင်န်

ဖတ်ပြီးနောက် မကြာခင် စာရင်းဇယား ထုတ်ပေးလိုက်သည်။

“အင်မော်တယ်အဆင့် (၁) အသေကောင် (၂၃၃) ကောင်။

အင်မော်တယ်အဆင့် (၂) အသေကောင် (၁၉၇) ကောင်။

အင်မော်တယ်အဆင့် (၃) အသေကောင် (၁၆၁) ကောင်...

အင်မော်တယ်အဆင့် (၆) အသေကောင် (၂၇) ကောင်...

အလောင်းတွေ အားလုံးက ခြေလက် အပြည့်အစုံပဲ။ အများစုက တစ်ချက်တည်း အသတ်ခံရပြီး ဒဏ်ရာ အပျက်အစီး သိပ် မရှိဘူး”

အချက်အလက်က တိကျလှ၏။

လင်းဟွမ်သည် သူကိုယ်တိုင် သတ်ဖြတ်ခဲ့သော အင်မော်တယ်အဆင့် (၇) အလောင်း (၁၀) လောင်းကိုမူ ထုတ် မပေးခဲ့ပေ။ သူက ဓါးပညာတွင် အဓိက ကျွမ်းကျင်သည့် အကြောင်းကို အခြားသူများ သတိ မထားမိစေချင်ပေ။

“ငါ့ဆီကို အချက်အလက် အတိအကျ ပို့ပေးလိုက်။ ငါဖောက်သည်နဲ့ ထွက်သွားတော့မယ်”

ဟုန်လုက ပြောပြီးနောက် လင်းဟွမ်ကို သူမ ရုံးခန်းထဲ ပြန်လည် ခေါ်ဆောင်သွားသည်။

"မစ္စတာလင်း မင်းကတော့ ငါ့ကို စပရိုက် တိုက်လိုက်တာပဲ။ ငါက အင်မော်တယ်အဆင့် (၂) ဒါမှမဟုတ် အဆင့်(၃) မွန်းစတားတွေ လောက်ပဲ ပေးနိုင်မယ်လို့ ထင်နေခဲ့တာ။ မင်းကို လျှော့တွက်ခဲ့မိတဲ့ ပုံပဲ။ အရေအတွက်ပဲ ဖြစ်ဖြစ် အရည်အချင်းပဲ ဖြစ်ဖြစ် မွန်းစတားတွေက ငါ့ မျှော်လင့်ချက်ထက် ကျော်လွန် နေပြီ"

“ငါတို့ မင်းကို ပေါက်စျေးနဲ့ ဝယ်မယ် ပြောထားတယ်နော်။ အင်မော်တယ်အဆင့် (၁) အလောင်းက ကံကြမ္မာ သလင်းကျောက် တစ်သောင်း၊

အင်မော်တယ် အဆင့် (၂) အလောင်းက ကံကြမ္မာ သလင်းကျောက် နှစ်သောင်း။

အင်မော်တယ် အဆင့် (၃) အလောင်းက ကံကြမ္မာသလင်းကျောက် လေးသောင်း။

အင်မော်တယ်အဆင့် (၄) အလောင်းက ကံကြမ္မာ သလင်းကျောက် ရှစ်သောင်း။

အင်မော်တယ်အဆင့် (၅) အလောင်းက ကံကြမ္မာသလင်းကျောက် တစ်သိန်း ခြောက်သောင်း။

အင်မော်တယ်အဆင့် (၆) က ကံကြမ္မာ သလင်းကျောက် သုံးသိန်းနှစ်သောင်း ရမယ်။ ဒီမွန်းစတား အလောင်းတွေ အကုန်လုံးက တစ်မူထူးခြားနေလို့ ပရီမီယံဈေးနှုန်း ပေးလိုက်မယ်”

ဟုန်လုက ဈေးနှုန်း ဖွင့်ပေးလိုက်သည်။

ခဏကြာသောအခါ ဟုန်လုက လင်းဟွမ်ရှေ့တွင် ကိန်းဂဏန်းများပါသော မျက်နှာပြင် တစ်ခုကို ဖွင့်ပြလိုက်သည်။

“မှန်လား…”

လင်းဟွမ်က နံပါတ်များကို သိလိမ့်မည်ဟု ဟုန်လုက သိနေသည်။

"မှန်တယ်..."

လင်းဟွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

လင်းဟွမ် အတည်ပြုပြီးသည်နှင့် ဟုန်လုက စကၠန့်မဆိုင်းတော့ဘဲ လင်းဟွမ်အကောင့်ထဲသို့ ထို ငွေပမာဏအတိုင်း လွှဲပေးလိုက်သည်။ လင်းဟွမ် ပြန်မထွက်သွားခင် သူမက ရုတ်တရက်

"မစ္စတာလင်း မင်းအတွက် စိတ်ဝိညာဉ် လက်နက်ကို ငါတို့ ဝယ်ပေးစေချင်တာ သေချာလား။ မင်းဟာမင်း မဝယ်ဘူးလား..."

"စိတ်မပူနဲ့။ ငါက သိပ်မပျင်းဘူး။ မူရင်းခေါက်ကြွင်းပဲ ဖြစ်ဖြစ်၊ အထွတ်အထိပ် ခေါက်ကြွင်းပဲ ဖြစ်ဖြစ် ဒါမှမဟုတ် နှစ်ခုလုံး ရရင်လည်း နှစ်ခုလုံး လိုချင်တယ်"

လင်းဟွမ်က ပြန် မထွက်သွားခင် ပြောလိုက်သည်။

# အခန်း(၆၄၁) - စပ်ကြောင်းမဲ့။

လင်းဟွမ် အသူရာ ချောက်ကမ်းပါးထဲမှ ထွက်ခွာလာသည်နှင့် ထိုသတင်းကို ယောင်မိသားစု ကြားလိုက်သည်။

မိဘ ဖြစ်သူများသည် အလုပ်ရှုပ်နေသောကြောင့် ယောင်ဟွမ်ဟွမ်ကို အကြောင်း ကြားရမည့်အစား သမီးကြီးယောင်လန်းထံ ဆက်သွယ် အကြောင်း ကြားလိုက်သည်။

"လန်းအာ... လင်းရှီဆိုတဲ့ ကောင်လေးကို အသူရာချောက်ကမ်းပါးထဲမှာ တွေ့ခဲ့လား..."

စာကြည့်တိုက်ထဲ ရှိနေစဉ် မိခင်ဖြစ်သူက ဖုန်းဆက်၍ မေးလာသဖြင့်

"အင်း... တွေ့ခဲ့တယ်..."

"သူ့ကို ဘယ်လို ထင်လဲ..."

ဖခင်က တိုက်ရိုက်မေးသည်။

"အရမ်း အစွမ်းထက်တယ်။ သမီးနဲ့ အဆင့်တူမယ်ဆို သူ့ကို မတိုက်ခိုက်နိုင်ဘူး"

ယောင်လန်းက မှတ်ချက် ပေးလိုက်သည်။

"မဖြစ်နိုင်ဘူး... မင်းက အထွတ်အထိပ် ပါရမီရှင်လေ။ သူက ဘယ်လိုလုပ်ပြီး မင်းလိုမျိုး ဉာဏ်ပညာ ရှိနိုင်မှာလဲ..."

ဖခင်ဖြစ်သူ မျက်မှောင်ကြုတ်သွားသည်။

"သူက တိုက်ပွဲစွမ်းရည်တင် မဟုတ်ဘူး။ သာမန် သန့်ရှင်းမီးလျှံ အဆင့်တွေထက် ဘက်ပေါင်းစုံက အများကြီး ပိုအစွမ်းထက်တယ်။ နောက်ပြီးတော့ နည်းစနစ်မျိုးစုံလည်း ကျွမ်းကျင်သေးတယ်။ သူ့စွမ်းရည်က အထွတ်အထိပ် ပါရမီရှင်တွေ ကြားထဲမှာတောင် ထိပ်ဆုံးဖြစ်နိုင်တယ်။ သူနဲ့ အဆင့်တူတဲ့လူက ငါးယောက်ထက် မပိုနိုင်ဘူး..."

ယောင်လန်းက ဂုဏ်ယူစွာ မှတ်ချက်ပေးလိုက်သည်။

"မင်း သူနဲ့တိုက်ခိုက်ခဲ့လား..."

ဖခင်ဖြစ်သူသည် သမီးဖြစ်သူ၏ စကားကိုကြားလျှင် မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားသည်။

"ဟင့်အင်း။ သူနဲ့ တစ်ရက် အတူတူနေတဲ့အချိန်မှာ ဟွမ်ဟွမ် ပြောသလိုပဲ..."

ယောင်လန်းက ဟန်လုပ်၍ ပြုံးလိုက်သည်။

မိဘများ စိတ်ပူလာသည်။ သမီးကြီးဖြစ်သူက ဤကဲ့သို့ စုံစမ်းစစ်ဆေးလိမ့်မည်ဟု မထင်ထားခဲ့ပေ။

"သူ့ရဲ့စွမ်းရည်က ငါတို့ ခန့်မှန်းထားတာထက် ကျော်နေပြီ။ သူက ကြက်သွေးရောင်မီးလျှံ အဆင့်လေးနဲ့ အင်မော်တယ်အဆင့် (၆) သန္ဓေသုံးကြိမ်ပြောင်း ကံကြမ္မာမီးစာ မွန်းစတားကို အမဲလိုက်နေပြီ။ နောက်ပြီးတော့ သန္ဓေသုံးကြိမ်ပြောင်း အင်ပါယာအဆင့် မွန်းစတား လက်ထဲကတောင် လွတ်မြောက်အောင် ထွက်ပြေးနိုင်ခဲ့တယ်။ သမီးရဲ့ အခုလက်ရှိ အစွမ်းနဲ့ဆိုရင် ရှိသမျှ အကုန်မသုံးရင် အဲ့ဒီလို လုပ်နိုင်မှာ မဟုတ်ဘူး"

ယောင်လန်းသည် လင်းဟွမ်နှင့် တစ်ရက်တာ အတူတူ ဖြတ်သန်းခဲ့ပြီးနောက် သူမ သတိထားခဲ့မိသည့် အကြောင်းအရာများကို ပြန်ပြောပြလိုက်သည်။

အင်ပါယာအဆင့် ဖြစ်သော သူမ၏မိဘများသည် ယောင်လန်း၏ စကားကို နားထောင်ပြီးနောက် လင်းဟွမ်က ဤမျှ အစွမ်းထက်နေသည်ကို မယုံကြည်နိုင် ဖြစ်နေကြသည်။

"ဒါပေမယ့် သတင်းကောင်းကတော့ ဟွမ်ဟွမ်ကို စိတ်မဝင်စားဘူး"

ယောင်လန်း၏ ကောက်ချက်ကြောင့် မိဘများ စိတ်အေးသွားသည်။

"ဒါပေမယ့် ဒီကလေးက ဘာဖြစ်လို့ ဖယ်ရှားခြင်းမြို့ကို ပြန်လာလဲဆိုတာတော့ ဘုရားပဲ သိလိမ့်မယ်။ ဟွမ်ဟွမ်ကိုတော့ မပြောပြသေးဘူး။

နောက်ပြီးတော့ အဲ့ဒီကလေးကို သွားမနှောက်ယှက်အောင် သူ့ကို လိမ်ထားရမယ်”

ဖခင်ဖြစ်သူက ကူကယ်ရာမဲ့စွာ ပြောလိုက်သည်။

“ဒါပေမယ့် ဒီလင်းရှိုက လူဆိုး မဟုတ်ဘူး။ ဟွမ်ဟွမ်ကို သူ့အနားမှာ ထားတာ ပိုကောင်းပါတယ်။ အပေါ်ယံ ကြည့်ရင်တော့ သူ့အထောက်အထား လက္ခဏာနဲ့ ပက်သက်ပြီး ဘာတစ်ခုမှ မတွေ့ရဘူး။ ထိပ်တန်း မြေအောက်အဖွဲ့အစည်း တစ်ခုခုက လေ့ကျင့်ပေးထားတဲ့ သန့်ရှင်းသားတော် ဖြစ်နိုင်တယ်။ သူ့နောက်ကွယ်က အဖွဲ့အစည်းကို ငါတို့တွေ မစော်ကားသင့်ဘူး”

"ဒါပေမယ့်... ဟွမ်ဟွမ်.."

မိခင်ဖြစ်သူမှာ စိတ်သောက ရောက်နေပုံပင်။

"အမေတို့တွေက ဟွမ်ဟွမ်ရဲ့ အခွင့်အရေးကို လုယူနေကြပြီ။ ဒီရက်ပိုင်းတော့ လက်ကျန်ကိစ္စတွေကို လက်စဖြတ်ပြီး ဘာဖြစ်လို့ ဟွမ်ဟွမ်နဲ့ စကား မပြောကြည့်တာလဲ..."

ယောင်လန်းက မိဘနှစ်ယောက်ကို ပြောလိုက်သည်။

"လင်းရှီအကြောင်း စုံစမ်းနေတာနဲ့ ပက်သက်ပြီး ရပ်လိုက်တော့။ သူနဲ့ ဘာမှမပတ်သက်တာ ပိုကောင်းမယ်။ တကယ်လို့ တစ်ယောက်ယောက်က သူ့အကြောင်း မေးလာရင်တောင် ဘာမှ ပြန်မပြောနဲ့..."

အသူရာချောက်ကမ်းပါး အနီးရှိ ဝပ်ကျင်းမှ ဟိုတယ်တစ်ခုတွင် အခန်းယူပြီးနောက် ယောင်လန်းသည် သူမ အင်ပါယာနှလုံးသား လက်စွပ်ထဲမှ ရွှေစာရင်းကို ထုတ်ကြည့် လိုက်သည်။ အခြားသူများနှင့် အတည်ပြုခဲ့မည် ဆိုလျှင် စာရင်းထဲတွင် ပါသော လူ (၁၀)ယောက်ကျော်မှာ အဖွဲ့ခွဲ (၃) တွင် ထင်ရှားကျော်ကြားသည့် ထူးချွန်သော ပါရမီရှင် လူငယ်များဖြစ်ကြောင်း သိကြလိမ့်မည်။

ယောင်လန်းသည် သူမ၏ နူးညံ့သော လက်ချောင်းများကို ရွှေ့ပြီး ပြုံးလိုက်ကာ စာရင်း၏

အောက်ခြေတွင် လင်းရှီ၏နာမည်ကို ရွှေရောင်မှင်နှင့် ထည့်သွင်းလိုက်သည်။

. . .

လင်းဟွမ်သည် မှောင်ခိုဈေးထဲ သွားပြီးနောက် ဟိုတယ်အခန်းထဲတွင် ပြန်၍ အနားယူလိုက်သည်။ စိတ်ဝိညာဉ် လက်နက်ကို မရသေးခင် စိတ်စွမ်းအားများကို အသုံးပြုတတ်ချင်နေသည်။

ငရဲချိန်နဲ့ ကလေးငယ်၏ စိတ်စွမ်းအားကို နှစ်ရက်ခန့် လေ့ကျင့်ပြီးနောက် လင်းဟွမ်သည် (၈၀) ရာခိုင်နှုန်းအထိ ကျွမ်းကျင်လာခဲ့သည်။

မွန်းစတားမီးစာ၏ အမွေကို ဆက်ခံခြင်းက ထိုအရည်အချင်းကို တိုက်ရိုက် ရရှိနိုင်သော မှတ်ဉာဏ်တစ်ခုသာ ဖြစ်သောကြောင့် လူသားမှတ်ဉာဏ် အမွေအနှစ်နှင့် အလွန် ကွဲပြား၏။

သဘောတရားကို သင်ယူပြီးနောက် နားလည်ရန် မလိုအပ်ပေ။ ထိုစွမ်းရည်က ခန္ဓာကိုယ်၏ အစိတ်အပိုင်း တစ်ခုကဲ့သို့ ဖြစ်လာလိမ့်မည်။ သူ့တွင် ပစ္စည်းအလုံအလောက် ရှိပါက တိုက်ပွဲအတွက် တိုက်ခိုက်ရေး ပုံစံကို ကိုယ်တိုင် ဖန်တီးနိုင်လိမ့်မည်။ သူအသုံးပြုရန် လိုအပ်သည့် တစ်ခုတည်းသောအရာမှာ ဖန်ဆင်းခြင်း ကျင့်စဉ်ကို အသုံးပြုရန် လိုအပ်ခြင်းပင် ။

လူသားမှတ်ဉာဏ် အမွေဆက်ခံမှုမှာ လူတစ်ယောက်၏ မှတ်ဉာဏ်ကို ရယူနိုင်သော်လည်း ထိုစွမ်းရည်ကို မရရှိနိုင်ပေ။ တိုက်ပွဲအတွင်းတွင် တိုက်ခိုက်ရေးပုံစံ လုပ်ဆောင်ရန် လိုအပ်သည့် အချက်အလက် အားလုံးကို ရယူရသလိုပင်။ သို့သော်လည်း တိုက်ခိုက်ရေးပုံစံကို ကိုယ်တိုင် မဖန်တီးခင် အချက်အလက်များကို အရင်ဆုံး နားလည်အောင် လေ့လာထားရမည်။

ဖန်တီးမှု သဘောတရားကို နားမလည်ပါက ဦးနှောက်ထဲတွင် အချက်အလက် မည်မျှရှိနေပါစေ တိုက်ခိုက်ရေးပုံစံကို ပြုလုပ်နိုင်မည် မဟုတ်ပေ။

ဒါသည် သွေးရဲရဲလေး၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် ငရဲချိန်နဲ့ ကလေးငယ်ကို ကံကြမ္မာမီးစာ မွန်းစတားအဖြစ် လင်းဟွမ် ရွေးချယ်ရသည့် အဓိက အကြောင်းအရင်းလည်း ဖြစ်သည်။ ဒါသည် လေ့ကျင့်ချိန် နှစ်နှစ်ခန့် အချိန်ကုန် သက်သာစေသည်။

ဒါသည် လင်းဟွမ်၏ ထူးချွန်ထက်မြက်သော စံနှုန်းနှင့် တွက်ချက်ထားခြင်းပင် ။ အခြားလူများ ဆိုပါက ဤစွမ်းရည်ကို ကျွမ်းကျင် ပိုင်နိုင်ရန် နှစ်နှစ်ဆယ်ခန့် အချိန်ယူရလိမ့်မည်။

လင်းဟွမ်သည် ထိုစွမ်းရည်ကို ရရှိပြီးနောက် မူလတန်းအဆင့်မှ အထက်တန်း အဆင့်အထိ ကျွမ်းကျင်လာစေရန် နှစ်ရက်ခန့်သာ အချိန်ယူခဲ့ရသည်။ နောက်ပိုင်းတွင် လိုအပ်သော အသေးစိတ် အချက်အလက်များနှင့် နည်းစနစ်များ ရှုပ်ထွေး လာသောကြောင့် အခြေခံကိုသာ ကျွမ်းကျင် ပိုင်နိုင်ခဲ့သည်။

ယခုအခါ၌ လင်းဟွမ်သည် စိတ်ဝိညာဉ် လက်နက် အသုံးမပြုဘဲ စိတ်စွမ်းအားကို အသုံးပြုလိုက်ရုံနှင့် အင်မော်တယ်အဆင့် (၃) မွန်းစတားတစ်ကောင်ကို အလွယ်တကူ သတ်ဖြတ်နိုင်သည်။

"အသေးစိတ် အချက်အလက် တချို့ကတော့ ကျွမ်းကျင်လာအောင် လုပ်ဖို့အတွက် အခက်အခဲ တချို့ ရှိသေးတယ်။ ငရဲချိန်နဲ့ ကလေးငယ်ရဲ့ စိတ်စွမ်းအားကိုတော့ လေ့ကျင့်ပြီး ရင်းနှီး အသားကျဖို့အတွက် အနည်းဆုံး တစ်ပတ်လောက်တော့ အချိန်ယူရမယ်..."

လင်းဟွမ်သည် သူ၏ကိုယ်ပိုင် တိုးတက်မှုကို ကောင်းကောင်း နားလည်သည်။ ငရဲချိန်နဲ့ ကလေးငယ်၏ စွမ်းရည်ကို (၈၀) ရာခိုင်နှုန်း ကျွမ်းကျင်ပိုင်နိုင်ခဲ့သော်လည်း ကျန်သည့် (၂၀) ရာခိုင်နှုန်းမှာ ရှုပ်ထွေးသောကြောင့် အချိန်ပိုယူရန် လိုအပ်သည်။

လင်းဟွမ်သည် စိတ်စွမ်းအား ပိုင်ဆိုင်ထားသည့်အပြင် နတ်ဘုရားတစ်ပိုင်း ချီမူရှုံး၏ မှတ်ဉာဏ်ကိုလည်း အမွေဆက်ခံ ထားသောကြောင့် သူ၏ကိုယ်ပိုင် အထောက်အထားကို ဖုံးကွယ်နိုင်ရန် ရွေးချယ်ခဲ့ခြင်းသာ.....

ချီမူရှုံးမှာ စိတ်စွမ်းအားကို ကျွမ်းကျင်သော လူတစ်ယောက်ဖြစ်ပြီး သူ၏ စိတ်စွမ်းအားသည် ငယ်စဉ်အချိန် ကလေးဘဝ ကတည်းကပင် အားကောင်းလာခဲ့သည့် ပါရမီရှင် တစ်ယောက်ပင်။

သူ့ဘဝ တစ်လျှောက်လုံးတွင် စိတ်စွမ်းအား နည်းစနစ်များစွာကို ရှာဖွေ တွေ့ရှိခဲ့သည့်အပြင်

စပ်ကြောင်းမဲ့ ဟုခေါ်သော စိတ်စွမ်းအား ကျင့်စဉ်ကိုလည်း တီထွင်ခဲ့သည်။ ထိုကျင့်စဉ်သည် ကျင့်ကြံသူတစ်ယောက် စိတ်စွမ်းအားများကို အသုံးပြုပြီး မရေမတွက်နိုင်သော စိတ်ဝိညာဉ် လှိုင်းများကို ထုတ်လွှင့်ခြင်း ဖြစ်သည်။

ချီမူရှုံးသည် သူ၏ စိတ်စွမ်းအားကို စိတ်ဝိညာဉ် လှိုင်းပေါင်း (၁၈,၀၀၀) အထိ ပိုင်းခြားနိုင်ပြီး ကီလိုမီတာ သုံးသောင်း အကွာအဝေး အတွင်းတွင် ထိန်းချုပ်၍ တိုက်ခိုက်နိုင်သည်။

အကယ်၍ သူသာ ကမ္ဘာမြေပေါ်တွင် ရှိပါက လေသာဆောင်ပေါ်တွင် မတ်တပ်ရပ်ပြီး

စိတ်ဝိညာဉ်လှိုင်းများကို ထိန်းချုပ်၍ ကမ္ဘောပေါ်ရှိ မည်သည့် သက်ရှိတိုင်းကိုမဆို ဦးနှောက်ထိုးဖောက်၍ သတ်ပစ်နိုင်သည်။

စပ်ကြောင်းမဲ့ ကျင့်စဉ်၏ ပထမအဆင့်သည် စိတ်စွမ်းအားကို အသုံးပြုပြီး စိတ်ဝိညာဉ်လှိုင်း (၃၀၀) ခွဲထုတ်ရန်ပင် ။

လင်းဟွမ်သည် နှစ်ရက်ခန့် လေ့ကျင့်ပြီးနောက် အခြေခံ အချက်အလက်များကို ကျွမ်းကျင်ပိုင်နိုင်လာပြီး နောက်ဆုံးတွင် စပ်ကြောင်းမဲ့ ကျင့်စဉ်ကို သင်ယူနိုင်ခဲ့သည်။

# အခန်း(၆၄၂) - ကြီးမားသော အကြပ်အတည်းတစ်ခု

စိတ်စွမ်းအားကို ခွဲစိတ်ခြင်းမှာ အသိစိတ်အာရုံကို အသေးစိတ် ထိန်းချုပ်ရန်လိုအပ်ပြီး အလွန် အနုစိတ်သော လုပ်ငန်းတစ်ခုပင် ။

ငရဲချိန်နဲ့ ကလေးငယ်၏စွမ်းရည်ကို မရခင်က စပ်ကြောင်းမဲ့ကျင့်စဉ်ကို ကျင့်ကြံမည် ဆိုပါက အထက်တန်းကျောင်း မေးခွန်းကို ဖြေဆိုနေရသော မူလတန်းကျောင်းသား တစ်ယောက်ကဲ့သို့ ခက်ခဲ

နေလိမ့်မည်။ သို့သော်လည်း ယခုမူ လင်းဟွမ်အတွက် ခက်ခဲခြင်း မရှိတော့ချေ။

တစ်မနက် တည်းမှာပင် စိတ်စွမ်းအင် လှိုင်း တစ်လှိုင်းမှ နှစ်လှိုင်း၊ နှစ်လှိုင်းမှ လေးလှိုင်း စသဖြင့် ခွဲထုတ်လာနိုင်သည်။ နောက်ဆုံးတွင် စိတ်စွမ်းအင် လှိုင်း(၃၀၀) အထိ ခွဲထုတ်နိုင်လာပြီး စပ်ကြောင်းမဲ့ ကျင့်စဉ်အဆင့် (၁)ကို အောင်မြင်ခဲ့သည်။

ထို့နောက် စိတ်စွမ်းအင် လှိုင်း (၃၀၀) ကို ထိန်းချုပ်နိုင်ရန် စတင် လေ့ကျင့်ခဲ့သည်။ ည (၁၀) နာရီ ကျော်လာသောအခါ လင်းဟွမ်သည် ခွဲထုတ်ထားသော စိတ်စွမ်းအင် (၃၀၀) ကျော်ကို ထိန်းချုပ်နိုင်ခဲ့သည်။

သူ၏ လေ့ကျင့်ပစ်မှတ် ဖြစ်သော သနားစရာကောင်းသည့် ညဖြူဝံပုလွေမှာ အပိုင်းပေါင်း တစ်ထောင်ကျော် ဖြစ်သည်အထိ အပိုင်းပိုင်း အခွဲခံလိုက်ရသည်။

လင်းဟွမ်က လင်ပုပ် စပါးအုံးမြွေထံ ပစ်ပေးသောအခါ လင်ပုပ် စပါးအုံးမြွေကပင် မစားချင်လောက်အောင် ရွံ့စရာကောင်းနေသည်။

နောက်တစ်နေ့ မနက်တွင် စိတ်စွမ်းအားကို အသုံးပြုပြီး စပ်ကြောင်းမဲ့ ကျင့်စဉ်အဆင့် (၂)ကို စတင် လေ့ကျင့်ခဲ့သည်။ စိတ်စွမ်းအား ထိန်းချုပ်နိုင်စွမ်း

တိုးတက်လာသောကြောင့် ခွဲထုတ်မှု အရှိန်မှာလည်း ပိုမို မြန်ဆန်လာခဲ့သည်။

နေ့လည် (၂) နာရီ ကျော်သောအခါ စိတ်စွမ်းအင်လှိုင်း တစ်ထောင်အထိ ခွဲထုတ်နိုင်ခဲ့ပြီး စပ်ကြောင်းမဲ့ ကျင့်စဉ်၏ အဆင့် (၂) ကို အောင်မြင်ခဲ့သည်။

ထို့နောက် စိတ်စွမ်းအင်လှိုင်း တစ်ထောင်ကို ထိန်းချုပ်နိုင်ရန် စတင် လေ့ကျင့်ခဲ့သည်။

ညနေ (၅) နာရီ ထိုးပြီးနောက် လင်းဟွမ်၏ ဆက်သွယ်ရေးစက်က အသံမြည်လာသည်။ ထိုအထဲတွင်

ပူးတွဲပါ စာရွက်စာတမ်း (၃) ခု ပါရှိလာပြီး ဟုန်လုထံမှ ပေးပို့ခဲ့ခြင်းပင် ။

"မစ္စတာလင်း မင်းအတွက် ပုံစံမျိုးစုံရှိတဲ့ အထွတ်အထိပ်အဆင့် စိတ်ဝိညာဉ် လက်နက်သုံးစုံ ရှာတွေ့ထားတယ်။ တစ်မျိုးက ကြယ်ပုံစံ၊ နောက်တစ်မျိုးက ကတော့ချွန်ပုံစံ၊ နောက်ဆုံးတစ်မျိုးက ပေါက်ခါးမြှောင်ပုံစံ၊ မင်း လေ့လာလို့ရအောင် လက်နက် (၃) မျိုးရဲ့ အသေးစိတ် အချက်အလက်တွေ ပို့ပေးထားတယ် ၊မင်း ဆုံးဖြတ်ပြီးရင် ငါတို့ဘက်က ဝယ်ဖို့ စီစဉ်လိုက်မယ်"

လင်းဟွမ်သည် ဟုန်လု၏မက်ဆေ့ကို ဖတ်ပြီးနောက် စာရွက်စာတမ်း (၃) ခုကို ချက်ချင်း ကြည့်လိုက်သည်။

ပထမတစ်မျိုးမှာ ကတော့ချွန်ပုံစံ စိတ်ဝိညာဉ် လက်နက်ပင် ။ ၎င်းက ထိပ်ဖြားချွန် အဆူးပေါင်း (၁၈၀) ခုဖြင့် ပြုလုပ်ထားသည်။ ထိုလက်နက်မှာ အလျင်မြန်ဆုံး ဖြစ်သလို အထိုးဖောက်နိုင်ဆုံး လက်နက်တစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် စိတ်စွမ်းအား ပိုင်ဆိုင်သော လူများသည် ထိုကဲ့သို့ လက်နက်များကို အသုံးပြု တတ်ကြသည်။ ကံကြမ္မာ သလင်းကျောက် (၉.၈) သန်း ကုန်ကျသည်။

ဒုတိယတစ်ခုမှာမူ သံဆူးလုံး (၁၀၈) ခုနှင့် ပြုလုပ်ထားသော ကြယ်ပုံစံ လက်နက်ပင် ။ ဤလက်နက်၏ တိုက်ခိုက်မှုမှာ စိတ်စွမ်းအား ထိန်းချုပ်နိုင်စွမ်း အနည်းဆုံး လိုအပ်ပြီး လက်နက်များကို ဥက္ကာခဲများ ပြိုကျလာသည့်အလား အစုလိုက် အပြုံလိုက် ပစ်ချနိုင်သည်။ စိတ်စွမ်းအားကို ထိန်းချုပ်ပြီး အမြန်နှုန်းနှင့် ဥက္ကာခဲများ၏ အလေးချိန်ကို အခိက ချိန်တွယ်ရသောကြောင့် ကျွမ်းကျင်ရန် လွယ်ကူသည်။ ကံကြမ္မာသလင်းကျောက် (၈) သန်းခွဲ ကုန်ကျသည်။

သံဆူးလုံး တစ်ခုစီ၏ ကုန်ကျစရိတ်မှာ ကတော့ပုံ ဆူးချွန်များထက် ပိုများသည်။

နောက်ဆုံးတစ်ခုမှာ ပေါက်ခါးမြှောင်ပေါင်း (၃၆၀) နှင့်ပြုလုပ်ထားသော စိတ်ဝိညာဉ် လက်နက် ဖြစ်ပြီး ဒါသည် စိတ်စွမ်းအား ထိန်းချုပ်နိုင်စွမ်း မြင့်မားရန် လိုအပ်သည်။ လူတစ်ယောက်က သူ၏စိတ်စွမ်းအားကို ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းချုပ်နိုင်ပါက ထိုလက်နက်၏ အမြန်နှုန်းနှင့် ထိုးဖောက်နိုင်စွမ်းမှာ ကတော့ချွန် လက်နက်ကဲ့သို့ အစွမ်းထက်လှသည်။ ထို့အပြင် အခြားလက်နက် ပုံစံများနှင့် နှိုင်းယှဉ်ပါက ပိုမို များပြားသော ပုံစံများရှိသည်။ သို့သော်လည်း

စိတ်စွမ်းအား ထိန်းချုပ်မှုကို ကျွမ်းကျင်ပိုင်နိုင်ခြင်း မရှိပါက ကြယ်လက်နက်ထက်ပင် ပိုဆိုးပေလိမ့်မည်။ တန်ဖိုးမှာ ကံကြမ္မာသလင်းကျောက် (၂၁.၉) သန်း ရှိသည်။

လင်းဟွမ်သည် သူ၏ခါးတာအိုနှင့် လိုက်ဖက်မည့် ဈေးအကြီးဆုံး ဖြစ်သည့် ပေါက်ခါးမြှောင်ကို နှစ်ခါပြန်မတွေးဘဲ ရွေးချယ်လိုက်သည်။

“အရေအတွက် နည်းလွန်းတာ ဆိုးတယ်ကွာ၊ ပေါက်ခါးမြှောင်က ထောင်နဲ့ချီ ဒါမှမဟုတ် သောင်းနဲ့ချီရင် ပိုကောင်းမယ်”

လင်းဟွမ်သည် ဓါးစိုးမိုးသူက ဓါးရှည်ပေါင်း (၃,၀၀၀)ကျော်ကို လေထဲတွင် ထိန်းချုပ်နေသည့် မြင်ကွင်းအား ပြန်လည် မြင်ယောင်လာသည်။ လင်းဟွမ်သည် လက်နက်ကို ရွေးချယ်ပြီးနောက် ဟုန်လုထံ ချက်ချင်း ဖုန်းဆက်လိုက်သည်။

ဟုန်လုက အပြုံးကလေးနှင့် ဖုန်းပြန်ဖြေသည်။

"ဆုံးဖြတ် ပြီးပြီလား"

"ဟုတ်တယ် ပေါက်ဓါးမြှောင် လိုချင်တယ်"

ဟုန်လု လုံးဝ မအံ့ဩပေ။

"မင်းအတွက် ငါ အော်ဒါ တင်လိုက်မယ်"

“ဒီရှေးဟောင်း ခါတ်ကြွင်းနဲ့ ပက်သက်တဲ့ သတင်းအသစ်ရော မရှိဘူးလား”

လင်းဟွမ်က မေးလိုက်သည်။

“ရှေးဟောင်း ခါတ်ကြွင်းတွေက ရှားတယ်။ စိတ်ဝိညာဉ် လက်နက်မပြောနဲ့ အကြမ်းစား လက်နက်တောင် ပေါ်လာဖို့ နှစ်အနည်းငယ် ကြာတယ်”

ဟုန်လုက ခေါင်းခါလိုက်ပြီး

“ဒါဆိုလဲ စောင့်ကြည့်ပေးထားမယ်လေ။ သတင်းရရင် မင်းဆီ အကြောင်းကြားလိုက်မယ်။ မင်းအတွက် အထွတ်အထိပ် ခါတ်ကြွင်းတစ်ခု အော်ဒါ

တင်ထားလိုက်မယ်။ မင်း အရင်သုံးထားလို့ ရတာပေါ့၊ မင်းမှာ တခြားလိုအပ်တာ ရှိသေးလား”

“အင်း.....”

လင်းဟွမ်က ခေါင်းငြိမ့်ပြီးနောက် မဝံ့မရဲဖြင့်

“အထွတ်အထိပ် ပေါက်ခါးမြှောင် ပိုလိုချင်တယ်။ ငါ ဘယ်လောက်များများ ရနိုင်မလဲ။ ရနိုင်သလောက် လိုချင်တယ်”

“နောက်ထပ်လား”

ဟုန်လု ဇဝေဇဝါ ဖြစ်သွားသည်။ လင်းဟွမ်က ထိုပစ္စည်းကို ပြန်လည် ရောင်းချချင်သလားဟုပင် တွေးလိုက်မိသည်။

“မင်း ပြန်ရောင်းဖို့ စဉ်းစားနေတယ်ဆို ဈေးနှုန်းက လူတိုင်း သိနေတယ်နော်။ မင်း အမြတ်အများကြီး ရမှာမဟုတ်ဘူး။ နောက်ပြီးတော့ ဒီလို ထိပ်တန်း လက်နက်တွေက ဈေးကြီးတယ် မင်း ၁၀% လောက် အမြတ်ရရင်တောင် ကံကောင်း”

“အဲ့ဒါ မင်း အလုပ်မဟုတ်ဘူး၊ ငါ့အတွက် အော်ဒါ မှာပေးရုံပဲ”

လင်းဟွမ်က ရှင်းပြချင်စိတ် မရှိပေ။

"ဒါဆိုလဲ ကောင်းပြီလေ မင်း ဘယ်လောက်လိုချင်လဲ"

ဟုန်လုက စိတ်အလိုမကျသော အသံနှင့် မေးလိုက်သည်။

"ကိုးစုံ မဟုတ်သေးဘူး ဆယ်စုံ လိုချင်တယ်"

လင်းဟွမ်က ဖြေလိုက်ရာ

"(၁၀) စုံ......"

ဟုန်လုသည် လင်းဟွမ် ရူးသွားပြီဟု တွေးလိုက်မိသည်။

"မစ္စတာလင်း မင်း ပြန်ရောင်းဖို့ စဉ်းစားနေတယ် ဆိုရင် ဈေးကွက်ကို စမ်းကြည့်ဦးနော်။ (၁၀) စုံ ဝယ်လိုက်ရင် မင်း သိန်း (၂၀၀) လောက် ရှုံးသွားလိမ့်မယ်"

စိတ်စွမ်းအား ပညာရှင် အများစုက စိတ်စွမ်းအင်လှိုင်း (၁၀၀) သာ ခွဲထုတ်နိုင်ပြီး အချို့ကသာ စိတ်စွမ်းအင်လှိုင်းပေါင်း (၃၀၀) ကျော်အထိ ခွဲထုတ်နိုင်သည်။ ထို့ကြောင့် လင်းဟွမ်က သူ ကိုယ်တိုင် အသုံးပြုရန်အတွက် လက်နက်အားလုံးကို ဝယ်ခြင်း ဖြစ်သည်ဟု မည်သည့်အချိန်ကမှ မတွေးခဲ့မိပေ။ ထိုလက်နက်များသည် စိတ်စွမ်းအား

တိုက်ခိုက်ရေးသမားများအတွက်ပင် အံ့ဩစရာကောင်းနေသည်။

"ဒါက ငါ့ပြဿနာပါ။ အဲ့ဒီလိုဖြစ်ရင်တောင် မင်းကိုလာမရှာဘူး။ ငါ့အတွက် အောဒ်ဒါမှာပေးရုံပဲ"

လင်းဟွမ်က ပြုံးလိုက်ပြီး

"စျေးသာပြော.... ငါ စရံပေးထားမယ်"

ဟုန်လုသည် လင်းဟွမ်က အခိုင်အမာပြောဆိုနေသဖြင့် နောက်ထပ် မပြောတော့ချေ။ စျေးကွက်ဖျက်ချင်သည့် ကြွက်စုတ်များက ငွေကိုမည်ကဲ့သို့ ဖြုန်းတီးချင်လဲ ဆိုသည်ကို သူမနားမလည်ပေ။

လင်းဟွမ်သည် ဖုန်းချပြီးနောက် သူမှာယူခဲ့သော ပထမဦးဆုံး စိတ်ဝိညာဉ် လက်နက်အတွက် ကံကြမ္မာသလင်းကျောက် (၂၁.၈) သန်းကို ဟုန်လုထံ လွှဲပြောင်းပေးလိုက်သည်။

နောက်တစ်နေ့ မွန်းလွဲပိုင်း၌ လင်းဟွမ်တည်းခိုရာ ဟိုတယ်တွင် လင်းဟွမ်က စပ်ကြောင်းမဲ့ ကျင့်စဉ်ကို မလေ့ကျင့်ရသေးခင် လက်နက်များ လွှဲပြောင်း ပေးအပ်ရန် ဟုန်လု ရောက်လာသည်။

ဟုန်လုသည် လင်းဟွမ်က နောက်ထပ် လက်နက် (၉)စုံ မှာယူချင်ကြောင်း အတည်ပြုပြီးနောက်

လင်းဟွမ်ကို သံသယ မျက်လုံးများဖြင့် စိုက်ကြည့်ကာ ပြန်ထွက်သွားသည်။

ညနေပိုင်းတွင် စီစဥ်ထားသည့်အတိုင်း စိတ်စွမ်းအင်လှိုင်းပေါင်း (၈၀၀) ကျော် ခွဲထုတ်နိုင်ခဲ့သည်။ စိတ်စွမ်းအင်များကို ထိန်းချုပ်ရာ၌ ပိုမိုကျွမ်းကျင်၍ အားကောင်းလာကြောင်း ရှင်းရှင်းလင်းလင်း ခံစားရသည်။

သုံးရက်ကြာပြီးနောက် လင်းဟွမ်သည် ငရဲချိန်နဲ့ ကလေးငယ်၏ စွမ်းရည် (၉၀) ရာခိုင်နှုန်းကို ကျွမ်းကျင်ပိုင်နိုင် လာခဲ့သည်။ စပ်ကြောင်းမဲ့ ကျင့်စဥ် အဆင့် (၃) ကို အောင်မြင်သောအခါ ငရဲချိန်နဲ့

ကလေးငယ်၏ စံနှုန်းကို လိုက်မီပြီး စိတ်စွမ်းအင် လှိုင်းပေါင်း (၃,၀၀၀) ထိန်းချုပ်နိုင်မည်ဟု တွေးလိုက်မိသည်။

လင်းဟွမ်သည် ရေချိုးပြီးနောက် သတင်းကို စတင် ဖတ်လိုက်သည်။ ဒါသည် အိပ်ယာမဝင်ခင် သူ ပြုလုပ်နေကြ အကျင့်တစ်ခုပင် ။ မှောင်ခိုဈေးကွက် စာမျက်နှာကို ဖွင့်လိုက်သည့် အချိန်မှာပင် ထိပ်တန်း သတင်းများက သူ့ အာရုံကို ချက်ချင်း ဆွဲဆောင်သွားသည်။

သတင်းခေါင်းစဉ်မှာ အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာမှ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်ဟု ရေးသားထားသည်။

လင်းဟွမ်သည် သတင်း ဖတ်နေရင်း မျက်မှောင်ကြုတ်လာသည်။ လျှို့ဝှက်ဆန်းကြယ် ဖြစ်ရပ်မှာ အမှန်တကယ်ပင် ငရဲချိန်နဲ့ ကလေးငယ် ဝင်ရောက်ခဲ့သည့် ဂူတွင်းရှိ အသူရာမြူခိုး ရှိနေသော နံရံပင် ။ လွန်ခဲ့သော ရက်အနည်းငယ်တွင် ယောင်လန်းက စွန့်စားသူတို့ သုခဘုံကို ပြန်လည် တင်ပြပြီးနောက် စွန်းစားသူတို့၏ သုခဘုံက စေလွှတ်လိုက်သော အင်ပါယာအဆင့် လူများအပြင်

ပြည်ထောင်စု အစိုးရနှင့် မုဆိုးအဖွဲ့အစည်းတို့၏ အင်ပါယာအဆင့် အဖွဲ့ဝင်များလည်း စုံစမ်းရေးအဖွဲ့ထဲတွင် ပူးပေါင်း ပါဝင်လာခဲ့ကြသည်။

နံရံပေါ်ရှိ အက်ကွဲကြောင်းမှာ သာမန်မဟုတ်ဘဲ အမည်မသိသော နေရာနှင့် ချိတ်ဆက်ထားသည့် ဟင်းလင်းပြင် တစ်ခုဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။ ထိုအက်ကွဲကြောင်းက ဖြည်းဖြည်းခြင်း ကျယ်ပြန့်လာလျက် ရှိနေသည်။ ထိုအက်ကြောင်းထဲမှ စိမ့်ထွက်နေသော မြူခိုးများမှာ အဆင့် (၅) ညစ်ညမ်းမှု ဖြစ်နေသည်။

အင်ပါယာအဆင့် လူနှစ်ယောက်သည် ထိုမြူခိုးများနှင့် မတော်တဆ ထိမိသွားခဲ့ပြီး (၁၀) မိနစ် မပြည့်ခင် အချိန်မှာပင် မိစ္ဆာများ ဖြစ်လာခဲ့သည်။ နောက်ပြန်လှည့်၍ မရခဲ့ပေ။ ပိုဆိုးသည်မှာ မြူခိုးများက မိစ္ဆာမဟုတ်သော သက်ရှိများအပေါ်တွင် ရန်လိုသောဗီဇ ရှိပုံပင် ။

အစီရင်ခံစာ အရ အက်ကွဲကြောင်း၏ အခြားတစ်ဖက်တွင် အန္တရာယ်ရှိသော ကမ္ဘာတစ်ခုရှိသည်ဟု ယူဆခဲ့ကြပြီး နတ်ဘုရားတစ်ပိုင်း နှစ်ယောက်၏ အာရုံကို ဖမ်းစားသွားခဲ့သည်။ ထိုအက်ကွဲကြောင်းက ကျယ်ပြန့်လာသည်နှင့်အမျှ အခြားတစ်ဖက်မှ သက်ရှိများသည် ချောက်ကမ်းပါး

နံရံသို့ ဦးတည်လာကာ လူသားများ၏ ကမ္ဘာထဲ ဝင်ရောက်လာနိုင်သည်။

လူသားများ၏ ကမ္ဘာသည် လွန်ခဲ့သော နှစ်ပေါင်း (၈၀၀) က မျက်လုံးတု ပွင့်လာသလိုမျိုး ကြီးမားသော အကြပ်အတည်းနှင့် ကြုံတွေ့လာရဖွယ် ရှိနေသည်။

## အခန်း(၆၄၃) - ပါရမီရှင် အဖွဲ့အစည်း

အသူရာချောက်ကမ်းပါး ဒုတိယအလွှာတွင် ဖြစ်ပျက်နေသော အဖြစ်အပျက်ကို စုံစမ်းနိုင်ရန် ပြည်မမှလူများကို စုံစမ်းစစ်ဆေးရန် ခေါ်ဆောင်လာခဲ့ကြသည်။ နိဂုံးချုပ် ကောက်ချက်မှာ အက်ကွဲကြောင်းများသည် အရှိန်နှေးကွေးစွာ ကျယ်ပြန့်နေသောကြောင့် အခြားတစ်ဖက်မှ သက်ရှိများ ချောက်ကမ်းပါးအတွင်းကို ဝင်လာရောက်ရန် အနည်းငယ်ဆုံး (၅) နှစ်ခန့် ကြာဦးမည်။

ပြည်မကြီးမှ လူများသည် ဟင်းလင်းပြင်ကို ချိတ်ပိတ်ရန် နတ်ဘုရားတစ်ပိုင်း အုပ်စု တစ်စုကိုပင် စုစည်းခဲ့သည်။ နည်းစနစ် (၁၀) မျိုးကျော်ကို အသုံးပြုခဲ့သော်လည်း တစ်ခုမှ အလုပ်မဖြစ်ပေ။

ဤသတင်းသည် မကြာခင် ပျံ့နှံ့သွားပြီး အဖွဲ့အစည်းတိုင်းရှိ ထူးခြားသော အဆင့်အတန်းကို ပိုင်ဆိုင်ထားသည့် လူတိုင်း သိရှိသွားကြသည်။ အဓိက ဇုန်များအပြင် ဘေးကင်းရေးဇုန်များပင် ဤအကြောင်းကို ကြားကြသည်။ သို့သော်လည်း ပြည်ထောင်စု အစိုးရ၏ တင်းကြပ်သော အမိန့်များကြောင့် သာလွန် အဆင့်အောက် လူများထံ သတင်းပျံ့နှံ့ခြင်း မရှိပေ။

လင်းဟွမ်သည် ဤအကြပ်အတည်းက ပိုမိုပြင်းထန်နိုင်လာကြောင်း ခံစားနေမိသည်။ လွန်ခဲ့သော နှစ်ပေါင်း (၈၀၀) က ဖြစ်ပျက်ခဲ့ဖူးသည့် ဘေးကပ်ဆိုးကြီးအကြောင်းကို မစ္စတာဖူးထံမှ ကြားခဲ့ဖူးသည်။ အကယ်၍ ထိုကဲ့သို့ အလားတူ အဖြစ်အပျက်မျိုး ဖြစ်ပျက်ခဲ့ပါက အတုယောင် နတ်ဘုရားပင် ထိုဘေးဒုက္ခထဲမှ လွတ်မြောက်နိုင်မည် မဟုတ်ချေ။ လူများ ပြောနေသလို (၅) နှစ် အပြည့် ကျန်တော့မည် မဟုတ်ကြောင်းလည်း ကောင်းကောင်း သိနေသည်။

“ကြည့်ရတာ အင်ပါယာအဆင့်က မလုံလောက်တော့ဘူး ထင်တယ်။ (၅) နှစ်အတွင်းမှာ

အတုယောင် နတ်ဘုရား ဒါမှမဟုတ် အစစ်မှန် နတ်ဘုရားအဆင့် ရောက်ကိုရောက်မှ ဖြစ်တော့မယ်”

လင်းဟွမ်သည် ပန်းတိုင်းအသစ် ချမှတ်လိုက်သည်။ ဤကမ္ဘာကြီးကို ကယ်တင်ရန် ရည်မှန်းချက် မရှိပေ။ အနည်းဆုံးတော့ ယခုအချိန် မဟုတ်သေးချေ။ သူ မျှော်လင့်သည်မှာ လာမည့် စစ်ပွဲအတွင်းတွင် မသေစေရန်ပင် ။

နောက်ပိုင်း နေ့ရက်များ တစ်လျှောက်တွင် အိပ်စက်သည့် အချိန်မှလွဲ၍ ကျန်သည့်အချိန်များကို စိတ်စွမ်းအား လေ့ကျင့်ရင်း ကုန်ဆုံးစေခဲ့သည်။ တစ်နေ့တွင် ထမင်းသုံးနပ် စားရမည့်အစား တစ်နေ့လျှင်

တစ်နပ်သာ ပေါင်းစားခဲ့သည်။ အစားအသောက် မှာယူရန်ပင် သူ၏စိတ်စွမ်းအားကို အသုံးပြုခဲ့သည်။ အစားအသောက် ချို့တဲ့ပါက ကျန်းမာရေးကို မထိခိုက်စေဘူးဆိုလျှင် မနက်စာစားဖို့ပင် ရှောင်ရှား ပေလိမ့်မည်။

သန့်ရှင်းမီးလျှံအဆင့် လူသားများသည် တစ်ပတ်ခန့် အစား မစားပါက ထိခိုက်မည် မဟုတ်သော်လည်း တစ်ပတ်ထက် ကျော်လွန်းသွားပါက အန္တရာယ် ရှိလာနိုင်သည်။

အသူရာ ချောက်ကမ်းပါး သတင်း ပေါက်ကြားလာပြီးနောက် ဒုတိယ မြောက်နေ့တွင်

လင်းဟွမ်သည် စပ်ကြောင်းမဲ့ ကျင့်စဉ်အဆင့် (၃) ကို အောင်မြင်သွားခဲ့ပြီး စိတ်စွမ်းအင် လှိုင်းပေါင်း (၃,၀၀၀) ခွဲထုတ်နိုင်ခဲ့သည်။ ယခုအခါ ငရဲချိန်နဲ့ ကလေးငယ်၏ အဆင့်အတန်းကို ရောက်ရှိသွားခဲ့ပြီ။

ထို့နောက် စိတ်စွမ်းအင်လှိုင်းပေါင်း (၈,၀၀၀) ခွဲထုတ်နိုင်ရန် တစ်ပတ်ခန့် အချိန်ယူခဲ့ရသည်။ နောက်ဆုံး၌ စပ်ကြောင်းမဲ့ကျင့်စဉ်ကို လေ့ကျင့်နေရင်း အဆင့် (၄) ကို ရောက်လာသောအခါ နှေးကွေး လာခဲ့သည်။ သူ၏ စိတ်စွမ်းအားက အစွမ်း ထက်သော်လည်း သူ၏ တိုက်ခိုက်ရေးအဆင့်မှာ

နိမ့်ပါးသောကြောင့် စိတ်စွမ်းအင်လှိုင်းများကို ခွဲထုတ်ရာ၌ စိတ်ခွန်အားက အကန့်အသတ် ရှိနေသည်။

လင်းဟွမ်သည် (၁၀) ရက်ခန့် မရပ်မနား လေ့ကျင့်ပြီးနောက် သူ၏ စိတ်စွမ်းအားမှာ အစောပိုင်းက သူကြုံတွေ့ခဲ့ရသော အင်မော်တယ်အဆင့် (၆) ငရဲချိန်နဲ့ ကလေးငယ်ကို သတ်ပစ်ရန် လုံလောက်အောင် အားကောင်းလာခဲ့သည်။

ထိုရက်သတ္တပတ်အတွင်းတွင် ဟုန်လုက ပေါက်ခါးမြှောင် (၃၆၀) နှင့် ပြုလုပ်ထားသော အထွတ်အထိပ်အဆင့် စိတ်ဝိညာဉ် လက်နက်နှစ်ခုကို မှာယူခဲ့သည်။ ထို့ကြောင့် ယခုလက်ရှိတွင်

လင်းပျွမ်ထံ၌ ယခင်က ရှိထားသော ပေါက်ခါးမြှောင်များနှင့် ပေါင်းလိုက်ပါက စိတ်ဝိညာဉ် ပေါက်ခါးမြှောင် (၁,၀၀၀) ကျော် ရှိနေသည်။

ဤလက်နက် (၃) မျိုးနှင့် ပေါင်းစပ်လိုက်ပါက သူ၏စိတ်စွမ်းအား တိုက်ခိုက်မှုသည် ခါးတာအိုထက် နိမ့်ကျခြင်း မရှိတော့ပေ။

ဖယ်ရှားခြင်းမြို့တွင် နေထိုင်ပြီး (၁၀) ရက်ခန့် ကြာပြီနောက် နောက်ဆုံးတွင် ယောင်လန်းက လင်းပျွမ်ကို နောက်တစ်ကြိမ် ဆက်သွယ်လာသည်။

"ဒီည (၈) နာရီမှာ လျှာဂျွန်းထိုး စားသောက်ဆိုင် အခန်း (၃၀၁) မှာ မင်းအတွက် ကောင်းတာတစ်ခု ရှိတယ်"

လင်းဟွမ်သည် သူ ဖယ်ရှားခြင်းမြို့ကို ပြန်ရောက်နေသည့် အကြောင်းအား ယောင်လန်း သိနေသည့်အတွက် အံ့သြခြင်းမရှိပေ။ နောက်ဆုံးတွင် ဤမြို့သည် ယောင်မိသားစု၏ နယ်မြေဖြစ်ပြီး မည်သည့်အရာကမျှ သူတို့ မျက်လုံးအောက်မှ မလွတ်မြောက်နိုင်ချေ။

သူ၏ လေ့ကျင့်မှုကလည်း ဤနှစ်ရက်အတွင်း ထစ်ဆို့သွားသောကြောင့် လင်းဟွမ်သည် အလုပ်အားနေသဖြင့် သူမနှင့်တွေ့ဆုံရန် ချက်ချင်း သဘောတူလိုက်သည်။

ည (၇) နာရီ မိနစ် (၅၀) ......

လင်းဟွမ်သည် လျှာဂျွန်းထိုးဆိုင်ကို ချိန်းထားသည့် အချိန်ထက် (၁၀) မိနစ်ခန့်စောပြီး ရောက်ရှိသွားသည်။ အမျိုးသမီး ဝန်ထမ်းတစ်ယောက်က သူ့ကို အခန်း (၃၀၁)သို့ ခေါ်ဆောင်သွားသည်။

ဝန်ထမ်းက သူ့ကို လက်ဖက်ရည် ချပေးနေစဉ် ယောင်လန်းသည် အသက် (၂၀) ကျော်အရွယ် လူငယ် တစ်ယောက်နှင့်အတူ အခန်းထဲသို့ ဝင်လာသည်။

ထိုလူငယ်မှာ အင်မော်တယ် အဆင့် (၄) တွင် ရှိနေပြီး ယောင်လန်းထက် အဆင့်မြင့်သည်။

လင်းဟွမ်သည် သတိ ကပ်ထားလိုက်သည်။ တစ်ချက်ကြည့်ရုံဖြင့် ထိုလူက အထွတ်အထိပ် ပါရမီရှင်

တစ်ယောက် ဖြစ်သလို အင်မော်တယ်အဆင့် (၉) ကိုပင် အဆင့်ကျော် တိုက်ခိုက်၍ သတ်ဖြတ်နိုင်ကြောင်း သိလိုက်သည်။

"လင်းရှီ၊ ငါ မင်းကို မိတ်ဆက်ပေးရဦးမယ်။ ဒါက ဟန်ဖူ မိသားစုက ဟန်ဖူဖိန်"

ယောင်လန်းက သူတို့ နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

"ဟော့ဖိန် ဒါက ငါမင်းကို ပြောပြောနေတဲ့ လင်းရှီပဲ"

ဟန်ဖူ မိသားစုသည် ဖယ်ရှားခြင်းမြို့တွင် ဒုတိယမြောက် အထင်ရှားဆုံး မိသားစုဖြစ်သော်လည်း

သူတို့၏ အလုံးစုံစွမ်းရည်မှာ ယောင်မိသားစုနှင့် ကွာဝေးလွန်းသည်။

လင်းဟွမ်သည် ဟန်ဖူဖိန်အကြောင်း ကြားဖူးသည်။ သူသည် ဟန်ဖူမိသားစု၏ မျိုးဆက်သစ်များ ကြားထဲတွင် အထူးချွန်ဆုံးပင်။

"မင်းမှာ စိတ်လှုပ်ရှားစရာကောင်းတဲ့ စွမ်းရည် ရှိတယ်လို့ ကြားထားတယ်။ ရှိရှိသမျှ ထုတ်သုံးပြီး ငါ့ကိုတိုက်ခိုက်စမ်း"

ဟန်ဖူဖိန်က လင်းဟွမ်ကို အကဲခတ်ပြီးနောက် တိုက်ရိုက် စိန်ခေါ်လိုက်သည်။

"ဖိန် အရင်ဆုံး စားရအောင်"

ယောင်လန်းက မျက်မှောင်ကြုတ်လိုက်သည်။

"ရှောင်လန်း၊ မင်းက အေးအေးဆေးဆေး လုပ်ရတာ ကြိုက်မှန်း ငါသိတယ်။ ဒါပေမယ့် ငါကလည်း စိတ်မရှည်တတ်ဘူးဆိုတာ မင်း သိမှာပါ။ အရင်ဆုံး အလုပ်ကိစ္စပြတ်အောင် လုပ်ချင်တယ်"

ဟန်ဖူဖိန်က ယောင်လန်းကို စကား ဝင်မပြောရန် လက်နှင့်တားပြီးနောက် လင်းဟွမ်ကို ကြည့်လိုက်သည်။

"ငါ့ကို အနိုင်ယူနိုင်ရင် ငါ့ရဲ့ရိုင်းစိုင်းတဲ့ အပြုအမူအတွက် မင်းကို ငါ တောင်းပန်မယ်"

"ဒါက မင်းပြောတဲ့ ကောင်းတဲ့အရာလား"

လင်းဟွမ်က ယောင်လန်းကို မျက်ခုံးပင့်ပြီး ကြည့်လိုက်သည်။

"ဒီကောင်က အီးကျူနိမ့်တယ်။ ဒါ ငါနဲ့ ဘာမှ မဆိုင်ဘူး။"

ယောင်လန်းက ကူကယ်ရာမဲ့စွာ ရှင်းပြလိုက်ပြီး

"သူ့ကို စိတ်ထဲမထည့်နဲ့၊ အရင် စားရအောင် ပြီးမှ စကားပြောကြတာပေါ့"

"အဲ့ဒီလို လုပ်စရာမလိုဘူး အလုပ်ကိစ္စပဲ တန်းလုပ်ရအောင်"

လင်းဟွမ်သည် လက်ဖက်ရည် တစ်ငုံ သောက်ပြီးနောက် ခွက်ကို အောက်ချလိုက်ကာ

"ဒါဆိုလည်း ကောင်းပြီလေ"

အခြေအနေက တင်းမာနေသဖြင့် မည်သူမျှ အစား စားချင်စိတ် မရှိတော့ချေ။ ထို့ကြောင့် လင်းဟွမ်၏ အဆိုပြုချက်ကို သဘောတူလိုက်သည်။

"မင်းကို ဖယ်ရှားခြင်း မဟာမိတ်ထဲ ပါဝင်ဖို့ ဖိတ်ခေါ်ချင်တယ်"

"ဖယ်ရှားခြင်း မဟာမိတ်...."

လင်းဟွမ်သည် ဤကဲ့သို့ အဖွဲ့အစည်းမျိုးကို တစ်ခါမျှမကြားဖူးပေ။

"ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့ ဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀၀) ကျော်က ပါရမီရှင်တွေ ထူထောင်ထားခဲ့ကြတဲ့ အထူးအဖွဲ့အစည်း တစ်ခုပဲ။ အဖွဲ့ဝင်အားလုံးကလည်း ပါရမီရှင်တွေပဲ။ အဲ့ဒီအထဲမှာ ငါရယ်၊ ဟန်ဖူဖိန်ရယ် နောက်ပြီးတော့ တခြား အထွတ်အထိပ် ပါရမီရှင်တွေလည်း ရှိသေးတယ်"

ယောင်လန်းက ရှင်းပြလိုက်သည်။

"ပါရမီရှင် အဖွဲ့အစည်းလား"

လင်းဟွမ်သည် ရှားပါးသော ဟင်းလင်းပြင် အပျက်အဆီးနှင့် အထူး လျှို့ဝှက်ဆန်းကြယ်သော နယ်မြေအချို့ကို ပါရမီရှင် အဖွဲ့အစည်းအတွက်သာ ဖွင့်လှစ်ပေးကြောင်း၊ အဆိုပါ အဖွဲ့အစည်းများက အဓိကဇုံတွင် ရှိကြောင်း၊ ထို့ကြောင့် အဓိကဇုန်ကို ရောက်လျှင် ထိုကဲ့သို့ အဖွဲ့အစည်းများနှင့် လက်တွဲနိုင်ပါက အကောင်းဆုံး ဖြစ်သည်ဟု မစ္စတာဖူးက ပြောခဲ့ဖူးသည်။

သို့သော်လည်း ပါရမီရှင် အဖွဲ့အစည်းများတွင် မတူညီသော စံနှုန်းများရှိပြီး အချို့ပုဂ္ဂိုလ်များအား ဝင်ခွင့်မပြုခြင်း သေသေချာချာ အလေးအနက်ထား

စစ်ဆေးတတ်ကြသည်။ ထို့ကြောင့် လင်းဟွမ်သည် သူ၏အထောက်အထားက အတု ဖြစ်နေသောကြောင့် ပါရမီရှင် အဖွဲ့အစည်းများနှင့် လက်တွဲနိုင်ရန် အစကတည်းက မျှော်လင့်ချက် ကြီးကြီးမားမား မထားခဲ့ချေ။ စုံစမ်း စစ်ဆေးခံရပါက သူ့အတွက် ဒုက္ခ ရောက်လိမ့်မည်။

"ဟုတ်တယ်၊ ငါတို့ရဲ့ ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က ပိုပြီးတော့ လိုက်လျောညီထွေ ရှိတယ်။ မင်းအတွက် ထောက်ခံပေးတဲ့ အဖွဲ့ဝင်နှစ်ယောက် ရှိနေသရွေ့ ပူးပေါင်းနိုင်တယ်။ အဖွဲ့ဝင် (၃) ပုံ၊ (၁) ပုံက ဒေသခံတွေ

ဆိုပေမယ့် အဖွဲ့ဝင်တွေရဲ့ မူလဇစ်မြစ်နဲ့ ပတ်သက်လို့ကတော့ လိုအပ်ချက် မရှိဘူး။ “

“နောက်ပြီးတော့ မင်းရဲ့ကိုယ်ရေးကိုယ်တာ အသေးစိတ် အချက်အလက်တွေကို ငါတို့က နောက်ကြောင်း လိုက်မှာမဟုတ်ဘူး ။ မင်းမှာ အထင်ကြီးစရာကောင်းတဲ့ အရည်အချင်းရှိမယ်။ တခြား ပါရမီရှင်အဖွဲ့ကလည်း မဟုတ်ဘူးဆိုရင် မြေအောက် အဖွဲ့အစည်းက လာရင်တောင် အဆင်ပြေတယ်။ ဒါက လိုက်လျောညီထွေ ရှိတယ်ဆိုပြီး ပြောရတဲ့ အကြောင်းအရင်းပဲ။ ငါတို့အဖွဲ့အစည်းက တစ်ခြား ပါရမီရှင် အဖွဲ့အစည်းနဲ့ယှဉ်ရင် အားနည်းတယ်”

ယောင်လန်းက သူ့ကို အဖွဲ့နှင့်ပူးပေါင်းရန် တောင်းဆိုရသည့် အကြောင်းအရင်းကို ထုတ်ပြော လိုက်သည်။

“အဖွဲ့ခွဲ (၁) က အင်အားကြီးမားတဲ့ ပါရမီရှင် အဖွဲ့အစည်းတွေဆိုရင် အထွတ်အထိပ် ပါရမီရှင်တွေက သူတို့ဘာသာ သူတို့ သွားရောက်ပူးပေါင်းလို့ အဖွဲ့ဝင်တွေ စုဆောင်းစရာ မလိုဘူး”

“အဖွဲ့ထဲဝင်ပြီးရင် ကန့်သတ်ချက် ရှိသေးလား”

လင်းဟွမ်က မေးလိုက်သည်။

“တရားဝင် အဖွဲ့အစည်း မဟုတ်လို့ အုပ်ချုပ်မှုက တော်တော်လေး လိုက်လျောညီထွေ ဖြစ်တယ်။ ဒါပေမယ့်

အကျိုးအမြတ်တော့ ရှိနေဆဲပဲ။ လျှို့ဝှက်ထားချက် မရှိတဲ့ ဖိတ်စာ ပို့ပေးလိုက်မယ်”

ယောင်လန်းက ပြောပြီးနောက် လင်းဟွမ်ထံ ဖိတ်စာ ပို့ပေးလိုက်သည်။

လင်းဟွမ်သည် စာရွက်စာတမ်းကို လက်ခံရရှိသည်နှင့် စကန်ဖတ် ကြည့်လိုက်သည်။ အသင်းဝင်များ အပေါ်တွင် တင်းကြပ်ထားခြင်း မရှိပေ။ လိုအပ်ချက် (၃) ခုသာ ရှိသည်။

ပထမတစ်ခုမှာ အဖွဲ့ဝင်က ကြယ်လမ်းစဉ် သစ်ပင်ပေါ်ကို မကြာခန တက်ရမည် ဖြစ်ပြီး နောက်တစ်ခုမှာ ဟင်းလင်းပြင် အပျက်အဆီးများနှင့်

လျှို့ဝှက်ဆန်းကြယ် နယ်မြေများကို စူးစမ်းရှာဖွေရမည်ဖြစ်သည်။ နောက်ဆုံး တစ်ခုမှာ အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် အမဲလိုက်တိုက်ပွဲထဲ ပါဝင်ရမည်။

"ကြယ်လမ်းစဉ် သစ်ပင်ဆိုတာ ဘာလဲ"

လင်းဟွမ်သည် ထိုအကြောင်းကို ပထမဦးဆုံးအကြိမ် ကြားသိရခြင်းပင် ။

"အဲ့ဒါက ဘာလဲဆိုတာ မင်းမသိတာ ဆန်းတော့လည်း မဆန်းပါဘူး။ ကြယ်လမ်းစဉ် သစ်ပင်က ပါရမီရှင် အဖွဲ့ဝင်တွေပဲ ဝင်ခွင့်ရှိတဲ့ ပုံရိပ်ယောင်ကမ္ဘာထဲက သစ်ပင်တစ်ပင်ပဲ။ မင်း အပေါ်ရောက်လေလေ အမှတ်များများ ရလေပဲ။

ပါရမီရှင်အဖွဲ့အစည်းထဲကို မင်းရဲ့ စုစုပေါင်းအမှတ်တွေ ပေါင်းထည့်တယ် ဆိုပေမယ့် ပစ္စည်းတွေ ဝယ်ဖို့အတွက်လည်း မင်းရဲ့ အမှတ်တွေကို အသုံးပြုနိုင်တယ်။ ထိပ်ဆုံးအဆင့်မှာ ရှိတဲ့လူတွေက လစဉ်လတိုင်း ဆုလာဒ်တွေ ခံစားခွင့်ရှိတယ်။ မင်းမှာ အမှတ် လုံလောက်အောင်သာ ရှိမယ်ဆိုရင် ကြယ်လမ်းစဉ် ကုန်တိုက်ထဲမှာ ရှေးဟောင်း ခါတ်ကြွင်းတွေ၊ နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းတွေ၊ အို အရာအားလုံး နီးပါး ရနိုင်တယ်။”

“ဒါပေမယ့် သစ်ပင်ပေါ်တက်ရတာက ရိုးရိုးလေး မဟုတ်ဘူး ထင်တယ်နော်”

လင်းဟွမ်သည် ယောင်လန်း၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် ဤမျှ ရိုးရှင်းမည် မဟုတ်ကြောင်း သိလိုက်သည်။

"ဒါပေါ့ မလွယ်ဘူး။ သစ်ပင်ပေါ် တက်ရတာ ရေခဲတောင် ထိပ်ဖြားပေါ် တက်ရသလိုပဲ၊ ခက်ခဲတဲ့ အပိုင်းက ကျန်တဲ့အရာတွေနဲ့ တိုက်ခိုက်ရတာပဲ။ သစ်ပင်ရဲ့ စွမ်းရည်ကလဲ အမြင်အမျိုးမျိုးမှာ ကန့်သတ်ထားလို့ ပြိုင်ဆိုင်မှုဆိုတာ ရှောင်လွဲလို့ မရဘူး။ မင်း အထဲဝင်သွားရင် စည်းမျဉ်းတွေ အတိအကျ သိသွားလိမ့်မယ်"

ယောင်လန်းက မရေမရာ ရှင်းပြလိုက်သည်။

"နားထောင်ရတာတော့ စိတ်ဝင်စားစရာပဲ"

လင်းဟွမ်သည် ယောင်လန်း ပေးပို့သောဖိတ်စာကို ဖတ်ကြည့်ပြီးနောက် အရာအားလုံး အဆင်ပြေသွားသလို ခံစားလိုက်ရသည်။ ထို့နောက် ဟန်ဖူဖိန်ကို လှည့်ကြည့်လိုက်ပြီး

"ဒါဆို မင်းက ဒုတိယမြောက် ထောက်ခံပေးမယ့် လူပေါ့"

"အမှန်ပဲ ဒါပေမယ့် ငါ မထောက်ခံခင် မင်းငါ့ကို အနိုင်ယူဖို့ ယုံကြည်ချက် ရှိရမယ်"

ဟန်ဖူဖိန်က တိုက်ရိုက် ပြောလိုက်သည်။

"သေချာတာပေါ့ လာ တိုက်ခိုက်ရအောင်"

လင်းဟွမ်က ယောင်လန်း၏ ဖိတ်ကြားချက်ကို သဘောတူသည့်မှာ ထင်ရှားနေသည်။

"မင်းတို့ ညစာစားပြီးမှ တိုက်ခိုက်လို့ မရဘူးလား။ ငါ ဗိုက်ဆာနေပြီ"

ယောင်လန်းက မရှုနိုင်မကယ်နိုင် ညည်းတွား လိုက်သည်။

"မရဘူး"

လင်းဟွမ်နှင့် ဟန်ဖူဖိန်တို့က တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်ကြသည်။

## အခန်း(၆၄၄) - ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့နှင့် ပူးပေါင်းခြင်း။

"မထိန်ချန်ထားနဲ့။ မင်းမှာရှိသမျှ အစွမ်းအကုတ်ထုတ်တိုက်။ မင်းရဲ့ နည်းစနစ်အားလုံး ငါ့ကိုထုတ်ပြနိုင်ရင် အကောင်းဆုံးပဲ"

ဟွမ်ဖူဖိန်က လင်းဟွမ်ကို ပြောလိုက်သည်။

"ငါတို့ တခြားနေရာမှာ တိုက်ခိုက်ကြမလား"

လင်းဟွမ်သည် စားသောက်ဆိုင် အခန်းကို လှေ့လာပြီးနောက် ယောင်လန်းကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

စားသောက်ဆိုင်မှာ နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းတစ်ခု ဖြစ်နိုင်သော်လည်း အဆောက်အအုံ၏ တည်ဆောက်ပုံအရ တည်ငြိမ်မှု ရှိ၊မရှိက မသေချာပေ။ နောက်ဆုံးတွင် ဤစားသောက်ဆိုင်က ယောင်မိသားစု၏ ပိုင်ဆိုင်မှုပင် ။ ယောင်မိသားစု၏ သမီးနှင့် အတူတူရှိနေပြီး သူမရှေ့တွင် စားသောက်ဆိုင်ကို ဖျက်စီးခြင်းက မကောင်းလှပေ။

"စိတ်မပူနဲ့၊ စားသောက်ဆိုင်က နတ်ဘုရားတစ်ပိုင်း ခတ်ကြွင်းတစ်ခုပဲ။ အင်ပါအဆင့်အောက်က လူတွေ ဖျက်ဆီးလို့မရတဲ့ အထူးအကာအကွယ် ရှိတယ်။ ဒီအခန်းမှာ အဖိုးတန်တာ ဘာမှမရှိဘူး၊ ပျက်သွားရင် အစားထိုးလို့ ရတယ်"

ယောင်လန်းက သူမကိုယ်သူမ တိုးတိုးလေး ပြောလိုက်သည်။

"ဟင်းပွဲတွေ မချရသေးတာ ကံကောင်းတယ်..."

လင်းဟွမ်သည် တိုက်ပွဲကြောင့် စားသောက်ဆိုင် ပျက်ဆီးမည် မဟုတ်ကြောင်း အတည်ပြုပြီးနောက် ဟန်ဖူဖိန်ကို စိုက်ကြည့်လိုက်သည်။ လေထဲတွင်

ငွေရောင် အလင်းတန်းတစ်ခု ဖြတ်ခဲနဲ လက်သွားပြီး ဟန်ဖူဖိန်ရှေ့တွင် ချက်ချင်း ပေါ်လာသည်။

"ဟာ.. မြန်လိုက်တာ"

စောင့်ကြည့်နေသည့် ယောင်လန်းက အလန့်တကြား ထအော်သည်။

ဟန်ဖူဖိန်၏ မျက်လုံးသူငယ်အိမ်သည် အနည်းငယ် တုန်ခါသွားပြီး သူ့ရှေ့တွင် ရွှေရောင်ဒိုင်းတစ်ခု ပေါ်လာသည်။ ငွေရောင်အလင်းတန်းသည် ဒိုင်းနှင့် တိုက်မိပြီး ဒိုင်းကို ထူးဆန်းသောထောင့်မှ ဖြတ်သန်းသွားသည်။

ဟန်ဖူဖိန်က ဤတိုက်ခိုက်မှုကို ရှောင်တိမ်းရန် အချိန်မရလိုက်ပေ။ သူတတ်နိုင်သည်မှာ ငွေရောင် တောက်ပနေသော အလင်းတန်းက သူ့လက်မောင်းအား ဖြတ်သွားသည်ကို စောင့်ကြည့်နေရခြင်းပင်။

ယောင်လန်းသည် ထိုအဖြစ်အပျက်ကို မြင်ပြီး အံ့အားသင့်သွားသည်။

ထို့နောက် လင်းဟွမ်းက သူ၏ပေါက်ဓားမြှောင်ကို ပြန်သိမ်းပြီး ဟန်ဖူဖိန်အား ကြည့်လိုက်ကာ

"လုံလောက်ပြီလား"

"ဒါ မင်းမှာရှိတာ အကုန်လား"

ဟန်ဖူဖိန်က သူဒိုင်းကို ပြန်သိမ်းပြီးနောက် လင်းဟွမ်ကို မျက်နှာမူလိုက်သည်။

"အကုန်နီးပါးပဲ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ တိုက်ခိုက်ရာတွင် သူ၏ ကံကြမ္မာစွမ်းအားနှင့် ဓားတာအိုကို ထည့်သွင်းခဲ့ခြင်း မရှိခဲ့သော်လည်း သူ့အရှိန်နှင့် ခွန်အား၏ (၉၀) ရာခိုင်နှုန်းကို ထည့်သွင်းအသုံးပြုခဲ့သည်။

"မင်းရဲ့ အမြန်နှုန်းက အင်မော်တယ်အဆင့် (၇) စံနှုန်းနဲ့ နီးနေပြီ"

ယောင်လန်း ကောက်ချက်မချခင် ဟန်ဖူဖိန်က ပြောလိုက်သည်။

"ဒါပေမယ့် မင်းရဲ့တိုက်ခိုက်ရေး အစွမ်းကိုတော့ ငါ မဆုံးဖြတ်နိုင်ဘူး"

"မင်းရဲ့ တိုက်ခိုက်ရေး အစွမ်းက အင်မော်တယ် အဆင့်(၇) မှာ ရှိတယ်။ အင်မော်တယ်အဆင့် စိတ်စွမ်အား တိုက်ခိုက်ရေးသမား အများစုက မင်းလိုမျိုး တိုက်ခိုက်မှု ရှူထောင့်ပြောင်းပြီး တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး။ တကယ်လို့ ငါတို့ရဲ့ တိုက်ခိုက်ရေးအဆင့်က အတူတူပဲဆိုရင် မင်းရဲ့တိုက်ခိုက်မှုက ငါ့ကို ကျိန်းသေပေါက် သတ်ဖြတ်နိုင်တယ်"

ဟန်ဖူဖိန်က တရားမျှတစွာ မှတ်ချက် ပေးလိုက်သည်။

"အစောပိုင်းက ငါ့ရဲ့ရိုင်းပြမှုအတွက် တောင်းပန်ပါတယ်။ ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့မှ ကြိုဆိုပါတယ်"

ဟန်ဖူဖိန်က ဖော်ရွေစွာ ပြုံးလိုက်ပြီး လက်ဆွဲနှုတ်ဆက်ရန်အတွက် လက်ကို ဆန့်တန်းထားလိုက်သည်။

လင်းဟွမ်က သူ့လက်ကိုဆုပ်ကိုင်ကာ နှုတ်ဆက်လိုက်သည်။

"မင်းရဲ့ ကာကွယ်ရေးက ကြောက်စရာ ကောင်းတယ်။ ငါ့ရဲ့ခါးမြှောင်တွေ မထိုးဖောက်နိုင်ဘူး"

လင်းဟွမ်က ပြုံးပြီး ပြောလိုက်သည်။

"ဒါက ငါအမွေဆက်ခံထားတဲ့ အထူးစွမ်းရည်ပဲ။ ငါက အင်မော်တယ် အဆင့် (၄) ပဲ ရှိသေးတယ် ဆိုပေမယ့် အင်ပါယာ အဆင့်အောက်မှာ ဘယ်သူမှ ငါ့ရဲ့ဒိုင်းကို မချိုးဖျက်နိုင်ဘူး။"

ဟန်ဖူဖိန် မျက်နှာပေါ်မှ ဖဲသမားမျက်နှာ အမူအရာ ပျောက်ကွယ်သွားခဲ့ပြီ။

"ရှောင်လန်း၊ လင်းရှီက စိတ်စွမ်းအား တိုက်ခိုက်ရေးသမားဆိုတာ ဘာဖြစ်လို့ မပြောတာလဲ၊ သူက အစွမ်းထက်တဲ့ ထိန်းချုပ်သူတစ်ယောက်ပဲလို့ မင်းပြောခဲ့တာ မဟုတ်ဘူးလား"

ဟာန်ဖူဖိန်က နောက်လှည့်ပြီး ယောင်လန်းကို မေးလိုက်သည်။

"သူက စိတ်စွမ်းအား တိုက်ခိုက်ရေးသမားမှန်း ငါဘယ်လို သိမှာလဲ။ ငါ့ရှေ့မှာ စိတ်စွမ်းအင်ကို တစ်ခါမှ မသုံးခဲ့ဖူးဘူး"

ယောင်လန်းသည် သူ ကိုယ်ရေးကိုယ်တာ အချက်အလက်ထဲတွင် စိတ်စွမ်းအား အသုံးပြုသူ ဖြစ်ကြောင်း မဖော်ပြထားသည့် လင်းဟွမ်ကို စိုက်ကြည့်နေသည်။ သူ၏ ထိန်းချုပ်သူ အထောက်အထားကိုပင် မဖော်ပြခဲ့ချေ။

“မင်းလည်း မသိဘူးလား"

ဟန်ဖူဖိန်သည် လင်းဟွမ်က စိတ်စွမ်းအား တိုက်ခိုက်ရေးသမား ဖြစ်ကြောင်း ယောင်လန်းက မသိသည့်အတွက် အံ့အားသင့်သွားသည်။

"မင်းက ပေါက်ခါးမြှောင် ဘယ်နှစ်ချောင်းလောက် ထိန်းချုပ်နိုင်လဲ"

ယောင်လန်းက လင်းဟွမ်ကို မေးလိုက်သည်။

ဟန်ဖူဖိန်ကလည်း သိချင်စိတ်နှင့် နားထောင် နေသည်။

"၃၀၀ ကျော်။"

ပေါက်ဓါးမြှောင် (၃၀၀) ကို ထိန်းချုပ်နိုင်ခြင်းကပင် ကြောက်စရာ ကောင်းနေသောကြောင့် လင်းဟွမ်သည် အမှန်တရားကို မပြောခဲ့ပေ။

"မင်းက စိတ်စွမ်းအားဘက်မှာ အရှူးအမူး အရည်အချင်း ရှိတာပဲ။ အင်မော်တယ်အဆင့် စိတ်စွမ်းအား ပါရမီရှင် နှစ်ယောက်ကို ငါတွေ့ခဲ့ဖူးတယ်။ သူတို့ အများဆုံး ထိန်းချုပ်နိုင်တာ လက်နက် (၂၈၀) ပဲ။ အများစုက လက်နက် (၁၈၀) ကနေ (၂၄၀) အတွင်းပဲ ထိန်းချုပ်နိုင်တာ။"

ဟန်ဖူဖိန်သည် လင်းဟွမ်က သူတို့ မဟာမိတ်အဖွဲ့တွင် ပါဝင်လာသည့်အတွက် မကျေနပ်စရာ အကြောင်း မရှိပေ။

"မင်းရဲ့ အထောက်အထားကို အခုပဲ စကင်န်ဖတ် လိုက်ရအောင်"

ယောင်လန်းသည် လင်းဟွမ်က သူ့စကား ပြန်ပြင်မည် စိုးရိမ်သောကြောင့် စကင်န်စာမျက်နှာကို ချက်ချင်း ဖွင့်လိုက်သည်။

"အရင် မစားတော့ဘူးလား၊ ငါတော့ ဗိုက်ဆာနေပြီ"

လင်းဟွမ်က စနောက်သည်။

"ငါ ဗိုက်မဆာတော့ဘူး။ မြန်မြန်လုပ်"

ယောင်လန်းက အလေသတကြီး တိုက်တွန်းလိုက်သည်။

လင်းဟွမ်ကို အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်စေရန် ယောင်လန်းနှင့် ဟန်ဖူဖိန်တို့က လင်းဟွမ်၏ အိုင်ဒီကို စကန်ဖတ်လိုက်ကြသည်။ ဆယ်စက္ကန့် မပြည့်ခင် လင်းဟွမ်၏ လျှောက်လွှာကို အတည်ပြုခဲ့သည်။

လင်းဟွမ်၏ အင်ပါယာ နှလုံးသားလက်စွပ်ကို ဖိတ်စာတစ်စောင် ပေးပို့လာသည်။

"အခု ဖတ်ကြည့်လိုက်။ အားလုံး အဆင်ပြေရင် မင်းနာမည်ရေးပြီး လက်မှတ်ထိုး။ ဒါဆို မင်းက ငါတို့ထဲကတစ်ယောက် ဖြစ်လာလိမ့်မယ်။"

ယောင်လန်းက စိတ်မရှည်နိုင် ဖြစ်နေသည်။

"အရင် ဖတ်ကြည့်လိုက်ပါ။ အဆင်မပြေတာ တွေ့ရင် ပြင်လို့ရမလားဆိုတာ ငါတို့ကို အသိပေး"

ဟန်ဖူဖိန်က ထပ်လောင်း ပြောကြားလိုက်သည်။

လင်းဟွမ်ဟည် ခေါင်းညိတ်ပြီး ဖိတ်စာကို စတင် ဖတ်ကြည့်လိုက်သည်။ ဖိတ်စာ၏ စည်းကမ်းချက်များမှာ ရိုးရှင်းသည်။ အခြေခံအားဖြင့် အစောပိုင်းက ယောင်လန်း ပေးပို့ခဲ့သည်နှင့် အတူတူပင်။

လင်းဟွမ်သည် အားလုံး အဆင်ပြေကြောင်း အတည်ပြုပြီးနောက် ဖိတ်စာပေါ်တွင် သူ့နာမည် လင်ရှီကို ရေးထိုးပြီး ပြန်ပို့ပေးလိုက်သည်။

မကြာခင် တံဆိပ်တစ်ခု ပေးပို့လာသည်။ ရွှေရောင် သင်္ကေတပေါ်တွင် ကြီးမားသော စာလုံးကြီးများနှင့် ဖယ်ရှားခြင်းဟူသော စာလုံးကို ရေးထိုးထားသည်။ တံဆိပ်၏စာလုံးမှာ ရင်သပ်ရှုမောဖွယ် ကောင်းလှသည်။ ဆရာသခင် အဆင့် တစ်ယောက်ယောက်က ပြုလုပ်ထားသည်မှာ အထင်အရှားပင်။

"ဒီမှာရော့"

ယောင်လန်းက လက်ဖျောက်တီးလိုက်လျှင် ရွှေရောင်အလုံးတစ်လုံးက လင်းဟွမ် လက်ထဲတွင် ပေါ်လာသည်။ လက်ကို ဖွင့်ကြည့်လိုက်ရာ လက်ဖဝါး တစ်ဝက်ခန့် ရှိသော တံဆိပ်ဖြစ်ကြောင်း တွေ့လိုက်သည်။ မျက်နှာပြင်ထဲမှ ပုံနှင့် အတူတူပင်။

"ဒါက အမှတ်တရ တစ်ခုပဲ။ ငါတို့ရဲ့ လှုပ်ရှားမှု အများစုကို နှလုံးသား ကွန်ရက်ပေါ်မှာပဲ လုပ်ဆောင်တယ်။ တံဆိပ်ရဲ့ဒီဇိုင်းက လှတဲ့အတွက် အဖွဲ့ဝင် တော်တော်များများက ရုပ်ပိုင်းဆိုင်ရာကို လိုချင်တဲ့အတွက် နောက်ပိုင်းမှာ ဖန်တီးခဲ့တာ"

ယောင်လန်းက ပြုံးပြီး ရှင်းပြလိုက်သည်။

တံဆိပ်သည် အမှန်တကယ် ကောင်းမွန်သော ပစ္စည်းများနှင့် လှပစွာ ဒီဇိုင်းထုတ်ထားပြီး လင်းဟွမ်က အင်ပါယာ နှလုံးသားလက်စွပ်ထဲ ထည့်မသိမ်းခင် ခတ္တမျှ လေ့လာခဲ့သည်။

"ထမင်းစား ရအောင်။ စားရင်း သောက်ရင်း ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့အကြောင်း ပြောပြမယ်။"

ယောင်လန်းက အစားအသောက် မီနူးကိုကြည့်ပြီး စတင် မှာကြားလိုက်သည်။

အစားအသောက်များကို မှာကြားပြီးနောက်

"လင်းရှီ ချောက်ကမ်းပါး ပက်သက်ပြီး ပြည်ထောင်စုအစိုးရက ဒီနှစ်ရက်အတွင်း ဆု

ပေးလိမ့်မယ်။ မင်းဆီ ငါ ယူလာပေးမယ်။ ကတိပေးထားတဲ့အတိုင်း ဆုတွေ မင်းရမယ်၊ အမှတ်တွေလည်း ရမယ်။"

"အသူရာ ချောက်ကမ်းပါးထဲမှာ ဘာဖြစ်ခဲ့လို့လဲ"

ဟန်ဖူဖိန်က မေးလိုက်သည်။

"အသူရာ ချောက်ကမ်းပါး ဒုတိယအလွှာက အက်ကွဲကြောင်းကို တွေ့ခဲ့တဲ့လူက လင်ရှီပဲ။ အဲ့ဒီကိစ္စကို သူပဲ သတင်းပို့ခဲ့တာ"

ယောင်လန်းက ရှင်းပြလိုက်သည်။

လွန်ခဲ့သော ရက်အနည်းငယ် ကတည်းက ဤအကြောင်းနှင့် ပက်သက်၍ သာလွန်အဆင့်ရှိ လူတိုင်း သိထားသောကြောင့် ဟန်ဖူဖိန်လည်း အက်ကွဲကြောင်းများ အကြောင်းကို သိထားသည်။ သို့သော်လည်း ၎င်းကို ရှာဖွေတွေ့ရှိခဲ့သည့်လူက လင်းဟွမ်ဟု မထင်ထားခဲ့ချေ။

"အက်ကြောင်းကို မင်းတွေခဲ့တာလား"

"တိုက်ဆိုင်သွားလို့ပါ။ မီးစာ မွမ်းစတားကို အမဲလိုက်ရင်းနဲ့ နံရံပေါ်က အက်ကွဲကြောင်းထဲကနေ စိမ့်ထွက်လာတဲ့ အသူရာမြူခိုးတွေကို မြင်ခဲ့ရတာ။

ဒါပေမယ့် အဲ့ဒါက မြေပြင်နဲ့ဆက်စပ်နေတဲ့ သာမန် နံရံအက်ကွဲမှု တစ်ခုပဲလို့ ထင်ခဲ့တာ"

လင်းဟွမ်က ခေါင်းညိတ်ရင်း ရှင်းပြလိုက်သည်။

"ငါးနှစ်အတွင်းမှာ ကပ်ဆိုးကြီးတစ်ခု ကြုံရလိမ့်မယ်။ သာလွန်အဆင့်တွေအားလုံး သူတို့ဘဝအတွက် စိုးရိမ်ပူပန်နေကြတယ်။ အဖွဲ့အစည်း တော်တော်များများကလည်း စစ်ပွဲအတွက် ပြင်ဆင်ဖို့ ဆိုပြီး လူတွေကို လေ့ကျင့်ပေးဖို့ အဖွဲ့ဝင်တွေ စုဆောင်းနေကြတယ်။ ပါရမီရှင် အဖွဲ့အစည်းတွေ အတွက်လည်း အရင်းအမြစ်တွေ ပိုလိုအပ်လာတယ်။ ငါတို့ရဲ့ စွမ်းရည်တွေကို မြှင့်တင်ဖို့ ဖယ်ရှားခြင်း

မဟာမိတ်အဖွဲ့က လူသစ်တွေ စတင်စုဆောင်းနေရတာလည်း ဒါ့ကြောင့်ပဲ”

"ဘယ်လိုပဲ ဖြစ်ဖြစ်၊ စစ်ပွဲ မဖြစ်ရင်တောင်မှ အထွတ်အထိပ် ပါရမီရှင်တွေကို စုဆောင်းဖို့အတွက် ခြွင်းချက် လုပ်လေ့ရှိတယ်"

ယောင်လန်းက ပြုံးပြီး ပြောလိုက်သည်။

"ငါတို့မှာ အဖွဲ့ဝင်တွေ အများကြီးမရှိဘူး။ အဖွဲ့ဝင် (၃၆) ယောက်ပဲ ရှိတာဆိုတော့ မင်းပါမှ အထွတ်အထိပ်ပါရမီရှင် လေးယောက်ပဲ ရှိတယ်။ ငါတို့ သုံးယောက်အပြင် အထွတ်အထိပ်ပါရမီရှင် နောက်တစ်ယောက်ကတော့ ဟန်ဖူဖိန်ရဲ့ ညီမ

ဟန်ဖူလင်းပဲ။ မင်းက ငါ ခေါ်ယူနိုင်ခဲ့တဲ့ ဒုတိယမြောက် အဖွဲ့ဝင်ပဲ။"

"မင်း အရုက် မရှိဘူးလား။ မင်းမှာ ရယ်စရာ ကောင်းတဲ့ အထွတ်အထိပ်ပါရမီရှင် စာရင်းပဲရှိတယ်။။ မင်း လူနှစ်ယောက် ရခဲ့တာလည်း ကံကောင်းလို့ပဲ"

ဟန်ဖူဖိန်က ယောင်လန်းကို လှောင်ပြောင် လိုက်သည်။

"အထွတ်အထိပ် ပါရမီရှင်အတွက် မဟုတ်ရင် ဘာဖြစ်လို့ ငါ့အချိန်တွေကို ဖြုန်းတီးပစ်ရမှာလဲ။"

ယောင်လန်းက မျက်လုံးပြူးပြီး ပြန်ပြောလိုက်သည်။

"ဒါဆို မင်း စုဆောင်းခဲ့တဲ့ ပထမဆုံးလူက..."

လင်းဟွမ်က မေးလိုက်သည်။

"သူ...."

ယောင်လန်းက ဟန်ဖူဖိန်ကို ညွှန်ပြလိုက်သည်။

"ဟုတ်တယ်လေ၊ ဒီမိန်းမက ငါ့ကို ဖယ်ရှားခြင်းမြို့ ဂုဏ်ယူရအောင် ငါ ပါရမယ်လို့ပြောခဲ့တာ။ သူ့ကို ငြင်းပယ်လိုက်လည်း ဘယ်သွားသွား ငါ့နောက်က တကောက်ကောက် လျှောက် လိုက်နေတယ်။ အိမ်သာသွားလည်း ငါ့နောက်က လိုက်တာပဲ။ ငါ သေးပေါက်တဲ့ ပုံစံက မှားနေတယ်လို့တောင် ပြောခဲ့သေးတယ်။”

ဟန်ဖူဖိန်သည် ထိုအကြောင်း ပြောရင်း ဒေါသ ထွက်လာသည်။

"ငါ့ ညီမကတောင် သူနဲ့ တွဲနေတယ်လို့ ထင်သွားသေးတယ်"

လင်းဟွမ်သည် ဟန်ဖူဖိန်တွင် ဤမျှ ဆိုးရွားသော ကိစ္စနှင့် ကြုံတွေ့လိမ့်မည်ဟု မထင်ထားခဲ့ချေ။

"ဒီမိန်းမက ငါ့ညီမကို ခေါ်လာခိုင်းလို့ ငါလည်း ဘာမှမတတ်နိုင်ပဲ ငါ့ညီမကို တောင်းတောင်းပန်ပန်နဲ့ ခေါ်လာခဲ့ရတယ်။ ငါသာ သူ့အကြောင်း ကောင်းကောင်း သိခဲ့ရင် အစကတည်းက ငါ့အနား အကပ်ခံမှာ မဟုတ်ဘူး။"

လင်းဟွမ်သည် သူတို့နှင့်ပူးပေါင်းရန် သဘောတူလိုက်မိသည့်အတွက် ဝမ်းသာသွားသည်။ ထိုကဲ့သို့မဟုတ်ပါက အလားတူ အကျိုးဆက်များ ဖြစ်ပေါ်လာလိမ့်မည်။

"အိုး၊ ဟုတ်ပြီ လောလောဆယ် အဖွဲ့ဝင် (၃၆) ယောက်ပဲ ရှိတယ်လို့ ပြောခဲ့တယ်နော်။ လူတွေ နှုတ်ထွက်သွားလို့လား"

လင်းဟွမ်က မေးလိုက်သည်။

"သူတို့ နှုတ်ထွက်သွားတာ မဟုတ်ဘူး။ အနားယူသွားကြတာ"

ယောင်လန်းက ခေါင်းခါပြီး ရှင်းပြသည်။

"ပါရမီရှင် အဖွဲ့အစည်းတွေရဲ့ အဖွဲ့ဝင်အားလုံးက အသက် ၄၀ အထက် ဒါမှမဟုတ် အင်ပါယာအဆင့်ကို ရောက်တာနဲ့ အငြိမ်းစား ယူရတယ်။ အဖွဲ့ဝင်အများစုဟာ အသက် (၄၀) အရွယ်မှာ အင်မော်တယ် အဆင့် (၉) ရောက်နေတတ်လို့ ဒီစည်းမျဉ်းက ထွက်ပေါ်လာတာပဲ။ အင်ပါယာဆင့် မတက်နိုင်တဲ့ လူတွေက အဖွဲ့အစည်းရဲ့ အရင်းအမြစ်တွေကို ဖြုန်းတီးနေသလို ဖြစ်နေတယ်။ သူတို့ကို အဖွဲ့အစည်းထဲမှာ ဆက်ထားမယ် ဆိုရင် အဖွဲ့ဝင် အသစ်တွေအတွက် အရင်းအမြစ် မလုံလောက်တော့ဘူး..."

လင်းဟွမ်သည် ဟန်ဖူဖိန်၊ ယောင်လန်းတို့နှင့် စကားစမြည် ပြောဆိုရင်း ည (၁၁) နာရီ ထိုးသွားခဲ့သည်။

ဟင်းပွဲများက အုံ့မခန်းပင်။ အင်မော်တယ် အဆင့် (၉) မွန်းစတား တစ်ကောင်နှင့် ချက်ပြုတ်ထားသော ဟင်းချိုပင် ရှိသေးသည်။ သို့သော်လည်း လင်းဟွမ်က ၎င်းတို့နှစ်ယောက် ပြောဆိုနေသည့် အကြောင်းအရာများ အပေါ် ပို၍ အာရုံစိုက်နေခဲ့သည်။

ထိုစကားဝိုင်းမှ တဆင့် ပါရမီရှင် အဖွဲ့အစည်းနှင့် ဖယ်ရှားခြင်း မဟာမိတ် အဖွဲ့အစည်းအကြောင်းကို ပိုမို နားလည်လာခဲ့သည်။ သူသည် အသိုင်းအဝိုင်း

တစ်ခုထဲကို ဝင်ရောက်လာသော အသစ်စက်စက် လူသစ်တစ်ယောက်ပင်။

# အခန်း(၆၄၅) - ငါတော့ အလိမ်ခံရပြီ ထင်တယ်။

ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့တွင် ပါဝင်ပြီး နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် မနက်စာ စားပြီးနောက် နလုံးသားကွန်ရက်ပေါ်ရှိ ထူးခြားသော ဝဘ်ဆိုဒ်မှတစ်ဆင့် ပါရမီရှင်အဖွဲ့အစည်း ဝဘ်ဆိုဒ်ထဲ ဝင်ရောက်လိုက်သည်။ ဝဘ်ဆိုက်က သုံးစွဲသူ၏ အထောက်အထားကို အလိုအလျောက် စကင်န် ဖတ်သည်။ ပါရမီရှင် အဖွဲ့အစည်းမှတစ်ဆင့် စာရင်းသွင်းထားခြင်း မရှိပါက ထိုစာမျက်နှာကို တွေ့ရှိရမည် မဟုတ်ချေ။

လင်းဟွမ်သည် အကောင့်ထဲဝင်ပြီးသည်နှင့် ပင်မစာမျက်နှာပေါ်တွင် ရွေးချယ်စရာ နှစ်ခု ပေါ်လာသည်။

ရှာဖွေခြင်း ပုံစံနှင့် အသိစိတ် ပုံစံ....

မနေ့က ယောင်လန်းပြောသည်ကို လင်းဟွမ် ကြားဖူးသည်။ စာမျက်နှာများ၊ သတင်းများ၊ ဗီဒီယိုများနှင့် လှုပ်ရှားမှုများ မပါဝင်သော အသေးစိတ် အချက်အလက် ရှာဖွေရန် ရှာဖွေခြင်းပုံစံကို အသုံးပြုနိုင်သည်။ ထိုပုံစံတွင် လူ၏အသိစိတ်က ပုံရိပ်ယောင် ကမ္ဘာထဲ ဝင်သွားသော်လည်း လူက အသိရှိနေဆဲပင်....။

နောက်ဆုံး နည်းလမ်းမှာ ကြယ်လမ်းစဉ်သစ်ပင်ပေါ် တက်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းပင် ။

လင်းဟွမ်က သူ့ကို ကာကွယ်ပေးနိုင်ရန် ပိုင်နှင့်သွေးရဲရဲလေး တို့ကို ဆင့်ခေါ်ပြီးနောက် အသိစိတ်ပုံစံ ခလုတ်ကို နှိပ်လိုက်သည်။ နောက်ထပ် တစ်စက္ကန့်တွင် အဖြူရောင် နေရာတစ်ခုတွင် ပေါ်လာသည်။

"မင်းက ဒီနေရာကို ပထမဦးဆုံး အကြိမ် ဝင်လာတယ်ဆိုတာ တွေ့ရတယ်။ ဒါကြောင့် မင်းရဲ့ ကိုယ်ပိုင်အရပ်နဲ့ အသွင်အပြင်ကို ချိန်ညှိပေးဖို့ အခမဲ့

အခွင့်အရေးတစ်ခု ပေးထားတယ်။ ချိန်ညှိမှုကို ဆက်လက်လုပ်ဆောင်လို ပါသလား။"

နူးညံ့ သိမ်မွေ့သော အမျိုးသမီးတစ်ယောက်၏ အသံက ပွဲတင်ထပ်သွားသည်။

"ဟုတ်။"

လင်းဟွမ်က ချက်ချင်း ခေါင်းညိတ်လိုက်သည်။

နံရံသည် လင်းဟွမ်၏ မူလအသွင်အပြင်ကို ရောင်ပြန်ဟပ် နေသော ကိုယ်လုံးပေါ်မှန်အဖြစ် ပြောင်းလဲသွားသည်။ လင်းဟွမ်က ပုံစံပြောင်းရန် မည်ကဲ့သို့ လုပ်ရမလည်းဟု တွေးတောနေစဉ် အသံ ထွက်လာသည်။

"မင်းလိုချင်တဲ့ အသွင်အပြင်နဲ့ အရပ်အမြင့်ကို တွေးလိုက်ရုံပဲ၊ ငါတို့ဘက်က မင်းလိုချင်တဲ့ ပုံစံ ဖြစ်လာအောင် ချိန်ညှိပေးမယ်။"

လင်းဟွမ်သည် လင်းရှီပုံစံကို ချက်ချင်း တွေးလိုက်သည်။ မကြာခင် ကိုယ်လုံးပေါ်မှန်ထဲမှ ပုံစံသည် လင်းရှီပုံစံ ပြောင်းလဲသွားသည်။

“ဒီပြောင်းလဲမှု ပြုလုပ်ချင်တာ သေချာလား။ မင်းရဲ့အပြောင်းအလဲကို အတည်ပြု ပြီးတာနဲ့ ပါရမီရှင်သမ္မဂ္ဂမှာ မင်းရဲ့ အသွင်အပြင်နဲ့ အရပ်အမောင်းက ပုံသေဖြစ်သွားမယ်။ ကျေးဇူးပြုပြီး သတိထားပါ။ နောက်ပြီးတော့ မင်းရဲ့ပုံစံက ပါရမီရှင် သမ္မဂ္ဂအဖွဲ့ဝင်

အားလုံးရဲ့အမြင်မှာ ဒီပုံစံ ဖြစ်နေမယ်။ ဒီလိုမှမဟုတ်ရင် ကြယ်လမ်းစဉ် အမှတ်တွေကိုသုံးပြီး ပုံစံ ပြန်ပြောင်း ရလိမ့်တယ်"

"သေချာတယ်”

လင်းဟွမ်က ချက်ချင်း ဆုံးဖြတ်လိုက်သည်။

"ပုံစံ ပြောင်းလဲခြင်း ပြီးဆုံးပါပြီ။ ကျေးဇူးပြုပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ထည့်သွင်း ပေးပါ။"

"ကိုယ်ရေးကိုယ်တာ အချက်လက်များ ပြင်ဆင်ခြင်း အသက်ဝင်ပါပြီ”

"လူတိုင်း မြင်နိုင်။"

"သူငယ်ချင်းတွေ မြင်နိုင်"

"တိကျတဲ့ အချက်အလက်များကိုပဲ မြင်နိုင်တယ်" (ကိုယ်တိုင် ရွေးချယ်နိုင်)

"လျှို့ဝှက် (အမည်နဲ့ အဖွဲ့အစည်းကလွဲပြီး ကျန်တဲ့ အချက်အလက်တွေကို ကျန်တဲ့လူတွေ ဘယ်သူမှ မတွေ့နိုင်ဘူး)

"နံပါတ် (၄) လျှို့ဝှက်အခြေအနေကို ရွေးချယ်တယ်"

လင်းဟွမ်က သူ၏အသက်ကို မထုတ်ဖော်ချင်ပေ။

"အခြေခံ အစီအစဥ်များ ပြီးဆုံးပါပြီ။ ကျေးဇူးပြုပြီး အောက်ပါ အသေးစိတ် အချက်အလက်များကို ဖြည့်ပါ။"

ဆက်တင်အားလုံးကို ဆယ်မိနစ်ကျော်ကြာအောင် ဖြည့်ပြီးနောက် လင်းဟွမ်သည် ပါရမီရှင်သမ္မဂ္ဂ၏ ပုံရိပ်ယောင်ကမ္ဘာထဲကို တရားဝင် စေလွှတ်ခြင်း ခံလိုက်ရသည်။

လင်းဟွမ်သည် ဒိုင်မေးရှင်း ပေါ်တယ်ထဲမှ ထွက်လာသောအခါ ဖယ်ရှားခြင်းမြို့ကဲ့သို့ ကောင်းမွန်စာ ဖွံ့ဖြိုးတိုးတက်၍ လူစည်ကားနေသော မြို့တစ်မြို့ထဲ ရောက်ရှိသွားသလို ခံစားလိုက်ရသည်။ ပတ်ဝန်းကျင်တွင် မိုးမျှော်တိုက်များ၊ လမ်းမများပေါ်တွင်

လမ်းလျှောက်နေသော လူများနှင့် သူ့အရေပြားပေါ်ကို ဖြတ်သန်း၍ တိုက်ခတ်နေသော လေနုအေးများကိုပင် ခံစားရပြီး ဒါက ပုံရိပ်ယောင် ကမ္ဘာတစ်ခုဟု မထင်ရချေ။

"ဒင်…"

"အသံမက်ဆေ့ချ် တစ်ခု ဝင်လာတယ်။ အဲဒါကို ဖွင့်ကြည့်ချင်လား။"

လင်းဟွမ် အာရုံပျံ့နေစဉ် အင်ပါယာ နှလုံးသားလက်စွပ်မှ အချက်ပေးသံ မြည်လာသည်။ ဖွင့်ကြည့်လိုက်ရာ ယောင်လန်း၏အသံ ဖြစ်နေသည်။

"မင်း ဒီကိုရောက်တာနဲ့ ကြယ်လမ်းစဉ် သစ်ပင်ဆီကို တတ်နိုင်သမျှ အမြန်ဆုံးလာခဲ့ပါ။ အင်ပါယာ နှလုံးသား လက်စွပ်ထဲက မြေပုံကို တစ်ခါတည်း ဖွင့်ကြည့်လိုက်"

လင်းဟွမ်သည် အသံမက်ဆေ့ချ်ကို နားထောင်ပြီးနောက် အင်ပါယာ နှလုံးသားလက်စွပ်ထဲမှ မြေပုံကိုဖွင့်ကာ မြေပုံ အလယ်ဗဟိုရှိ ကြယ်လမ်းစဉ်သစ်ပင် တည်နေရာကို အမြန်ဆုံး ရှာဖွေလိုက်သည်။ ကြယ်လမ်းစဉ် သစ်ပင်ကို တွေ့ပြီးနောက် ရွေးချယ်စရာတစ်ခု ပေါ်လာသည်။

"ကြယ်လမ်းစဉ် သစ်ပင်ဆီကို ပို့ပေးစေချင်တာ သေချာလား"

"သေချာတယ်"

လင်းဟွမ်သည် ရွေးချယ်သည့် ခလုတ်ကို နှိပ်ပြီးနောက် ကြယ်လမ်းစဉ်သစ်ပင် ခြေရင်းကို ချက်ချင်း ပို့ဆောင်ခံလိုက်ရသည်။

"ဝိုး.... ဒီလုပ်ဆောင်ချက်က အရမ်း အသုံးဝင်တာပဲ"

လင်းဟွမ်သည် မြေပုံကိုပိတ်ပြီးနောက် သစ်ပင်ကို လှမ်းကြည့်လိုက်သည်။

သစ်ပင် အရွယ်အစားမှာ စိတ်မကူး ကြည့်နိုင်လောက်အောင် ကြီးမားလွန်း၏။ သစ်ပင် ထိပ်ဖျားကို မမြင်နိုင်သည့်အပြင် လက်ဝဲဘက်နှင့်

လက်ယာဘက်ကို ကြည့်ရင်း မဆုံးနိုင်သော တံတိုင်းကြီးကို ကြည့်နေရသလိုပင် ။

ရောမ သစ်ပင်ကြီးကို သေသေချာချာ ကြည့်လိုက်ရာ ပင်စည်တစ်ခုတည်း၏ အချင်းက ကီလိုမီတာ (၃၀၀) ကျော် ရှိနေကြောင်း တွေ့လိုက်ရသည်။ အရှည်ဆုံး အကိုင်းမှာ စတုရန်း ကီလိုမီတာ သန်းပေါင်းများစွာအထိ ကျယ်ဝန်းပြီး ပုံရိပ်ယောင်မြို့ တစ်ခုလုံး၏ ကောင်းကင်ယံကို သိမ်းပိုက်ထားသည်။

မော့ကြည့်ပါက သစ်ပင်ထိပ်ဖျားကို မမြင်နိုင်သလို အလျားလိုက်ကြည့်ပါက နံရံ၏အဆုံးကိုပင် မမြင်နိုင်ပေ။

"ဒီသစ်ပင်ရဲ့ ဧရိယာက ကမ္ဘာပေါ်က တရုတ်နိုင်ငံ ထက်တောင် ပိုကြီးသေးတယ်..."

လင်းဟွမ်သည် မယုံကြည်နိုင်စွာ တွေးလိုက်မိသည်။

"ဒီသစ်ပင်ကို ပထမဆုံးမြင်တဲ့အခါက ငါလည်း မင်းလိုပဲ တုံ့ပြန်ခဲ့မိတယ်"

သူ့နောက်မှ အမျိုးသမီးတစ်ယောက်၏ အသံ ထွက်ပေါ် လာသည်။

လင်းဟွမ်က ချက်ချင်း လှည့်ကြည့်လိုက်ရာ ထင်ထားသည့်အတိုင်း ယောင်လန်းကို တွေ့လိုက်ရသည်။

"မင်း (၅) မိနစ်နဲ့ (၁၈) စက္ကန့် နောက်ကျတယ်"

ယောင်လန်းက နာရီကို တစ်ချက်ကြည့်လိုက်ပြီး လေးနက်စွာ ပြောလာသည်။

"တောင်းပန်ပါတယ်။ ငါ ဝင်လာတဲ့အချိန်မှာ ဆက်တင်တွေ လုပ်နေရင်း အချိန်ကြာသွားတယ်။"

လင်းဟွမ်သည် နာရီ ပြန်ကြည့်စရာ မလိုဘဲ နောက်ကျနေပြီ ဖြစ်ကြောင်း သိနေသဖြင့် ပြုံးပြလိုက်သည်။ ဆယ်မိနစ် ကြိုဝင်ပါက အချိန်မီ ပြီးဆီးအောင် လုပ်နိုင်မည်ဟု အစပိုင်းက ထင်ခဲ့သည်။ သို့သော် လက်တွေ့တွင်မူ ဆက်တင်များ ပြုလုပ်ခြင်းက (၁၅) မိနစ်ခန့် အချိန် ကုန်သွားလိမ့်မည်ဟု မထင်ထားခဲ့ချေ။

"စိတ်မပူနဲ့။ မနေ့က ပြောလိုက်တဲ့ အချက်အလက်တွေထဲမှာ ဆက်တင်တွေအကြောင်း ပြောဖို့ မေ့သွားတယ်။"

ယောင်လန်းက လက်ဇွေ့ယမ်းပြပြီး ပြောလိုက်သည်။

"အရက်သောက်ရအောင် ပြီးရင် ငါ မင်းကို လိုက်ပြမယ်"

ယောင်လန်းက လင်းဟွမ်ကို လေဟာပြင် ဘားတစ်ခုကို ခေါ်သွားကာ ထိုင်လိုက်ကြသည်။

လင်းဟွမ်က အစိမ်းရောင် ဖျော်ရည်တစ်ခွက်မှာပြီး ယောင်လန်းက သစ်သီး ဖျော်ရည်တစ်ခွက် မှာလိုက်သည်။

"မင်းက နောက်ကျတယ်ဆိုတော့ မင်း တိုက်ရမယ်"

ယောင်လန်းက ပြောလိုက်သည်။

“ရပါတယ်”

လင်းဟွမ်က ပြန်ဖြေသည်။

ဘားများ သာမက စတိုးဆိုင်များတွင်လည်း လူများက ထိုင်ခုံ အပြည့်နီးပါး နေရာယူထားကာ လမ်းပေါ်တွင်လည်း လူစည် ကားနေသည်။

"ဒီ ပုံရိပ်ယောင်ကမ္ဘာမှာ ရှိတဲ့လူတွေ အားလုံးက ပါရမီရှင်တွေလို့ ပြောခဲ့တယ် မဟုတ်ဘူးလား။ ဘာဖြစ်လို့ လူတွေ ဒီလောက် များနေရတာလဲ"

"မင်း မြင်နေတဲ့လူတွေက လူသားတွေ မဟုတ်ဘူး။ ပုံရိပ်ယောင် လူသားတွေပဲ။ တချို့က ငါတို့ကို ဝန်ဆောင်မှုအမျိုးမျိုး ပေးနေတဲ့ ဝန်ထမ်းတွေပဲ ။ ဥပမာ-ဘားပိုင်ရှင်နဲ့ စားပွဲထိုးတွေရော၊ ဟို.... စတိုးဆိုင်က ဝန်ထမ်းတွေရော။ နောက်ပြီးတော့ ဘာမှမလုပ်တတ်တဲ့ ပုံရိပ်ယောင် နေထိုင်သူတွေလည်း ရှိသေးတယ်။ အမှန်တော့ ဒီကမ္ဘာကြီးမှာ ပါရမီရှင်တွေ အကန့်အသတ်နဲ့ပဲ ရှိတာ။ (အေ) အဆင့် ဝပ်ကျင်းလောက် အရွယ်အစားရှိတဲ့ ဒီမြို့မှာ အရေအတွက် အကန့်အသတ်ရှိတဲ့ ပါရမီရှင်တွေကိုသာ ထားလိုက်ရင် နေရာ တော်တော်များများ

လွတ်နေလိမ့်မယ်။ ဒါက ပုံရိပ်ယောင် နေထိုင်သူတွေ ပေါ်လာရတဲ့ အကြောင်းအရင်းပဲ"

"နောက်ပြီးတော့ ဒီပုံရိပ်ယောင် ကမ္ဘာမှာ စည်းမျဉ်းတစ်ခု ရှိသေးတယ်။ ပုံရိပ်ယောင် လူသားတွေကို တိုက်ခိုက်ဖို့ ခွင့်မပြုထားဘူး၊ ဒီလိုမှမဟုတ်ရင် ဝင်ရောက်ခွင့် ပိတ်ပင်ခံရမယ်"

ယောင်လန်းက လင်းဟွမ်ကို ပုံရိပ်ယောင် နေထိုင်သူများအကြောင်း ပြောလက်စနှင့် တစ်ခါတည်း သတိပေးလိုက်သည်။ အနီးအနားရှိ ကြယ်လမ်းစဉ် သစ်ပင်ကို လှမ်းကြည့်လိုက်ရာ ပုံရိပ်ယောင်

လူသားများက သစ်ပင်ပေါ်တက်ရန် စိတ်မဝင်စားကြပေ။ လူသားများကသာ သစ်ပင်ပေါ် တက်နေကြသည်။

" သစ်ပင်ပေါ်မှာ ပျံသန်းခွင့် မရှိဘူးထင်တယ်"

"ဟုတ်တယ်၊ သစ်ပင်ပေါ်မှာ ပျံသန်းခွင့် တားမြစ်ထားတယ်။ အဲ့ဒါပဲ မဟုတ်သေးဘူး။ နေရာ ခုန်ကူးတာလည်း တားမြစ်ထားတယ်။ မင်း လုပ်နိုင်တာက သစ်ပင်အပေါ် ဒီအတိုင်းတက်တာပဲ”

ယောင်လန်းက ခေါင်းညိတ်ရင်း ပြောလိုက်သည်။

"ဒါဆိုရင် ငါ့မွန်းစတားတွေ ဆင့်ခေါ်ပြီး စီးလို့ရလား"

လင်းဟွမ်က မေးလိုက်သည်။

"ရတယ်၊ ဒါပေမယ့် မင်းရဲ့ ပျံသန်းနိုင်တဲ့ မွန်းစတားက သစ်ပင် အနားရောက်ရင် ပျံသန်းနိုင်မှာ မဟုတ်တော့ဘူး။ ဆွဲငင်အားနဲ့ ပတ်သက်ပြီး ငါတို့ လုပ်နိုင်တာ ဘာမှမရှိဘူး။ ဒါကြောင့် ဖက်တက်နိုင်တဲ့ မွန်းစတားတွေကို ဆင့်ခေါ်တာကလွဲရင် ကျန်တာက အကျိုးသက်ရောက်မှု မရှိဘူး"

ယောင်လန်းက ရှင်းပြလိုက်သည်။

"ဒါပေမယ့် မင်းမှာ ဖက်တက်နိုင်တဲ့ မွန်းစတား တစ်ကောင် ရှိနေရင် တခြား အပင်တက်တဲ့လူတွေက မင်းကို တိုက်ခိုက်ရတာ ပိုလွယ်သွားလိမ့်မယ်"

"သူတို့ ဆန္ဒရှိတဲ့အတိုင်း တိုက်ခိုက်လို့ ရတာလား"

"ရတယ်၊ သစ်ပင်ပေါ်မှာ ပြိုင်ဆိုင်မှု ပြင်းထန်တယ်။ မင်းမှာသာ လုံလောက်တဲ့ စွမ်းရည်တွေ ရှိနေသရွေ့ တိုက်ခိုက်တာအပြင် မင်း စိတ်ကြိုက် သတ်နိုင်တယ်။ သတ်လိုက်ရင် တခြားသူရဲ့အမှတ်ကို တစ်ဝက် ရလိမ့်မယ်”

“လူတစ်ယောက်က သေဆုံးသွားရင် တစ်နှစ်အတွင်း စုဆောင်းထားတဲ့ အမှတ်တစ်ဝက် ဆုံးရှုံးပြီးတော့ အောက်ခြေကနေလည်း ပြန်တက်ရမယ်။ အမှတ်တွေကို ပစ္စည်းတွေ လဲလှယ်တဲ့နေရာမှ အသုံးပြုလို့ရတယ်။ နောက်ပြီးတော့ ရောက်နေတဲ့ အမြင့်ပေါ်မူတည်ပြီး လတိုင်း ရနေတဲ့ပစ္စည်းတွေ ရှိသေးတယ် ။ဒါကြောင့်

လူတော်တော်များများက အောက်ခြေမှာ သတ်ရမယ့်အစား အပေါ်ရောက်မှပဲ လူတွေကိုသတ်ပြီး အမှတ် လုချင်ကြတာ”

"မင်းက ဘာလို့ သစ်ပင်အောက်ခြေ ရောက်နေတာလဲ"

လင်းဟွမ် သိချင်လာသည်။

"ငါ့ အမှတ်တွေသုံးပြီး ပုံရိပ်ယောင် ကိုယ်ပွား တစ်ခုကို လဲထားတယ်။ ငါ့ခန္ဓာကိုယ် အစစ်က သစ်ပင်ပေါ်မှာပဲ ။ မင်းကို ကြိုဆိုဖို့အတွက်နဲ့ အောက်ဆုံးအထိ ပြန်ဆင်းလာမယ်လို့ ထင်နေတာလား။ ငါတို့ သွားရမယ့် အမြင့်တိုင်းမှာ မတူညီတဲ့

အခက်အခဲတွေ ရှိတယ်။ မအောင်မြင်ခင် နှစ်ခါလောက် ကြိုးစားရမှာ။ နောက်တစ်ခေါက် ပြန်စရတဲ့အခါ မင်းရောက်ဖူးတဲ့ အကွာအဝေးကို ပြန်ရောက်ဖို့တောင် ခက်ခဲလိမ့်မယ်။"

"ပုံရိပ်ယောင် ကိုယ်ပွားလား"

လင်းဟွမ်သည် သူမက ကိုယ်ပွားတစ်ခုသာ ဖြစ်ကြောင်း မပြောနိုင်ခဲ့ပေ။

"ငါက ကိုယ်ပွားနဲ့ လဲဖို့အတွက် အမှတ်တွေ အသုံးပြုခဲ့ရတယ်။ ကိုယ်ပွားမှာ တိုက်ခိုက်နိုင်စွမ်း တော့မရှိဘူး။ ဒါပေမယ့် ငါ့ရဲ့အော်ရာတော့ ရှိတယ်"

ယောင်လန်းက အတည်ပြုလိုက်သည်။

" အမှတ်တွေ ရအောင် ဘယ်လိုလုပ်ရလဲ"

လင်းဟွမ်က မေးလိုက်သည်။

"မတူညီတဲ့အမြင့်ကို တက်နေရင် အမှတ်တွေ ရနေလိမ့်မယ်။ သစ်ပင်ပေါ်မှာရှိတဲ့ မွန်းစတားတွေကို သတ်နိုင်ရင်လည်း အမှတ်ရတာပဲ။ အမှတ်ရရှိဖို့ တခြားသူတွေကိုလည်း သတ်နိုင်တယ် ဒီလိုမှမဟုတ် လုယက်နိုင်တယ်။ အမှတ်တွေကို လဲလှယ်ဖို့ ဒါမှမဟုတ် တခြားသူတွေနဲ့ ရောင်းဝယ် ဖောက်ကားဖို့အတွက်လည်း အသုံးပြုနိုင်တယ်။ အဲဒါတွေက အမှတ်ရနိုင်တဲ့ နည်းလမ်းလေးခုပဲ”

ယောင်လန်းက အသေးစိတ် ရှင်းပြလိုက်သည်။

"ကြယ်လမ်းစဉ် သစ်ပင်ကို တက်တာက အခြေခံ အားဖြင့် မင်းအပေါ်မှာပဲ မူတည်တယ်။ ငါ ပေးနိုင်တာက နည်းဗျူဟာ တချို့ပဲ။ ငါတို့က အမြင့်မတူလို့ ကူညီနိုင်တာလည်း ဘာမှမရှိဘူး။ အဖွဲ့ဝင်လည်း အများကြီး မရှိဘူး။ ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က အဖွဲ့ခွဲ(၁) နဲ့ အဖွဲ့ခွဲ (၂) မှာရှိတဲ့ ပါရမီရှင် အဖွဲ့အစည်းတွေနဲ့ မတူဘူး။"

" သူတို့မှာက အင်မော်တယ်အဆင့် (၉) ဆယ့်ငါးယောက်နဲ့ အထွတ်အထိပ် ပါရမီရှင်ကလည်း (၁၈) ယောက်လောက် ရှိတယ်။ သူတို့

တစ်ယောက်ချင်းစီတိုင်းကလည်း အင်ပါယာ အဆင့်တွေကို သတ်ဖြတ်နိုင်တယ်။"

"အထွတ်အထိပ် ပါရမီရှင် အဖွဲ့အစည်း (၁၀) ဖွဲ့ရှိရင် (၇) ဖွဲ့က အဖွဲ့ခွဲ (၁) က (၃) ဖွဲ့က အဖွဲ့ခွဲ (၂)ကပဲ။ ငါတို့ အဖွဲ့ခွဲ (၃) ရဲ့နံပါတ် (၁) က ဦးဆောင်သူစာရင်းမှာ နံပါတ် (၁၂) ပဲရှိတယ်။"

"ဖယ်ရှားခြင်း မဟာမိတ် အဖွဲ့အစည်းက အဆင့် ဘယ်လောက်လဲ။”

လင်းဟွမ်က မေးလိုက်သည်။

"အင်း... အဆင့် (၁၈၀)..."

ယောင်လန်းက ရှက်ကိုးရှက်ကန်း အမူအရာနှင့် နှာခေါင်းကုတ်လိုက်သည်။

လင်းဟွမ်သည် အဆင့် သတ်မှတ်ချက်ကို ကြားပြီးနောက် အလိမ်ခံရသလို ခံစားလိုက်ရသည်။

"ဟန်ဖူ မောင်နှမတွေ မပါချင်တာလည်း မထူးဆန်းတော့ပါဘူး"

# အခန်း(၆၄၆) - ကြယ်လမ်းစဉ် သစ်ပင်ပေါ် တက်ခြင်း

အဖွဲ့ခွဲ (၁) တွင် ပါရမီရှင်အဖွဲ့အစည်း (၁၂၀) ကျော် ရှိပြီး အဖွဲ့ခွဲ (၂) တွင် ပါရမီရှင်အဖွဲ့အစည်း (၈၀) ကျော် ရှိသည်။ အဖွဲ့ခွဲ (၃) က နည်းပါးသည်ဟု ဆိုသော်လည်း အဖွဲ့ (၄၀) ကျော် ရှိသေးသည်။

ထိုအပြင် အဓိကဇုန်ပြင်ပတွင် ဇုန် (၁၂) ခုရှိပြီး အားလုံးပေါင်းလိုက်ပါက ပါရမီရှင် သမ္မဂ္ဂထဲတွင် ပါရမီရှင်အဖွဲ့အစည်း စုစုပေါင်း (၂၆၈) ဖွဲ့ရှိသည်။

ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့သည် အဓိက အကြောင်းအရင်း နှစ်ခုကြောင့် အဆင့် (၁၈၃) သို့ ရောက်ရှိနေသည်။ တစ်ချက်မှာ အဖွဲ့ဝင်လူဦးရေ နည်းပါးခြင်းဖြစ်ပြီး ပါရမီရှင်အဖွဲ့အစည်း၏ အဖွဲ့ တစ်ဝက်ကျော်သည် အဖွဲ့ဝင် အရေအတွက် (၁၀၀) ကျော်ရှိကြပြီး ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့တွင် အဖွဲ့ဝင်(၃၆) ဦးသာရှိသည်။ ထို့ကြောင့် အဖွဲ့ဝင်အရေအတွက်ပေါ် မူတည်၍ တွက်ချက်ပါက အဆင့် (၂၄၀) ဖြစ်ပြီး နောက်ဆုံးရောက်ရန် (၂၀) သာ လိုတော့သည်။

နောက်တစ်ချက်မှာ သူတို့တွင် အမှန်တကယ် အစွမ်းထက်သော အဖွဲ့ဝင် မရှိခြင်းပင်....။ ဟန်ဖူလင်းကသာ အင်ပါယာ အဆင့်ကို သတ်ဖြတ်နိုင်သည့် တစ်ဦးတည်းသော အဖွဲ့ဝင်ပင် ။

သူမ၏ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ် အဆင့်(၇)တွင် ရှိသည်။ အင်မော်တယ်အဆင့် (၉) အထွတ်အထိပ် ပါရမီရှင်များသည် ထိပ်တန်း အဖွဲ့အစည်းများကို ဦးဆောင်ကြပြီး သူတို့တွင် အင်မော်တယ်အဆင့် (၉) အထွတ်အထိပ် ပါရမီရှင် တစ်ဦးထက်မက ရှိကြသည်။

လင်းဟွမ်သည် ယောင်လန်း၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့၏ အခြေအနေကို နားလည်သွားသည်။ ဟန်ဖူလင်းက ထိုအချက်ကို လုံး၀ ဂရုမစိုက်ဘဲ အဖွဲ့ထဲ၀င်ရောက်ရန် ရွေးချယ်ရခြင်းမှာ သူမ၏ဗီဇကြောင့်သာ ။

အဖွဲ့၀င် (၃၆) ဦးတွင် ဟန်ဖူဖိန် စုဆောင်းခံခြင်းကို ခံရသည့် လူအချို့မှလွဲ၍ အများစုက သူတို့၏ ကိုယ်ပိုင်ဆန္ဒဖြင့် ၀င်ရောက်လာခဲ့ခြင်းပင် ။ သူတို့ထဲမှ အချို့မှာ ယောင်လန်း အဖွဲ့၀င် မဖြစ်ခင်ကတည်းက အငြိမ်းစား ယူခဲ့ကြသည်။

သို့သော်လည်း (၅) နှစ်အတွင်း ဖြစ်ပေါ်လာမည့် စစ်ပွဲကြောင့် ပါရမီရှင်သမဂ္ဂရှိ အဖွဲ့အစည်းများသည် အရင်းအမြစ်များ ပိုမို လိုအပ်လာသည်။

ထို့ကြောင့် သူမက ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့က အဖွဲ့ဝင်များ ပိုမို စုဆောင်းနိုင်စေရန် စံနှုန်းများကို လျှော့ချပေးခဲ့သည်။ ပိုမြင့်မားသော ရာထူးများအတွက် ကိုယ်ပိုင်ဆုများ အပြင် အဆင့်သတ်မှတ်ချက်အတွက် ဆုလာဘ်များလည်း ရှိသည်။ ထို အကျိုးကျေးဇူးက သေချာပေါက် စွဲဆောင်မှု ရှိနေသည်။

ယောင်လန်းက အခြေခံ အချက်အလက်များကို ရှင်းပြပြီးနောက် လင်းဟွမ်ကို ကြယ်လမ်းစဥ်သစ်ပင်ထံ ခေါ်ဆောင်သွားသည်။

"မင်း အလုပ်သိပ်မရှုပ်ရင် ဒီနေ့ တက်လို့ရတယ်။ ဆုတွေကို ရက် (၂၀) ကြာမှ ပေးလိမ့်မယ်။ မင်းရဲ့ရလဒ်ကို ကြည့်ပြီးတော့ တစ်လအတွင်း အမှတ်တွေ ထည့်ပေးလိမ့်မယ်"

ယောင်လန်း၏ အသံက စိတ်မရှည်သလို ဖြစ်နေသည်။

"ကောင်းပြီလေ.။ ဒီနေ့တော့ သွေးပူလေ့ကျင့်ခန်းလေး လုပ်ကြည့်လိုက်မယ်"

လင်းဟွမ်သည် ခေါင်းညိတ်ပြီးနောက် ရွှေအမွေးမျောက်ဝံကို ဆင့်ခေါ်လိုက်သည်။ ဒါသည် အစောပိုင်းက ခေါင်းသုံးလုံးမျောက်ဝံကို သတ်ပြီးနောက် ရရှိခဲ့သော မွန်းစတားကတ် များထဲမှတစ်ခုပင် ။

ရှောင်ဖိန်၏ မွမ်းမံ ပြင်ဆင်မှုအပြီးတွင် မျောက်ဝံများ၏ မျိုးရိုးဗီဇ ပြဿနာများကို ဖြေရှင်းနိုင်ခဲ့သည်။ ထို့အပြင် သူတို့ထဲမှ တစ်ကောင်မှာ သန္ဓေသုံးကြိမ်ပြောင်းသည့် ဖြစ်စဉ်အတွင်း၌ ရှေးဦး ဆန်းကြယ်မျောက်ဝံ၏ သွေးမျိုးဆက်ကို ရရှိခဲ့ပြီး နောက်တစ်မျိုးမှာ ရေခဲမီးလျှံ မျောက်ဝံ၏ သွေးမျိုးဆက်ကို ရရှိခဲ့သည်။

ရွှေအမွေးမျောက်ဝံသည် ရှေးဦးဆန်းကြယ် မျောက်ဝံ၏ သွေးမျိုးဆက်ကို ရရှိထားသည့် အကောင် ဖြစ်သည်။ တောင်ကုန်းငယ် တစ်ခုကဲ့သို့ မီတာ (၂၀၀) ကျော်မြင့်သဖြင့် လူများကမြင်လျှင် အလန့်တကြား ထအော်ကြသည်။

"ရှေးဦးသားရဲ သန္တေသုံးကြိမ် ပြောင်းဟာ..!!"

ယောင်လန်းသည် ရွှေအမွေးမျောက်ဝံကို တွေ့လျှင် အံ့အားသင့်သွားသည်။ တက်နေရင်း လမ်းခုလတ် ရောက်နေသူ အချို့နှင့်တက်ရန် ပြင်နေသူများက မျောက်ဝံကြီးကို မနာလိုအားကျစွာ လှမ်းကြည့် နေကြသည်။ ဆန်းကြယ်မျောက်ဝံ၏ အော်ရာမှာ

အင်မော်တယ်အဆင့် ဖြစ်သောကြောင့် သူတို့သည် ကြည့်ရုံသာ ကြည့်နေကြပြီး ရန်စရဲသည့် စိတ်ကူးများ မရှိကြပေ။

"ကဲ.. သွားကြစို့.."

လင်းဟွမ်သည် ယောင်လန်းကို တဲ့တား ပြခဲ့ပြီး ဆန်းကြယ်မျောက်ဝံ၏ ပခုံးပေါ် ခုန်တက်သွားသည်။

"ဟာဘကျူလီဘုရင်။ ဒီနေ့ သစ်ပင်တက်ရအောင်"

ဆန်းကြယ်မျောက်ဝံ ဆိုသည်မှာ မျောက်ဝံ၏ ယာယီနာမည်သာ ဖြစ်ပြီး နာမည်အစစ်အမှန် မဟုတ်ချေ။ လင်းဟွမ်၏ ပထမဦးဆုံးအကြိမ် ဆင့်ခေါ်မှုကို ခံရသဖြင့် စိတ်လှုပ်ရှားနေသည်။

ညွှန်ကြားချက်ကို ကြားပြီးနောက် ရင်ဘတ်ကို တဘုန်းဘုန်း ထုပြီး ကြယ်လမ်းစဉ်ပေါ် မတက်ခင် ဟိန်းဟောက်လိုက်သည်။

ကြယ်လမ်းစဉ် သစ်ပင်များ၏ အကိုင်းအခက်များသည် နံရံကဲ့သို့ ထူထဲသော်လည်း နံရံမျက်နှာပြင်ကဲ့သို့ ချောမွေ့ခြင်း မရှိပေ။ အခေါက်များ ပေါ်တွင် အက်ကွဲကြောင်းများ ရှိနေပြီး ထိုနေရာပေါ်မှ ဖက်တက်ရသည်။

မျောက်ဝံများ၏ ဗီဇအရ တက်ရန်ခက်ခဲသော နေရာများကို လူများထက် ပိုမို၍ လျင်မြန်သွက်လက်စွာ တက်နိုင်သည်။ ၎င်း၏ ကြီးမားသော

အရွယ်အစားကြောင့် တစ်မိနစ် မပြည့်ခင် အချိန်လေးမှာပင် မီတာထောင်ပေါင်းများစွာ တက်ခဲ့ပြီး တိမ်များထဲ ပျောက်ကွယ်သွားသည်။

အောက်မှ လူများသည် ပျောက်ကွယ်သွားသော မျောက်ဝံကြီးကို လှမ်းကြည့်ပြီး မနာလို ဖြစ်နေကြသည်။

သစ်ပင်အောက်ခြေမှ ကြည့်နေသော ယောင်လန်းက ပြုံးပြီး ခေါင်းခါလိုက်သည်။

"ဒီအရှိန်နဲ့ဆို ပထမဦးဆုံး စိန်ခေါ်မှုကို မကြာခင် ရင်ဆိုင်ရတော့မှာပဲ"

ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် မီတာတစ်သောင်း ရောက်ရှိတိုင်း စစ်ဆေးရေးဂိတ်များ ရှိသည်။ အပေါ်သို့

မြင့်လာသည်နှင့်အမျှ စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းနိုင်ရန် ပို၍ ခက်ခဲလာသည်။ အရည်အချင်းအပြင် တိကျသောစွမ်းရည် သို့မဟုတ် နည်းဗျူဟာများ လိုအပ်သည်။

အောက်ခြေရှိ စစ်ဆေးရေးဂိတ်များသည် အများသူငါသိသည့် သာမန်ပုံစံအတိုင်း ဖြစ်ကြောင်း လူတိုင်း သိကြသော်လည်း အချို့မှာမူ မဟာဗျူဟာများ လိုအပ်ပြီး အဖွဲ့အစည်းများက သူတို့အတွက် သီးသန့်ထားရှိကာ အဖွဲ့အစည်း များထံမှ သတင်းပေါက်ကြား လိမ့်မည် မဟုတ်ချေ။

အဖွဲ့အစည်း အချို့က မဟာဗျူဟာများကို မြင့်မားသော ဈေးနှုန်းဖြင့် ရောင်းချတတ်ကြသော်လည်း ထိပ်တန်း အဖွဲ့အစည်းအချို့တွင် ပို၍ခက်ခဲသော စစ်ဆေးရေးဂိတ်များအတွက် နည်းဗျူဟာများ ရှိကြသည်။ သူတို့တွင် အမှတ်မရှားသောကြောင့် အခြား အဖွဲ့အစည်းများကို သူတို့နှင့် တန်းတူ ညီတူ၊ အဆင့်တူလာစေခြင်း မရှိပေ။

မြေပြင်အထက် မီတာ တစ်သောင်း အမြင့်တွင် ရှိသော ပထမဦးဆုံး စစ်ဆေးရေးဂိတ်မှာ မြူတိမ် စစ်ဆေးရေးဂိတ်ပင် ။

လင်းဟွမ် သစ်ပင်အောက်ခြေ၌ ရှိနေစဉ်က လှမ်းတွေ့နေရသော အဖြူရောင်တိမ်တိုက်ကြီး ဖြစ်သည်။ တိမ်တိုက်ကြီးမှာ မီတာ ထောင်ပေါင်းများစွာ ထူထပ်သည်။ တိမ်တိုက်ထဲသို့ ဝင်ရောက်ရခြင်းမှာ မျက်စိမှုန်သွားသော လူတစ်ယောက် မြူခိုးထဲ ဝင်ရခြင်းနှင့် တူသည်။

အရေးအကြီးဆုံးအချက်မှာ မြူခိုးက လူခန္ဓာကိုယ်ထဲ တိုက်ရိုက် ဝင်ရောက်နိုင်ပြီး ရှောင်လွှဲ၍မရသည့် ပြင်းထန်သော နာကျင်မှုကို ခံစားရကာ အာရုံစိုက်မှုကို ပျက်ပြားစေသည်။ သတိမထားမိဘဲ ပုံမှန်အတိုင်း အသက်ရှူမိသော လူများကမူ အဆုတ်ထဲ မြူခိုးများ

ဝင်ပြီး အာရုံပျက်ယွင်းခြင်း အကျိုးသက်ရောက်မှုက ပိုမို မြင့်မားလာသည်။

ထိုမြူခိုးထဲတွင် သန့်ရှင်းမီးလျှံအဆင့် မဆိုထားနှင့် အင်မော်တယ်အဆင့် လူတစ်ယောက် ရောက်ခဲ့မည် ဆိုလျှင်ပင် သက်ရောက်မှု ရှိသည်။ ထူထဲသော မြူခိုးများထဲတွင် လမ်းပျောက်ရန် လွယ်ကူပြီး အာရုံပျက်ယွင်းမှု အကျိုးသက်ရောက်မှု ရှိသောကြောင့် သန့်ရှင်းမီးလျှံအဆင့် လူသားများစွာသည် ဤအဆင့်၌ ပိတ်မိနေတတ်ကြသည်။

ယောင်လန်းက လင်းဟွမ်ကို ဖြတ်ကျော်နိုင်မည့် နည်းဗျူဟာကို ပေးရန် စီစဉ်ထားခဲ့သော်လည်း

လင်းဟွမ်က မတောင်းဆိုခဲ့ပေ။ စစ်ဆေးရေးဂိတ်နှင့် ပတ်သက်၍ ဘာမှမကြားချင်ဘူးဟုပင် ငြင်းဆန် သွားခဲ့သည်။

ဤနည်းလမ်းက ပို၍ စိတ်လှုပ်ရှားစရာ ကောင်းသည်ဟု သူက ယူဆနေသည်။ အခြားလူများ၏ နည်းစနစ်များ၊ နည်းဗျူဟာများ မပါဘဲ သူ၏ ကိုယ်ပိုင်အစွမ်းအစနှင့် မည်မျှထိ ရောက်အောင် သွားနိုင်မလဲ ဆိုသည်ကို သူသိချင်နေသည်။

သိပ်မကြာခင် လင်းဟွမ်သည် တိမ်တိုက်ထဲ ဝင်ရောက်လာသည်။ မြူခိုးထဲ ရောက်သွားသောအခါ ထူးဆန်းသော ခံစားချက်ကို ခံစားလိုက်ရသည်။

စိတ်ဝိညာဉ် အစွမ်းထက်သော လူတစ်ယောက်အနေနဲ့ သူ၏ အာရုံခံစားမှုမှာ အခြားလူများထက် များစွာ ပိုမို အားကောင်းသည်။ သူ့ခန္ဓာကိုယ်ထဲ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားနေသည့် မြူခိုးများထဲတွင် ထူးဆန်းသော စွမ်းအင်တစ်ခု ပါဝင်နေကြောင်း ရှင်းရှင်းလင်းလင်း သိရှိနေ၏။

"ဒီ တိမ်ဖြူ တိမ်တိုက်က ပထမဦးဆုံး စစ်ဆေးရေးဂိတ် ဖြစ်နိုင်တယ်။ အားနည်းတဲ့ လူတွေကတော့ သေချာပေါက် သက်ရောက်မှု ရှိမှာပဲ။ သာမန်လူတွေက ငါ့လို ဆင့်ခေါ်မွန်းစတား တစ်ကောင် မစီးထားရင် တော်တော်လေး နှေးကွေးနိုင်တယ်။

တိမ်တိုက်ထဲမှာ နေတဲ့အချိန် ကြာလေလေ၊ အသိစိတ်ဆုံးရှုံးမှု များလေလေပဲ..”

လင်းဟွမ်သည် စစ်ဆေးရေးဂိတ်၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ခွဲခြမ်း စိတ်ဖြာလိုက်သည်။ နောက်ထပ် ခွဲခြမ်းစိတ်ဖြာမှု မလုပ်ရသေးခင် ဆန်းကြယ်မျောက်ဝံက တိမ်တိုက်ကို ဖောက်ထွက်ပြီး အပေါ်သို့ တက်သွားသည်။ ဤ အခြေအနေမှာ အင်မော်တယ်အဆင့် အပေါ်၌ သက်ရောက်မှု အနည်းငယ်မျှသာ ရှိကြောင်း အထင်အရှားပင်။

“ဒုတိယမြောက် စစ်ဆေးရေးဂိတ်ရောက်ရင် ဘယ်လို ထူးဆန်းအံ့ဩမှုတွေနဲ့ ကြုံတွေ့ရမလဲ ဆိုတာ သိချင်လာပြီ..”

လင်းဟွမ်သည် အောက်ဘက်ရှိ အဖြေူရောင် တိမ်တိုက်ကို တစ်ချက် ငုံ့ကြည့်ပြီးနောက် အပေါ်ဘက်သို့ မျှော်ကြည့်လိုက်သည်။ သူ့ခေါင်းပေါ်တွင် အမည်းရောင် တိမ်အလွှာတစ်ခုကို တွေ့လိုက်ရပြီး ရုတ်တရက် နှင်းများ ကျဆင်းလာသည်။

# အခန်း(၆၄၇) - နတ်ဘုရား ဓါတ်ကြွင်း အင်ပါယာနှလုံး။

"နှင်းကျတာလား.."

လင်းဟွမ်သည် သူ့အပေါ်မှ ပိုမို ထူထဲလာသော တိမ်တိုက်ကို မော့ကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။ ဆန်းကြယ် မျောက်ဝံက အပေါ်ကို ပိုတက်လာသည်နှင့်အမျှ တိမ်တိုက်က ပို၍ ထူထဲ လာသည်။

တစ်မိနစ် မပြည့်ခင် ကောင်းကင်ကြီးက အနက်ရောင်မှင်နှင့် ရေးခြယ်ထားသလို ဖြစ်နေပြီး နေ့ဘက်က ခဏလေးအတွင်းမှာပင် မှောင်မည်း သွားခဲ့သည်။

လင်းဟွမ်သည် အဓိပ္ပာယ်မဲ့စွာ ပြောင်းလဲသွားသော ရာသီဥတုမှာ သဘာဝအတိုင်း မဟုတ်ကြောင်း သဘောပေါက်လိုက်သည်။

"ဒုတိယမြောက် စစ်ဆေးရေးဂိတ် ဖြစ်မယ်ထင်တယ်"

အပေါ်သို့ ရောက်လာသည်နှင့်အမျှ အပူချိန်က နိမ့်ကျလာသည်။ သစ်ပင် အခေါက်ပေါ်တွင် အဖြူရောင် နှင်းခဲအလွှာများပင် တည်ရှိလာသည်။

"နည်းနည်းတော့ အေးတယ်ဟ"

မကြာခင် အေးစိမ့်သော လေညင်းများက ခန္ဓာကိုယ်ထဲ တိုးဝင်လာသည်။ ရှူထုတ်လိုက်သော လေသည်လည်း အအေးဓါတ်ကြောင့် အေးခဲ သွားသည်။ အင်ပါယာနှလုံးသား လက်စွပ်ပေါ်မှ သာမိုမီတာကို ဖွင့်ကြည့်လိုက်ရာ အပူချိန်က အနုတ် (80) ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနေခဲ့ပြီ။

လင်းဟွမ်၏ ခန္ဓာကိုယ်မှာ အအေးဒဏ်ကို ခံနိုင်ရည် ရှိသော်လည်း ကံကြမ္မာစွမ်းအား အလွှာကို ထုတ်သုံးထား ရသောကြောင့် ကံကြမ္မာစွမ်းအားများ ကုန်ဆုံး နေသည်။ မိနစ်ဝက် မပြည့်ခင် ကံကြမ္မာစက်ဝိုင်း

အတွင်းရှိ ကံကြမ္မာ စွမ်းအားတစ်ဝက်ခန့် ကုန်ဆုံးသွားခဲ့သည်။

အစွမ်းထက်မျောက်ဝံ၏ ခန္ဓာကိုယ်ပေါ်တွင် နှင်းခဲများရှိနေသည်။ သို့သော်လည်း ဆန်းကြယ်မျောက်ဝံသည် အင်မော်တယ်အဆင့် ဖြစ်သောကြောင့် ထိခိုက်ခြင်းများစွာ မရှိပေ။ သစ်ပင် မျက်နှာပြင် ချောမွေ့လာသည်အမျှ အပေါ်သို့ တက်သောအရှိန်က နှေးကွေးလာသည်။ ထို့အပြင် လေပြင်းများ တိုက်ခတ်လာပြီး နှင်းများ ပိုမို ထူထပ်လာသည်နှင့်အမျှ ပိုမို အေးစက်လာသည်။

ဆန်းကြယ်မျောက်ဝံ၏ မြင်ကွင်းသည် မရှင်းမလင်း ဖြစ်နေသောကြောင့် နှစ်ကြိမ်တိုင်တိုင် ခြေချော်ထွက်သွားသည်။

လင်းဟွမ်သည် ထိုအချက်ကို သတိထားလိုက်မိပြီး ဆန်းကြယ်မျောက်ဝံကို ပြန်သိမ်းကာ နှင်းခဲမီးလျှံမျောက်ဝံကို ဆင့်ခေါ်လိုက်သည်။

နှင်းခဲမီးလျှံမျောက်ဝံမှာ နှင်းခဲ ဂုဏ်သတ္တိပိုင်ဆိုင်သော မွန်းစတားတစ်ကောင် ဖြစ်သောကြောင့် ဤကဲ့သို့ ရာသီဥတုက ၎င်းအပေါ်တွင် သက်ရောက်ခြင်းမရှိပေ။ ထူထဲ၍ ဖြူစင်သော အမွေးများက အသက် ရှူသွင်းလိုက်တိုင်း

သူ့ပတ်ပတ်လည်ရှိ အအေးဓါတ်များကို စုပ်ယူနိုင်သည်။ အသက် ပြန်ရှူထုတ်လိုက်သောအခါ အပူဓါတ်များ ထွက်လာသည်။ ထို့ကြောင့် နှင်းခဲမီးလျှံ မျောက်ဝံကြီးမှာ အပူပေးစက်နှင့်ပင် တူနေသည်။

လင်းဟွမ်သည် နှင်းခဲမီးလျှံ မျောက်ဝံပခုံးပေါ်တွင် ထိုင်စီးလိုက်သည့်အချိန်၌ သူ့ကံကြမ္မာစွမ်းအားမှာ ပုံမှန်အတိုင်းဖြစ်သွားပြီး ဆောင်းရာသီမှ နွေဦးရောက် ရောက်သွားသကဲ့သို့ ခံစားလိုက်ရသည်။

နှင်းခဲမီးလျှံ မျောက်ဝံသည် ဆင့်ခေါ်ခံရသဖြင့် စိတ်လှုပ်ရှားနေသည်။ လင်းဟွမ်၏ ညွှန်ကြားချက်ကို ကြားပြီးသည့်နောက် အပေါ်သို့ လှမ်းတက်သွားသည်။

အပေါ်တက်သော အရှိန်မှာ ဆန်းကြယ်မျောက်ဝံထက် နေးကွေးခြင်း မရှိပေ။ ၎င်း၏လက်မှာ သစ်ပင် မျက်နှာပြင်ကို ထိလိုက်သည်နှင့် အခေါက်ထဲတွင် တွယ်ကပ်နေပြီး ၎င်း လက်ဖဝါးပေါ်တွင် နှင်းခဲ ဖြစ်ပေါ်လာသောကြောင့် အက်ကွဲကြောင်းများကို အသုံးပြုရန် မလိုအပ်ချေ။ အပေါ်သို့ ဖက်တက်ရခြင်းမှာ မြေပေါ်မှာ လမ်းလျှောက် နေရသကဲ့သို့ပင်။ အပေါ်ဘက်မှ မှုတ်ထုတ်နေသော လေအေးများသည် နှင်းခဲမီးလျှံ မျောက်ဝံကို ဘာမှ မလုပ်နိုင်ပေ။

ငါးမိနစ်မပြည့်ခင် နှင်းခဲမီးလျှံ မျောက်ဝံက လင်းဟွမ်ကို မှောင်မည်းနေသော တိမ်တိုက်ထဲသို့ ခေါ်ဆောင်လာခဲ့သည်။

နှင်းခဲမီးလျှံ မျောက်ဝံ၏ ပတ်ပတ်လည်တွင် အနက်ရောင်မြူခိုးများ ရှိနေသော်လည်း အသက်ရှူထုတ်လိုက်သောအခါ အပူဒဏ်ကို အနိုင်မယူနိုင်ပေ။

ထိုစဉ် နှင်းခဲမီးလျှံ မျောက်ဝံက ၎င်း၏အရှိန်ကို ရုတ်တရက် နှေးကွေးလိုက်ပြီး လင်းဟွမ်ကို

"သခင် ဒီအနက်ရောင်မြူခိုးက ငါ့အတွက် အကျိုးရှိတယ်။ ဒီနေရာမှာ ခဏလောက်နေပြီး မြူခိုးတွေကို ရှူချင်တယ်"

လင်းဟွမ်သည် နှင်းခဲ မီးလျှံမျောက်ဝံ၏ တောင်းဆိုချက်ကို မငြင်းခဲ့ပေ။

"ဒါက ပုံရိပ်ယောင် ကမ္ဘာ။ သဘောတရား အရဆို ဒီက မြူခိုးတွေကို ရှူသွင်းလိုက်ရင်တောင် မင်းရဲ့ ခန္ဓာကိုယ် အစစ်အမှန်ပေါ် သက်ရောက်မှုရှိမှာ မဟုတ်ဘူး။ ငါ့ကို အချိန် ခဏပေး တစ်ယောက်ယောက်ကို မေးကြည့်လိုက်အုံးမယ်"

လင်းဟွမ်က ယောင်လန်းကို ဆက်သွယ်လိုက်သည်။ ဗီဒီယိုဖုန်း ချိတ်ဆက်သွားသည်နှင့် မျောက်ဝံ အရောင်ပြောင်းနေသည်ကို ယောင်လန်းက ချက်ချင်း သတိထားမိသွားသည်။

"အင်း.. မင်းမျောက်ဝံက ဘာဖြစ်လို့ အရောင်ပြောင်းသွားတာလဲ။ စောစောတုန်းက ရွှေရောင်မဟုတ်ဘူးလား။ အရောင်ပြောင်းနိုင်တဲ့ ဂုဏ်သတ္တိ ရှိလို့လား.."

"ဒါက ငါပိုင်တဲ့ မျောက်ဝံနောက်တစ်ကောင်"

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ပြန်ဖြေလိုက်သည်။

"ကဲ ဒီအကြောင်း ထားလိုက်ဦး။ ငါ မေးစရာရှိလို့."

"ကဲ မေး.."

"ဒီပုံရိပ်ယောင် ကမ္ဘာထဲမှာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အကျိုးသက်ရောက်မှုက လက်တွေ့ကမ္ဘာ ပေါ်မှာ သက်ရောက်မှု မရှိဘူး မဟုတ်လား.."

လင်းဟွမ်က မေးလိုက်သည်။

"ဘာဖြစ်လို့ ဒီလိုမေးတာလဲ။ မင်း သိမ်းပိုက်ရမယ့် အရာ တစ်ခုခု တွေ့လို့လား"

ယောင်လန်းက မျက်လုံးမှေးပြီး မေးလိုက်သည်။

"မဟုတ်ဘူး။ ငါ့ရဲ့မွန်းစတားက ဒုတိယမြောက် စစ်ဆေးရေးဂိတ်မှာ နေချင်တယ် ပြောနေလို့.."

လင်းဟွမ်က မေးခွန်း၏ ရှုထောင့်ကို ပြောင်းလိုက်သည်။

"တကယ်လို့ အဆင်မပြေရင် ငါဒီမှာ မနေဘူး"

လင်းဟွမ် ယခုလက်ရှိ ရောက်ရှိနေသည့် နေရာအကြောင်းကို ကြားလိုက်လျှင် ယောင်လန်း အံ့အားသင့်သွားသည်။ သို့သော်လည်း သူမ၏ သိချင်စိတ်ကို မြိုသိပ်ပြီး မေးခွန်းကို ဖြေ ပေးလိုက်သည်။

“ပုံရိပ်ယောင် ကမ္ဘာထဲမှာ ကျင့်ကြံတာက အပြင်ဘက်ကမ္ဘာမှာ ကျင့်ကြံတာနဲ့ အတူတူပဲ။ မင်းရခဲ့တဲ့ပစ္စည်းတွေ အားလုံးကို အပြင်ဘက်ကမ္ဘာထဲ ယူသွားလို့ ရတယ်”

“မဖြစ်နိုင်ဘူး။ လက်တွေ့ကမ္ဘာကနေ ဒီကမ္ဘာကြီးထဲမှာ ပစ္စည်းတွေကို ပုံတူ ကူးနိုင်တာ

နားလည်နိုင်ပေမယ့် ပုံရိပ်ယောင် ကမ္ဘာထဲက ပစ္စည်းတွေ အပြင်လောကထဲ ယူသွားလို့ ရပါ့မလား..။ ဒါက ဖြစ်ရောဖြစ်နိုင်လို့လား"

လင်းဟွမ်သည် ယောင်လန်းထံမှ အတည်ပြုရုံမျှသာ ဟု တွေးထားခဲ့သော်လည်း မမျှော်လင့်သော အဖြေတစ်ခုကို ပြန်ကြားလိုက်ရသဖြင့်

"မင်းငါ့ကို လာ နှောက်နေတာလား"

"ငါမင်းကို တခြားကိစ္စတွေမှာ နှောက်ချင် နှောက်မယ်။ ဒါပေမယ့် ကြယ်လမ်းစဉ် အမှတ်တွေက ငါတို့ဖယ်ရှားခြင်း မဟာမိတ်အဖွဲ့ရဲ့ အမှတ်စုဆောင်းမှု

အပေါ်မှာ သက်ရောက်မှု ရှိတယ်။ ဒီကိစ္စနဲ့ပက်သက်ရင် ဘယ်တော့မှ မနှောက်ဘူး”

ယောင်လန်းက နောက်ပြောင်နေသည့်ပုံ မရှိပေ။

“ငါတို့အားလုံးမှာ အင်ပါယာနှလုံးသား လက်စွပ်တစ်ကွင်းစီ ရှိကြတယ်။ ဒါပေမယ့် လူအများစုက အဲ့ဒီလက်စွပ်ကို အင်ပါယာနှလုံးလို့ခေါ်တဲ့ နတ်ဘုရားဓါတ်ကြွင်းနဲ့ ပြုလုပ်ထားတယ်ဆိုတာ မသိကြဘူး။ ပါရမီရှင် သမ္မဂ္ဂရဲ့ ပုံရိပ်ယောင်လောက ကလည်း အင်ပါယာနှလုံးနဲ့ ပြုလုပ်ထားတာပဲ။ အင်ပါယာနှလုံးရဲ့ စွမ်းအားက လူတိုင်း အသုံးပြုနေတဲ့ နှလုံးသား ကွန်ရက်နဲ့မတူဘူး။ ပုံရိပ်ယောင်လောက က

ပစ္စည်းတွေကို အစစ်အမှန် လက်တွေ့ပစ္စည်းတွေ ဖြစ်လာအောင် ဖန်တီးပေးနိုင်တယ်။"

" ဒီနေရာမှာ ငါတို့ရတဲ့ ပစ္စည်းတွေအားလုံးက အစစ်အမှန်ပဲ။ ဒီနေရာမှာ ငါတို့စားတဲ့ အစားတောင် အလုပ်ဖြစ်တယ်။ ငါတို့ရဲ့ ခန္ဓာကိုယ်တွေ၊ ရှေးဟောင်း ဓါတ်ကြွင်းတွေ၊ ဒြပ်စင်တွေ၊ ပြီးတော့ နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းတွေ အားလုံးက တကယ့်လောကမှာ အစစ်အမှန်ပဲ"

"ပုံရိပ်ယောင် ပစ္စည်းတွေကို လက်တွေ့ဖြစ်အောင် လုပ်တာလား။ ဒါဆိုရင် နတ်ဘုရား ဓါတ်ကြွင်းက အံ့သြစရာကြီးပဲ.."

လင်းဟွမ်သည် ယောင်လန်း၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် အောက်မေးရိုးများ ပြုတ်ကြသွားအောင် အံ့အော သင့်သွားသည်။ ဤစွမ်းရည်မှာ ရှောင်ဖိန်ထက်ပင် အစွမ်းထက်သည်ဟု တွေးလိုက်မိသည်။

"အင်ပါယာနှလုံးသားက နတ်ဘုရား ဓါတ်ကြွင်း မဖြစ်နိုင်ဘူး။ ရှေ့ဟောင်းနတ်ဘုရား ဓါတ်ကြွင်းက ပုံရိပ်ယောင် ပစ္စည်းတွေကို အစစ်အမှန် ဖြစ်လာအောင် လုပ်ဖို့မဖြစ်နိုင်ဘူး။ ငါတောင် ပုံရိပ်ယောင် လောကရဲ့ တစ်စိတ်တစ်ပိုင်းကို လက်တွေ့မှာ နည်းနည်းလေး ပြောင်းသွားအောင် လုပ်နိုင်သေးတယ်။

အင်ပါယာနှလုံးသားက ရွှေလက်ချောင်း စနစ်ဖြစ်တဲ့ ငါ ဆင်းသက်လာတဲ့ နေရာက ဆင်းသက်လာဖို့ (၉၉.၉၉၈) ရာခိုင်နှုန်းလောက် ဖြစ်နိုင်ခြေ ရှိတယ်။”

ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာလျှင် လင်းဟွမ် ရုတ်တရက် မျက်လုံး ပြူးသွားသည်။

“ဒါဆိုရင် (၀.၀၀၂) ရာခိုင်နှုန်းကရော ဘာလဲ..”

လင်းဟွမ်က စိတ်ထဲမှ မေးလိုက်သည်။

“ (၀.၀၀၂) ရာခိုင်နှုန်းက ဒီဓါတ်ကြွင်းက သူ့ဘာသာသူ ဖြစ်တည်လာမယ် ဒါမှမဟုတ် အစွမ်းထက်တဲ့ လူတစ်ယောက် ပိုင်ဆိုင်ခဲ့ပြီးမှ သူ့ဘာသာသူ

ဆင့်ကဲတိုးတက်လာတာ ဖြစ်နိုင်ပေမယ့် အဲ့ဒီဖြစ်နိုင်ချေက မရှိသလောက်ပဲ”

“ဒါပေမယ့် ပုံရိပ်ယောင် ပစ္စည်းတွေကို လက်တွေ့လောကထဲ ယူသွားဖို့ သတ်မှတ်ချက်တစ်ခု ရှိတယ်။ ပစ္စည်းတွေကို မင်းရဲ့ အင်ပါယာနှလုံးသား လက်စွပ် သိုလှောင်အခန်းထဲမှာ သိမ်းထားရမယ်။ တကယ်လို့ ပစ္စည်းတွေကို မင်းလက်ထဲမှာ ကိုင်ထားမယ်။ ဒါမှမဟုတ် အပြင် ပြန်ထွက်တဲ့အခါ အဝတ်နဲ့ ပတ်ထားမယ်ဆိုရင် အဲ့ဒီ ပစ္စည်းတွေက လက်တွေ့လောကထဲ ရောက်လာမှာ မဟုတ်ဘူး။ မင်း နောက်တစ်ခါ ပြန်ဝင်လာတဲ့ အချိန်ကျရင် အင်ပါယာ

နှလုံးသားလက်စွပ်ထဲ မထည့်ထားတဲ့ ပစ္စည်းတွေက ပျောက်ကွယ်သွားလိမ့်မယ်..”

ယောင်လန်းက ဆက်ပြောလိုက်သည်။

“ပုံရိပ်ယောင် လောကထဲမှာ မင်းဘာပဲရရ အဲ့ဒါကို ချက်ချင်း အသုံးပြုလိုက်။ ဒီလိုမှမဟုတ်ရင် မင်းရဲ့ သိုလှောင် လက်စွပ်ထဲ သိမ်းထားလိုက် မင်း အရောင်းအဝယ် လုပ်ချင်တဲ့ ပစ္စည်းတွေကို အင်ပါယာ နှလုံးသား လက်စွပ်ထဲက ပြန်ထုတ်တဲ့ အချိန်မှာ အရောင်းအဝယ်လုပ်ဖို့ အဆင်သင့် ဖြစ်နေပြီ”

“အင်း…။ အခု ငါနားလည်ပြီ။ သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

လင်းဟွမ်က ပြောလိုက်သည်။

လင်းဟွမ်သည် ယောင်လန်းထံမှ ထိုအကြောင်းကို ကြားသောအခါ စိတ်လှုပ်ရှား သွားသည်။ ဖုန်းချပြီးနောက် သူ့ကိုယ်သူ ပြန်တည်ငြိမ်လာအောင် ထိမ်းနိုင်ရန် အချိန်တစ်ခု ပေးလိုက်ရသည်။ ထို့နောက် နှင်းခဲမီးလျှံမျောက်ဝံကို

“မင်း ဒီမှာနေပြီး တိမ်တိုက်တွေ စုပ်ယူလို့ရတယ်။ ငါလည်း စမ်းသပ်မှုတစ်ခု လုပ်လိုက်အုံးမယ်”

နှင်းခဲမီးလျှံမျောက်ဝံသည် လင်းဟွမ်ထံမှ ခွင့်ပြုချက်ရသည်နှင့် ပတ်ဝန်းကျင်ရှိ အနက်ရောင်မြူခိုးများကို စတင် စုပ်ယူတော့သည်။

ထို့နောက် လင်းဟွမ်သည် ပခုံးပေါ်မှ အောက်သို့ဆင်းကာ တိမ်နက်ထဲ ဝင်ရောက်လာသည်။ နှင်းခဲများအောက်က အခေါက်တွင် အက်ကွဲကြောင်း တစ်ခု တွေ့လိုက်ပြီး ထိုအထဲမှာ ဝင်ပုန်းလိုက်သည်။

ထို့နောက် သူ့ကံကြမ္မာ စွမ်းအားကို ပြန်လည် ဖြည့်သွင်းရန် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို အသက်သွင်းလိုက်သည်။

လင်းဟွမ် လုပ်ဆောင်ရန် ကြိုးစားနေသည့် အရာမှာ ကံကြမ္မာစွမ်းအား လျင်မြန်စွာ ကုန်ဆုံးနေသဖြင့် သူ၏ ကံကြမ္မာစွမ်းအား ကုန်ဆုံးမှုကို လျင်မြန်စွာ ပြန်လည် ဖြည့်သွင်းနိုင်ခြင်း ရှိ၊ မရှိ သိရှိစေရန် အေးသော

ရာသီဥတုအောက်တွင် ဖိအားပေး၍ စမ်းသပ်နေခြင်းပင်...။

## အခန်း(၆၄၈) - အတိုင်းထက်အလွန် ခက်ခဲမှု။

လင်းဟွမ်သည် အခေါက်၏ အက်ကွဲကြောင်းထဲတွင် ထိုင်နေပြီး ခန္ဓာကိုယ်ထဲကို အအေးဓာတ်များ မဝင်နိုင်စေရန် ကာကွယ်ရင်း ကံကြမ္မာစွမ်းအားကို အသက်သွင်းနေသည်။ သူ့ကို ကြည့်ရသည်မှာ လေထဲတွင် ယိမ်းယိုင်နေသော ဖယောင်းတိုင်မီးတောက်ကဲ့သို့ ဖြစ်နေပြီး အချိန်မရွေး ငြိမ်းသတ်သွားနိုင်သည့်ပုံ ပေါက်နေသည်။

လင်းဟွမ်သည် နှင်းခဲမီးလျှံ မျောက်ဝံ၏ အကာအကွယ်မပါဘဲ အနုတ် (၂၀၀) ဒီဂရီ

စင်တီဂရိတ်ရှိသော အခြေအနေနှင့် ရင်ဆိုင်နေခြင်း ဖြစ်သည်။

ကံကြမ္မာစွမ်းအား ကုန်ဆုံးမှုက ယခင်ကထက်စာလျှင် ပို၍ မြန်ဆန်လာသည်။ လင်းဟွမ်သည် ဤကဲ့သို့ ကြောက်စရာကောင်းသော ပတ်ဝန်းကျင်နှင့် တွန်းအားပေးရင်း စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လည်ပတ်နေခဲ့သည်။

လင်းဟွမ်သည် ဤနေရာတွင် မနေချင်သော်လည်း ဤကဲ့သို့ အခြေအနေအောက်တွင် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် ကတ်အပိုင်းအစ စုဆောင်းမှု အရှိန်အား မြှင့်တင်နိုင်မလား ဆိုသည်ကို သိချင်နေသည်။ အကယ်၍

ထိရောက်မှု ရှိခဲ့ပါက အချိန်ရတိုင်း ဤနေရာတွင် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်ရန် စဉ်စားထားသည်။ ယခုလက်ရှိ လုပ်ရပ်က လင်းဟွမ်၏ ယူဆချက်ကို မှန်ကန်ကြောင်း အတည်ပြုပေးနိုင်သည့် တစ်ခုတည်းသော လုပ်ရပ်ပင် ။

ကံကြမ္မာစွမ်းအားများ လျှင်မြန်စွာ ကုန်ဆုံးနေသော အခြေအနေအောက်တွင် ကျင့်စဉ်လည်ပတ်မှု တစ်ခေါက်ပြီးမြောက်ရန် တစ်စက္ကန့်လိုသော စစ်တပ်တိုက်ခိုက်ရေး နည်းစနစ် အဆင့် (၉) မှာ ငါးမိနစ်ထက်နည်းသော အချိန်အောက်တွင် ကျင့်စဉ်တစ်ခေါက် လည်ပတ်နိုင်ရန် (၀.၅) စက္ကန့်သာ ကြာမြင့်ခဲ့သည်။

ဒါသည် အဆုံးသတ် မဟုတ်ပေ။ လည်ပတ်ရင်း လည်ပတ်ရင်း အရှိန်က ပို၍ မြန်ဆန်လာသလို ခံစားနေရသည်။ နောက်ဆုံးတွင် သူ့ကံကြမ္မာစက်ဝိုင်းထဲရှိ ကံကြမ္မာစွမ်းအားများ ကုန်ဆုံးသွားကြောင်း သတိထားလိုက်မိသည်။ ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်သွင်းခြင်း ကတ်ကို ချက်ချင်းအသုံးပြုပြီး နှင်းခဲမီးလျှံ မျောက်ဝံထံ ပျံတက်သွားသည်။

လင်းဟွမ်သည် နှင်းခဲမီးလျှံမျောက်ဝံ အပေါ် ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ကုန်ဆုံးသွားသော ကံကြမ္မာစွမ်းအားများကို ပြန်လည် ဖြည့်သွင်းရန် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို နောက်တစ်ကြိမ်

ပြန်လည် လေ့ကျင့်လိုက်သည်။ ဖိအားမရှိသော အခြေအနေအောက်တွင် ကျင့်စဉ်၏ လည်ပတ်မှုမှာ တစ်စက္ကန့်သို့ ပြန်ရောက်သွားခဲ့ပြီ။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် အချိန်များ ကုန်ဆုံးလာခဲ့သည်။

နှင်းခဲမီးလျှံ မျောက်ဝံက ပါးစပ်ကို အကျယ်ကြီး ဖွင့်ဟကာ အနက်ရောင်မြူခိုးများကို စုပ်ယူနေသည်။

လင်းဟွမ်သည် မြူခိုးများက မည်ကဲ့သို့အရာလဲ ဆိုသည်ကို မသိသော်လည်း ထိုအရာ၏ နောက်ကွယ်မှ သေစေနိုင်သော ခြိမ်းခြောက်မှုကို ခံစားနေရသည်။

စိတ်စွမ်းအား အမြင်အာရုံနှင့် ထိတွေ့ကြည့်လိုက်သည့် အခါမှာလည်း အေးမြမှုကို ခံစားရသည်။ သူ့ခန္ဓာကိုယ်က ထိုမြူခိုးများနှင့် တိုက်ရိုက် ထိတွေ့သွားပါက အေးခဲပြီး သေဆုံးသွားနိုင်ကြောင်း တွေးလိုက်မိသည်။

လင်းဟွမ်နှင့် နှင်းခဲမီးလျှံ မျောက်ဝံတို့သည် ဒုတိယမြောက် စစ်ဆေးရေးဂိတ်တွင် သုံးနာရီကျော်ကြာအောင် နေခဲ့ကြသည်။

နှင်းခဲမီးလျှံမျောက်ဝံက မြူခိုးများ စုပ်ယူနေခြင်းကို ရပ်တန့်လိုက်ပါက မြူခိုးများသည် အလိုလို ပြန်ပြည့်

လာသည်။ ထိုအချိန်၌ လင်းဟွမ် ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစက်ဝိုင်း (၇) ခုမှာ ပြန်ပြည့်သွားခဲ့ပြီ။

နာရီကိုကြည့်လိုက်ရာ နေ့လယ် ကျော်နေပြီ ဖြစ်သောကြောင့် ဆက်နေရန် အစီအစဉ် မရှိတော့ဘဲ နှင်းခဲမီးလျှံမျောက်ဝံကို ရှေ့ဆက်သွားရန် ညွှန်ကြား လိုက်သည်။ သုံးမိနစ်မပြည့်ခင် ဒုတိယမြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်သွားခဲ့သည်။

လင်းဟွမ်သည် အနက်ရောင်မြူခိုးများ ဖုံးလွှမ်းနေသော နေရာကို သမင်လည်ပြန် ပြန်လှည့် ကြည့်ပြီးနောက် တစ်နေ့နေ့ တစ်ချိန်ချိန် ပြန်လာရမည်ဟု တွေးလိုက်မိသည်။ သို့သော်လည်း

အရိုးကွဲမတတ် အေးခဲမှုကို သတိရသောအခါ ပြုံးပြီး ခေါင်းခါလိုက်သည်။

"အင်မော်တယ် အဆင့်အောက် ပါရမီရှင် တော်တော်များများက ဒီစစ်ဆေးရေးဂိတ်မှာ ပိတ်မိနေကြမယ် ထင်တယ်"

ဒုတိယမြောက် စစ်ဆေးရေးဂိတ်မှ ထွက်လာသောအခါ နှင်းခဲမီးလျှံမျောက်ဝံက လင်းဟွမ်ကို စကားပြောလိုက်သည်။

"တောင်းပန်ပါတယ် သခင်။ ခုနက အနက်ရောင်မြူခိုး တော်တော်များများ စုပ်ယူလိုက်လို့ ငါ့ရဲ့သွေးမျိုးဆက် သိပ်သည်းမှု မကြာခင် မြင့်တက်လာတော့မယ်။

အဲ့ဒါကြောင့် အခု လောလောဆယ်တော့ တာဝန် မထမ်းဆောင်နိုင်သေးဘူး...”

“စိတ်မပူနဲ့၊ အဆင့်တက်ဖို့ပဲ အာရုံစိုက်”

လင်းဟွမ်က ခေါင်းညိတ်ပြလိုက်ပြီး အခေါက်ပေါ်က အက်ကွဲကြောင်း တစ်ခုထဲ ခုန်ဆင်းသွားသည်။ ထို့နောက် နှင်းခဲမီးလျှံ မျောက်ဝံကို ပြန်သိမ်းပြီးနောက် ရွှေရောင် အမွေးနှင့် ဆန်းကြယ်မျောက်ဝံကို ပြန်ဆင့်ခေါ် လိုက်သည်။

“တက်ရအောင်...”

လင်းဟွမ်သည် ဆန်းကြယ်မျောက်ဝံ၏ ပုခုံးပေါ် တက်ထိုင်ပြီး ညွှန်ကြားလိုက်သည်။

ဆန်းကြွယ်မျောက်ဝံသည် အားကြိုးမာန်တက် တွယ်တက်နေသည်။ အစောပိုင်းက လင်းဟွမ် ပြုလုပ်ခဲ့သော အခြေအနေကြောင့် သူ့အား နောက်တစ်ကြိမ် ထပ်မံ မဆင့်ခေါ်တော့မည်ကို စိုးရိမ်နေသည်။ နှင်းများမရှိသော နေရာတွင် ဆန်းကြွယ် မျောက်ဝံ၏ စွမ်းဆောင်ရည်မှာ အထွတ်အထိပ် ရောက်နေပြီး မီတာ သုံးသောင်းကျော်အထိ ရောက်ရှိလာသည်။

လင်းဟွမ်သည် အင်ပါယာနှလုံးသား လက်စွပ်ပေါ်ရှိ တည်နေရာပြ စနစ်ကို ကြည့်လိုက်ရာ မီတာ

သုံးသောင်းကျော် ရောက်နေပြီ ဖြစ်ကြောင်း သတိထားမိပြီး အပေါ်ဘက်ကို မော့ကြည့်လိုက်သည်။

တတိယမြောက် စစ်ဆေးရေးဂိတ်တွင် မည်သည့် အရာများ စောင့်ကြိုနေမလဲ ဆိုသည်ကို သိချင်စိတ်ဖြင့် မစောင့်နိုင်အောင် ဖြစ်နေသည်။ ဤတစ်ခါတွင် တိမ်တိုက်က မီးခိုးရောင်ဖြစ်နေပြီး ပြိုဆင်းတော့မည့် မိုးကဲ့သို့ပင် ။

“ဒုတိယမြောက် စစ်ဆေးရေးဂိတ်မှာ နှင်းမုန် တိုင်းကျတယ်။ ဒီတစ်ကြိမ် မိုးရွာတာများ ဖြစ်နေမလား”

အကယ်၍ တတိယမြောက် စစ်ဆေးရေးဂိတ်သာ သူ ခန့်မှန်းထားသည့်အတိုင်း ဖြစ်လာပါက တီထွင် ကြံဆနိုင်စွမ်း အားနည်းသည်ဟု တွေးလိုက်မိသည်။

ဆန်းကြယ်မျောက်ဝံသည် တိမ်တိုက်ကို ဖြတ်သန်းသွားသောအခါ တိမ်တိုက်၏ ထိပ်ဖျားတွင် ခရမ်းရောင် လျှပ်စီးကြောင်းများ တဖျတ်ဖျတ် လက်လာပြီး သူတို့ထံ ရောက်ရှိလာသည်။ ဆန်းကြယ်မျောက်ဝံသည် ၎င်း၏ဗီဇအရ အန္တရာယ်ကို ခံစားမိပြီး ထိုတိုက်ခိုက်မှုကို ခုန်ကာ ရှောင်တိမ်းလိုက်သည်။ သို့သော်လည်း ဒါက အစသာ ရှိသေးသည်။

ဆန်းကြယ်မျောက်ဝံ ရှောင်တိမ်း ပြီးနောက် ခရမ်းရောင်တိမ်တိုက်မှာ ရုတ်တရက် နိုးထလာသော ဒေါသကြီးသည့် သားရဲ တစ်ကောင်အလား ဖြစ်လာသည်။

လင်းပြွမ်နှင့် ဆန်းကြယ် မျောက်ဝံတို့သည် လျှပ်စီးကြောင်းများ၏ တိုက်ခိုက်မှုကြောင့် တင်းပုတ်နှင့် အရိုက်ခံနေရသော ပြည်ကြီးငါးကဲ့သို့ ပင် ။

“ဒီလိုမျိုး ပုန်းနေလို့တော့ အဆင်မပြေဘူးဟေ့။ ဖောက်ထွက်ရအောင်…”

ဆန်းကြယ်မျောက်ဝံက တိုက်ခိုက်မှုများကို ရှောင်တိမ်းရန် ကြိုးစားရင် ကိုးရိုးကားရား

ဖြစ်လာသည်ကို မြင်လိုက်လျှင် လင်းဟွမ်က လျှပ်စီးကြောင်းများကို ရှောင်တိမ်းနေခြင်းက အချိန်နှင့် ခွန်အားကို ဖြုန်းတီးရာကျကြောင်း တွေးလိုက်မိသည်။

ဆန်းကြယ်မျောက်ဝံက ဤကဲ့သို့ အကြိမ်ပေါင်းများစွာ တိုက်ခိုက်လာသော မိုးကြိုးအားလုံးကို ရှောင်တိမ်းရန် မဖြစ်နိုင်ကြောင်း သတိထားမိသည်။ ထို့ကြောင့် ထိုးဖောက်ခြင်းက ပို၍ အဓိပ္ပာယ်ရှိသည်။

ဆန်းကြယ် မျောက်ဝံသည် လင်းဟွမ်၏ ညွှန်ကြားချက်ကို ကြားပြီးနောက် ရှောင်တိမ်းရင်း ခန္ဓာကိုယ်ပေါ်ကို ကံကြမ္မာစွမ်းအားအလွှာ ဖုံးအုပ်ကာ ဖက်တက်သွားသည်။ မျောက်ဝံ၏ ပခုံးပေါ်တွင်

ထိုင်နေသော လင်းပွှမ်ကလည်း ကာကွယ်ရန်အတွက် အမောင်ထုကြေးမုံကို အသက်သွင်းလိုက်သည်။

လမ်းကြောင်း တစ်လျှောက်တွင် ခရမ်းရောင် မိုးကြိုးများက ဆန်းကြယ်မျောက်ဝံ၏ ခန္ဓာကိုယ်ကို တဖြောင်းဖြောင်း ထိမှန် နေသော်လည်း ဆန်းကြယ်မျောက်ဝံမှာ အင်ပါယာအဆင့် ဖြစ်နေသောကြောင့် မထိခိုက်လုနီးပါး ပင် ။

ဆန်းကြယ် မျောက်ဝံသည် မိုးကြိုးက ခြိမ်းခြောက်နိုင်ခြင်း မရှိကြောင်း အတည်ပြုပြီးနောက် တတ်နိုင်သမျှ ခပ်မြန်မြန် ဖက်တက်သွားသည်။

လင်းဟွမ်က သေးငယ်သော ပစ်မှတ်လေးတစ်ခု ဖြစ်လာခဲ့သည်။ ရံဖန်ရံခါ မိုးကြိုးထိမှန်သော်လည်း အမှောင်ထု ကြေးမုံကြောင့် အလင်းပြန်သွားသည်။

ဤစစ်ဆေးရေးဂိတ်က မည်သည့် အခက်အခဲမှ မပေးနိုင်ခဲ့ချေ။

သို့သော်လည်း ဆန်းကြယ်မျောက်ဝံက တိမ်ထု၏ နက်ရှိုင်းသော နေရာကို တိုးဝင်လာသည် နှင့်အမျှ ခရမ်းရောင်မိုးကြိုးများက အပြာရောင်အဖြစ် ပြောင်းလဲသွားကာ ယခုအခါ၌ ပိုမို အားကောင်းလာခဲ့သည်။ အပြာရောင် မိုးကြိုး တစ်ချက်

ပစ်ချလိုက်တိုင်း မျောက်ဝံ၏ ကံကြမ္မာစွမ်းအားမှာ ယခင်ထက် အဆပေါင်း ဆယ်ယနှင့်ချီ၍ ပိုကုန်လာသည်။

မိုးကြိုးများက ဆန်းကြယ်မျောက်ဝံ၏ ကံကြမ္မာစွမ်းအား အကာအကွယ်ကို ရံဖန်ရံခါ ထိုးဖောက်ပြီး ခန္ဓာကိုယ်ကို ထိမှန်ထားသောကြောင့် တောင့်တင်းသွားသည်။

လင်းဟွမ်သည် ဆန်းကြယ်မျောက်ဝံ၏ ကံကြမ္မာစွမ်းအားများ ကုန်ဆုံးလာပြီး ခန္ဓာကိုယ်ကလည်း တောင့်တင်း သွားတတ်ကြောင်း ခံစားလိုက်မိသည်။

တတိယမြောက် စစ်ဆေးရေးဂိတ်က အင်မော်တယ် အဆင့် မျောက်ဝံတစ်ကောင်ကို ဤမျှ ဒုက္ခ

ပေးနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ထို့နောက် လင်းဟွမ်က ဆန်းကြယ်မျောက်ဝံကို ၎င်း၏ အထွတ်အထိပ် အရှိန်ဖြင့် အပေါ်တက်ရန် တိုက်တွန်းလိုက်သည်။

ဆန်းကြယ်မျောက်ဝံသည် တတ်နိုင်သမျှ လျင်မြန်အောင် ကြိုးစားပြီးတက်ခဲ့ရာ နောက်ဆုံး မိနစ်နှစ်ဆယ် ကျော်သွားသောအခါ တိမ်တိုက်ကို ဖြတ်ကျော်နိုင်ခဲ့သည်။

လင်းဟွမ်သည် တတိယမြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းပြီးနောက် ကြယ်လမ်းစဉ် သစ်ပင်၏ စိန်ခေါ်မှုများကို နားလည်လာခဲ့သည်။

သူထင်ထားသည်ထက် အဆပေါင်း အနည်းငယ် ပိုခက်သည်။

တတိယမြောက် စစ်ဆေးရေးဂိတ်မှာ သန့်ရှင်းမီးလျှံအဆင့် လူများ၏ (၉၀) ရာခိုင်နှုန်းကို တားဆီးနိုင်စွမ်းရှိပြီး အစွမ်းနည်းသော အင်မော်တယ် အဆင့်များကိုပင် တားဆီးနိုင်သည်။ ထို့ကြောင့် တတိယမြောက် စစ်ဆေးရေးဂိတ်က လူအများစုအတွက် ပိတ်မိနိုင်ခြေ ပို များနေသည်။

“တတိယမြောက် စစ်ဆေးရေးဂိတ်ပဲ ရှိသေးတယ်။ အရမ်းခက်နေပြီ… ဒါပေမယ့် အင်မော်တယ်အဆင့် (၉)

လူအချို့ကတော့ (၇၂) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်အောင် သွားနိုင်ခဲ့တယ်”

လင်းဟွမ်သည် သမိုင်းထဲတွင် စစ်ဆေးရေးဂိတ် (၇၀)ကျော် ဖြတ်သန်းနိုင်ခဲ့သည့် လူများကို အထင်ကြီးနေခဲ့သည်။ အချို့အဆင့်များတွင် နည်းစနစ်၊ နည်းဗျူဟာများအပေါ် မှီခို အားကိုးခဲ့ကြသော်လည်း မည်မျှခက်ခဲကြောင်း ကြည့်လိုက်ရုံဖြင့် နည်းဗျူဟာများ အားကိုး၍လည်း ဖြတ်ကျော်နိုင်ရန် မလွယ်ကူလောက်ချေ။

(၇၂) ခုမြောက် စစ်ဆေးရေးဂိတ်မှာ သမိုင်းတစ်လျှောက်တွင် လူသားတို့ ရောက်ရှိနေသော

အမြင့်ဆုံး စစ်ဆေးရေးဂိတ် ဖြစ်ကြောင်း ယောင်လန်းထံမှ ကြားသိခဲ့ရသည်။ သို့သော်လည်း ယခုလက်ရှိ ပါရမီရှင် အဖွဲ့ဝင်များ တက်လှမ်းနိုင်သည့် အမြင့်ဆုံး စစ်ဆေးရေးဂိတ်မှာ (၆၃) ဂိတ်မြောက် စစ်ဆေးရေးဂိတ်ပင် ။

နည်းဗျူဟာများ ချမှတ်ထားသော်လည်း အောင်မြင်အောင် မဖြတ်ကျော် နိုင်ကြပေ။ လင်းဟွမ်သည် အနည်းငယ် သဘောပေါက်ပြီးနောက် အတွေးထဲမှ ရုန်းထွက်ကာ စတုတ္ထမြောက် စစ်ဆေးရေးဂိတ်က ယခင်ကထက် ပို၍

ခက်ခဲလာနိုင်ကြောင်း သိနေသဖြင့် ကောင်းကင်ပေါ် မော့ကြည့်လိုက်သည်။

# အခန်း(၆၄၉) - အခက်အခဲ တိုးမြင့်လာခြင်း။

ဆန်းကြယ်မျောက်ဝံ ဖတ်တက်နေသည့် အချိန်တွင် လင်းဟွမ်သည် ထူးဆန်းသော အသံတစ်ခုကို ကြားလိုက်ရသည်။ သို့သော် ဘာလဲဆိုသည်ကို မခွဲခြားနိုင်ခဲ့ပေ။ တစ်ခုခုက မြေပြင်နှင့် ရှပ်တိုက်နေ၍ ထွက်ပေါ်လာသော အသံမျိုးပင်..။

အလွန် အရေးမပါသောကြောင့် မည်သူမျှ သတိမထားခဲ့ကြချေ။ ပထမတုန်းက လေသံ သဲ့သဲ့မျှသာဟု ထင်ခဲ့သော်လည်း မကြာခင် သူ၏

နယ်မြေပိုင်နက်အသိထဲကို တစ်စုံတစ်ခု ဝင်လာကြောင်း ခံစားမိလိုက်သည်။

"အခေါက်ထဲမှာ တစ်ခုခု ရှိနေတာလား"

လင်းဟွမ်သည် သူနှင့် မလှမ်းမကမ်းတွင် ရှိနေသော အက်ကွဲကြောင်း အတွင်းထဲ၌ တစ်စုံတစ်ရာက ရွေ့လျားနေကြောင်း ရှင်းရှင်းလင်းလင်း သိနေသည်။ လျင်မြန်စွာ ရွေ့လျားနေခြင်း မဟုတ်သော်လည်း အရေအတွက် တော်တော်များများက သွားနေခြင်းပင်။ သွားသည့် လမ်းကြောင်း ပုံစံအရ လူသားများ မဟုတ်နိုင်ပေ။

"သတိထား"

လင်းဟွမ်က ဆန်းကြယ်မျောက်ဝံကို သတိထားရန် နှိုးဆော်လိုက်သည်။

လင်းဟွမ်ရှေ့တွင် စိတ်ဝိညာဉ် ဓါးမြှောင်နှစ်လက် ရှိနေသည်။ ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှ မွန်းစတားများကို သတ်ပစ်ပါက သူ့အတွက် အမှတ်များ ရနိုင်ကြောင်း ယောင်လန်းထံမှ ကြားသိထားသည်။ ရွှေ့လျားနေသော အရာများမှာ လူသားများနှင့် မတူညီသောကြောင့် မွန်းစတားများသာ ဖြစ်ရမည်။

ဆန်းကြယ်မျောက်ဝံက အနည်းငယ် ခုန်တက်လိုက်လျှင် မီတာ (၁,၀၀၀) ကျော် ထပ်ရောက်သွားသည်။

လေထဲတွင် ရှိနေစဉ် အက်ကွဲကြောင်းထဲမှ အဖြူရောင်ပိုးအမျှင်လေး နှစ်ခုသည် ဆန်းကြယ် မျောက်ဝံထံ ဦးတည်ပြီး ဝင်ရောက်လာသည်။ ငွေရောင်အလင်းတန်း နှစ်ခုသည် လေထဲတွင် ဖြတ်ခနဲ လက်သွားပြီး လှိုးဖြတ်တော့မည့် ဓါးများအလား တိုးဝင်လာသည်။

မကြာခင် ညီးညူသံများ ကြားလိုက်ရသည်။

လင်းဟွမ်က ဆန်းကြယ်မျောက်ဝံကို တိုက်ခိုက်လာသည့် မွန်းစတားများကို ချက်ချင်း သတ်ပစ်လိုက်ခြင်းပင်။ မွန်းစတားများ

တိုက်ခိုက်လာမည်ကို ကြိုသိနေသဖြင့် မွန်းစတားများ လှုပ်ရှားလာသည်နှင့် တစ်ပြိုင်နက် တုန့်ပြန်ခဲ့ခြင်းသာ,,,,

မွန်းစတားများက မည်ကဲ့သို့ ပုံပန်းသဏ္ဍာန် ရှိလဲဆိုသည်ကို သူမသိချေ။ သူ လုပ်ခဲ့သည့်အရာမှာ နယ်မြေပိုင်နက် အသိထဲတွင် ပေါ်လာသည့်အတွက် ပေါက်ခါးမြှောင်နှင့် သတ်ပစ်ခဲ့ခြင်းပင်။

ဒါသည် ယခင်ကတည်းက သူစိတ်ကူးခဲ့သော တိုက်ပွဲဝင် ပုံစံဖြစ်ပြီး အလုပ်ဖြစ်ပုံ ရသော်လည်း လွှမ်းခြုံနိုင်သော သက်ရောက်မှု ဧရိယာမှာ သေးငယ်လွန်း၏။

လန်စန်လေ့က အင်မော်တယ်အဆင့် (၂) ကို ရောက်သွားသောအခါ ၎င်း၏ နယ်မြေပိုင်နက်အသိ လွှမ်းခြုံမှုမှာ မီတာ (၁,၀၀၀) မှ (၂,၀၀၀) အထိ တိုးမြင့်လာခဲ့သည်။ သို့သော်လည်း လင်းဟွမ်သည် လန်စန်လေ့၏ ဓါးတာအို နယ်ပယ်က မလုံလောက်သေးဘူးဟု ထင်နေသည်။

လင်းဟွမ်သည် မျက်နှာမဲ့ မွန်းစတားများကို သတ်ဖြတ်ပြီးနောက် ညီးတွားသံကို ကြားလိုက် ရသော်လည်း တစ်ခုခု မှားနေပြီဟု ခံစားနေရသဖြင့် စိတ်မအေးနိုင် ဖြစ်နေသည်။

ဆန်းကြွယ်မျောက်ဝံက ထိုနေရာမှ ထွက်ခွာရန် လုပ်လိုက်စဉ် အခေါက်များ ကြားထဲတွင် ပုန်းအောင်းနေသော မွန်းစတားများစွာ ထွက်ပေါ်လာသည်။ ဒါသည် တည်ငြိမ်နေသော ရေပြင်ပေါ်ကို ခဲတစ်လုံး ချလိုက်သကဲ့သို့ လှိုင်းဂယက်များ ဖြစ်ပေါ်လာသည်နှင့် တူနေပြီး မွန်းစတားများ၏ ညီးညူသံများ နေရာအနှံ့မှ ထွက်ပေါ်လာသည်။

လင်းဟွမ်၏ နယ်မြေပိုင်နက်အသိထဲတွင် အခေါက်ထဲ၌ ပုန်းအောင်းနေသော မွန်းစတားအားလုံး ပြေးထွက်လာသလို ခံစားလိုက်ရသည်။

"အခု သွားတော့"

ခြိမ်းခြောက်မှု ပြင်းထန်လာသဖြင့် လင်းဟွမ်က ဆန်းကြယ်မျောက်ဝံကို အော်ဟစ် လိုက်သည်။ ဆန်းကြယ်မျောက်ဝံကလည်း အန္တရာယ်ကို သတိထားမိပုံရပြီး တတ်နိုင်သမျှ အမြန်ဆုံး ပြေးသွားသည်။

နောက်ဆုံး၌ မျောက်ဝံ၏ ပခုံးပေါ်တွင် မတ်တပ်ရပ်နေသော လင်းဟွမ်သည် မွန်းစတားများ၏ ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရသည်။ အခေါက် အက်ကွဲကြောင်းရှိ နေရာအနှံ့မှ ပိုးကောင်များ ထွက်လာကြသည်။ ၎င်းတို့မှာ ကြည်လင် ဖြူစင်သော

အရောင်ရှိပြီး ခန္ဓာကိုယ်ပေါ်တွင် စေးကပ်သော အချွဲများပါရှိကာ ရွံ့စရာ ကောင်းလှ၏။

၎င်းတို့ကို ကြည့်ရသည်မှာ လောက်ကောင်များနှင့် တူပြီး လောက်ကောင်များထက် အဆပေါင်း ရာနှင့်ချီ ကြီးမားသည်။ အသေးဆုံးအကောင်မှာ အချင်း (၂) မီတာခန့် ရှိပြီး အရှည်မှာ (၅) မီတာထက် ရှည်လျားသည်။

အက်ကွဲကြောင်းထဲမှ တိုးထွက်လာပြီး လင်းဟွမ်နှင့် ဆန်းကြယ်မျောက်ဝံထံ အလျှင်အမြန် တွားသွား လာနေကြသည်။ ၎င်းတို့ထဲမှ အချို့ကမူ ခန္ဓာကိုယ် အောက်ပိုင်းကို အခေါက်ထဲ ထိုးစိုက်ထားပြီး

ဆန်းကြယ်မျောက်ဝံကို အဖြူရောင် ချည်မျှင်များဖြင့် လှမ်းပစ်ကြသည်။

လင်းဟွမ်က ဆန်းကြယ်မျောက်ဝံအတွက် လမ်းကြောင်းများ ရှင်းပေးရင်း ချည်မျှင်များကို ဖြတ်တောက်ကာ ခါးမြှောင် (၃၀၀) လုံး ထုတ်ယူထားပြီး ထိန်ချန်ထားခြင်း လုံး၀ မရှိချေ။ သို့သော်လည်း ဆယ်နှင့်ချီသော ပိုးကောင်များ သေဆုံး၍ ပေါက်ကွဲသွားသည်ကို မြင်လိုက်လျှင် လင်းဟွမ် ထိတ်လန့်သွားသည်။ ထိုအလောင်းကောင်များ မပျောက်ခင် အစိမ်းရောင် အချွဲများ မှုတ်ထုတ်ကြသည်။ အခေါက်ကို ထိမှန်သွားသောအခါ အစိမ်းရောင်

မီးခိုးများအူထွက်လာပြီး အဆိပ်အတောက်များ ဖြစ်ပေါ်လာသည်။

လင်းဟွမ်သည် အမှောင်ထုကြေးမုံကို ထီးပုံစံ အသက်သွင်းပြီး သူနှင့် ဆန်းကြယ်မျောက်ဝံတို့၏ ခေါင်းပေါ်တွင် မိုး ထားလိုက်သော်လည်း အစိမ်းရောင် အခွဲ အနည်းငယ်က မျောက်ဝံပေါ် ကျရောက်လာခဲ့သေးသည်။ အမှောင်ထု ကြေးမုံကို ဖောက်ထွင်းမြင်ရသော ပုံစံ ပြောင်းထားသောကြောင့် မျောက်ဝံ၏မြင်ကွင်းကို ပိတ်စို့ထားခြင်း မရှိပေ။ မျောက်ဝံသည် အခွဲများကြောင့် ဖြစ်ပေါ်လာသော

အဆိပ်၏ နာကျင်မှုဝေဒနာကို လျစ်လျူရှုကာ အပေါ်ဘက်သို့ နောက်တစ်ကြိမ် တက်လိုက်ပြန်သည်။

ထိုအချိန်၌ လင်းဟွမ်၏ လက်တစ်ဖက်က အမှောင်ထုကြေးမုံကို အသက်သွင်းပြီး ပိုးကောင်၏ တိုက်ခိုက်မှုများကို ကာကွယ်နေသလို အခြား လက်တစ်ဖက်က ရာနှင့်ချီသော ပေါက်ခါးမြှောင်များကို ထိန်းချုပ်ကာ ပိုးကောင်များကို သတ်ဖြတ်နေခဲ့သည်။

အကယ်၍ လင်းဟွမ်ထံတွင် အမှောင်ထု ကြေးမုံနှင့် စိတ်ဝိညာဉ် ခါးမြှောင်များ မရှိပါက အစွမ်းအနည်းဆုံး ရွှေရောင် မီးလျှံအဆင့်ရှိပြီး အများစုက အင်မော်တယ်အဆင့် (၁)နှင့် အဆင့် (၂) တွင်

ရှိနေသောကြောင့် လင်းဟွမ်သည် လေးခုမြောက် ဣစစ်ဆေးရေးဂိတ်ကို ဖြတ်သန်းနိုင်လိမ့်မည် မဟုတ်ချေ။

လင်းဟွမ်၏ မြင်ကွင်းထဲတွင် ထောင်၊ သောင်း ချီသောပိုးကောင်များ ရှိနေပြီး နေရာပေါင်းစုံမှ သူ့နှင့် ဆန်းကြယ်မျောက်ဝံထံ တိုးဝင် လာကြသည်။ ပိုးကောင်များ ပေါက်ကွဲ သွားပြီးနောက် ပန်းထွက်လာသော အချွဲများက အလွန်အမင်း အဆိပ် သင့်စေသည်။ ကံဆိုးပြီး ဆန်းကြယ်မျောက်ဝံပေါ် အစက်အနည်းငယ် ကျသွားရာ ယခုအခါ ထိုနေရာ၌ အမွေးပြောင်သွားပြီး အသားအရောင်ကလည်း

ယိုယွင်းလာသည်။ ကံကောင်းသည်မှာ ဒဏ်ရာက သေးငယ်ပြီး ဆန်းကြယ်မျောက်ဝံက အဆင့်မြင့် ပြန်လည်ကုသရေး စွမ်းရည် ရှိနေသောကြောင့် အနာဖေးတက်မှုက နှေးကွေးသော်လည်း အနာ ကျက်သွားခဲ့သည်။

(၇) မိနစ် (၈) မိနစ်အတွင်းတွင် လင်းဟွမ်နှင့် ဆန်းကြယ်မျောက်ဝံ တို့သည် ပိုးကောင်အုပ်ကြီးကို ဖြတ်ကျော်ပြီး စတုတ္ထမြောက် စစ်ဆေးရေးဂိတ်ကို အောင်မြင်ခဲ့သော်လည်း လင်းဟွမ်က အနည်းဆုံး ပိုးကောင် ထောင်ပေါင်းများစွာ သတ်ပစ်ခဲ့ရသည်။

သူတို့ ဖြတ်ကျော်သွားသောအခါ ပိုးကောင်များက သူတို့နောက် မလိုက်တော့ဘဲ အခေါက်အတွင်းရှိ အက်ကြောင်းထဲ ပြန်ဝင်သွားကြသည်။ စက္ကန့် (၂၀) မပြည့်ခင် အဖြူရောင်ပိုးကောင်များ ပြည့်နေခဲ့သော သစ်ပင် အခေါက်များပေါ်တွင် မည်သည့်အကောင်ကိုမှ မတွေ့ရတော့ချေ။

ဆန်းကြယ် မျောက်ဝံပေါ်တွင် ကျန်ရှိနေသော အစိမ်းရောင် အချွဲကြောင့်သာ မဟုတ်ပါက ထင်ယောင်ထင်မှား ဖြစ်သည်ဟု တကယ် ထင်မိပေလိမ့်မည်။

"စတုတ္ထမြောက် စစ်ဆေးရေးဂိတ်ပဲ ရှိသေးတယ်။ အင်မော်တယ်အဆင့် မွန်းစတားတွေ ရှိနေပြီ။ ပိုးကောင်တွေက နေ့းကွေးပြီး ခုခံနိုင်စွမ်း အားနည်းတယ်ဆိုပေမယ့် အရေအတွက်က များလွန်းတယ်။ ပေါက်ကွဲတဲ့ အကျိုးသက်ရောက်မှုကလဲ ကြောက်စရာ ကောင်းလိုက်တာ။ အင်မော်တယ် အဆင့်(၄) ရောက်နေတဲ့ လူတွေအတွက်တောင် မလွယ်ကူလောက်ဘူး"

လင်းဟွမ်က စတုတ္ထမြောက် စစ်ဆေးရေးဂိတ် အကြောင်း ကောက်ချက် ချလိုက်သည်။ အမြင့် တက်လာရင်း (၆၀) မြောက်၇မှ (၇၀) မြောက်အထိ

စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်နိုင်ခဲ့သော လူများကို ပို၍ လေးစားလာခဲ့သည်။

လင်းဟွမ်သည် ဆန်းကြယ်မျောက်ဝံကြီးကို စီးနှင်း၍ စတုတ္ထမြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ခဲ့ပြီး မကြာခင် ပဥ္စမမြောက် စစ်ဆေးရေးဂိတ်ကို ရောက်ရှိလာခဲ့သည်။

ပဥ္စမမြောက် စစ်ဆေးရေးဂိတ်တွင် ယခင်က မွန်းစတားစွယ်စုံ ကျမ်းထဲတွင် မမြင်ဖူးခဲ့သော ကြက်နှုတ်သီးရှိသည့် ငှက်သားရဲ တစ်ကောင်နှင့် ကြုံတွေ့ခဲ့ရသည်။ ထိုငှက်သည် အင်မော်တယ် အဆင့်

(၁)မှ အဆင့် (၃) ကြားထဲရှိပြီး သိသာထင်ရှားစွာ လျှင်မြန်သွက်လက် လွန်း၏။

ဤစစ်ဆေးရေးဂိတ်တွင် လင်းဟွမ်က အမှောင်ထုကြေးမုံကို အသက် သွင်းခဲ့သောကြောင့် လုံခြုံခဲ့သည်။ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် မပျံသန်းနိုင်သော အခြေအနေမှာ လူသားများနှင့် သက်ဆိုင်သော်လည်း သစ်ပင်ပေါ်ရှိ ဒေသခံ မွန်းစတားများပေါ်တွင် သက်ရောက်ခြင်း မရှိကြောင်း သက်သေပြခဲ့သည်။

ငှက်သားရဲသည် ဤစစ်ဆေးရေးဂိတ်၏ နယ်မြေထဲတွင် ပျံသန်းနေခဲ့သည်။ လင်းဟွမ်သည်

ဆန်းကြယ်မျောက်ဝံကို စီးနင်းကာ ခက်ခဲကြမ်းတမ်းသော ပဥ္စမမြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ပြီးနောက် ဆဋ္ဌမမြောက်၊ သတ္တမမြောက်နှင့် အဋ္ဌမမြောက် စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော် လာခဲ့သည်။

# အခန်း(၆၅၀) - (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်။

ညနေ (၆) နာရီနောက်ပိုင်း.....

လင်းဟွမ်သည် အမှတ် (၂၀) မြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ကာ အမှတ် (၂၁) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်ရှိလာခဲ့သည်။ အရှေ့ပိုင်းက စစ်ဆေးရေးဂိတ်များကို (၁၀) မိနစ်လျှင် တစ်ခုနှုန်း ဖြတ်ကျော်နိုင်ခဲ့သည်။ သို့သော်လည်း လင်းဟွမ်နှင့် ဆန်းကြွယ် မျောက်ဝံတို့သည် (၁၀) ခုမြောက် စစ်ဆေးရေးဂိတ်မှ စတင်၍ ဂိတ်တစ်ခုကို ဖြတ်ကျော်ရန် (၁၅) မိနစ်စီ အချိန်ယူခဲ့ရသည်။

အထူးသဖြင့် (၂၀) မြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ရန် မိနစ် (၂၀) ကျော် အချိန်ယူခဲ့ရသဖြင့် ယခုမူ ဒါကို ဖြတ်ကျော်ရန် နာရီဝက်ခန့် လိုအပ်ပေလိမ့်မည်။

(၂၁) ခုမြောက် စစ်ဆေးရေးဂိတ်မှ စတင်၍ နောက်ဆုံး၌ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် အကိုင်အခက်များ ရှိလာသည်။ လင်းပွှမ်သည် ကောင်းကင်အထိ ကျယ်ပြန့်နေသော သစ်ကိုင်းများကို လှမ်းကြည့် လိုက်သည်။ ထိုအရာအားလုံးသည် သူ၏ မြင်နိုင်သည်ထက် ကျော်လွန် သွားခဲ့ပြီ။

ကောင်းကင်ထဲတွင် ပျောက်ကွယ်သွားသော တိုင်လုံးကြီးများကဲ့သို့ ဖြစ်နေသည်။ လင်းဟွမ်သည် ပင်စည်ပေါ် တက်နေရသည့်အချိန်တွင် ကြီးမားသော တံတိုင်းကြီးပေါ် ဖတ်တက်နေရသလို ခံစားရသည်။ သစ်ပင်ပေါ် တက်နေသည်ဟု မည်သည့်အချိန်ကမှ မခံစားရချေ။

သို့သော်လည်း အကိုင်းအခက်များကို မြင်သောအခါ သူတို့သည် သစ်ပင်တက်ခြင်း မဟုတ်ဘဲ ရှေးဦးခေတ်က ကြီးကျယ်ခမ်းနားသော မဟာသစ်ပင်ကြီးပေါ် တက်နေရခြင်း ဖြစ်ကြောင်း နောက်ဆုံးတွင် နားလည်

သွားခဲ့သည်။ ကြယ်လမ်းစဉ်သစ်ပင်၏ အချိုးအစားကို ခံစား သိရှိလာခဲ့သည်။

"(၂၁) ခုမြောက် စစ်ဆေးရေးဂိတ်နဲ့ အထက် နေရာတွေမှာ အရွက်တွေပါနေလို့ လုံခြုံတယ်ဆိုပြီး ယောင်လန်းက ပြောခဲ့ဖူးတယ်။ အကိုင်းအခက် တစ်ခုစီရဲ့ နောက်ဆုံး သစ်ရွက်ပေါ်မှာ သီးခြားအလွှာတစ်ခု ရှိတယ်။ အဲ့ဒါက လူသားတွေ ခိုလှုံတဲ့နေရာပဲ။ အဲ့ဒီ သီးခြား နေရာထဲမှာ ငါတို့ရဲ့ ကံကြမ္မာစွမ်းအား ပြန်လည် ဖြည့်တင်တဲ့ နှုန်းကိုလည်း အရှိန်မြင့်တင်ပေးနိုင်တယ်။ အဲ့ဒီထဲမှာ ရှိနေတဲ့အချိန်ကျရင် မွန်းစတားတွေရဲ့ တိုက်ခိုက်မှုကို ခံရမှာမဟုတ်ဘူး။ လူသားတွေတောင်

တိုက်ခိုက်လို့ မရဘူး။ အင်ပါယာအဆင့် လူသားတွေတောင် အဲ့ဒါကို မချိုးဖောက်နိုင်ဘူး”

လင်းဟွမ်သည် အရွက်တစ်ခုမှ မမြင်ရသေးသော်လည်း ထိုနေရာက လူသားများ စုဝေးရာနေရာ ဖြစ်ကြောင်း သူ သိထားသည်။ (၃၀) မြောက် စစ်ဆေးရေးဂိတ်အောက်တွင် (၂၁) မြောက် စစ်ဆင်းရေး ဂိတ်၌သာ အကိုင်းအခက်များ ရှိသည်။ ဒါသည် ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် လူသားများအတွက် ပထမဦးဆုံး စုဝေးရာနေရာ ဖြစ်ပြီး အစည်ကားဆုံး နေရာလည်း ဖြစ်သည်။

လင်းဟွမ်သည် ထိုစစ်ဆေးရေးဂိတ်ကို ရောက်ပါက အပေါ်ထပ်တက်ရန် အစီအစဉ် မရှိပေ။ အချိန်နှောင်းသွားပြီး ကောင်းကင်ကြီး မှောင်လာသည်နှင့် သစ်ပင်ပေါ်ရှိ ကပ်ပါး မွန်းစတားများက ညဖက် အချိန်တွင် အစာရှာ ထွက်လာတတ်သောကြောင့် ကိုယ့်သေတွင်း ကိုယ်တူးခြင်းသာ ဖြစ်လိမ့်မည်။ ထို့အပြင် လူသားများ စုဝေးရာနေရာက မည်ကဲ့သို့ပုံစံ ဆိုသည်ကို သူ ကြည့်ချင်သေးသည်။

လင်းဟွမ်သည် ဆန်းကြယ်မျောက်ဝံကို အနီးဆုံး သစ်ကိုင်းထံ ဦးတည်သွားရန် ညွှန်ကြားလိုက်သည်။

မကြာခင် လင်းဟွမ်သည် ဆန်းကြယ်မျောက်ဝံကြီးကို စီးနှင်းပြီး သစ်ကိုင်းတစ်ခုကို ရောက်ရှိသည်။ မျောက်ဝံကြီးပေါ်မှ ခုန်ဆင်းလိုက်သည်။

ဆန်းကြယ်မျောက်ဝံ၏ အသွင်သဏ္ဍာန်က လူများစွာ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

အများစုက ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှ နယ်ခံ မွန်းစတားတစ်ကောင်ဟု ထင်မြင်နေကြပြီး အချို့က ပခုံးပေါ်တွင် ထိုင်နေသော လူတစ်ယောက်ကို သတိပြုမိကာ ဆင့်ခေါ် မွန်းစတား တစ်ကောင်ဖြစ်ကြောင်း သိရှိသွားကြသည်။

လင်းဟွမ်သည် သစ်ကိုင်းပေါ် ခုန်ချပြီး ဆန်းကြယ်မျောက်ဝံကို ပြန်သိမ်းရန် လုပ်လိုက်စဉ် ရှပ်အင်္ကျီအဖြူရောင် ဝတ်ဆင်ထားသော လူငယ်တစ်ယောက်က သူ့ထံ လျှောက်လာသည်။ ထိုလူမှာ အင်မော်တယ် အဆင့် (၁) ဖြစ်သည်။

"ဒီမျောက်ဝံကြီးကို ငါ့ နာမည်နဲ့ ဈေးနှုန်းပေးမယ်"

ရှပ်အင်္ကျီအဖြူရောင် ဝတ်ဆင်ထားသော ထိုလူမှာ ချမ်းသာသော မိသားစုမှ ဆင်းသက်လာပုံရပြီး လေသံက အထက်စီး ဆန်လှ၏။

"မင်း ဝယ်ချင်လို့လား"

လင်းဟွမ်၏ စိတ်ထဲတွင် ရယ်စရာကောင်းသော စိတ်ကူးတစ်ခုဟု ထင်လိုက်သည်။ ထို့နောက် သူက ဆန်းကြွယ်မျောက်ဝံကြီးကို ကြည့်ကာ

“သူက လိုက်ချင်လား မလိုက်ချင်ဘူးလားဆိုတာ မင်းအပေါ်မှာပဲ မူတည်တယ်”

ဆန်းကြွယ် မျောက်ဝံက ချက်ချင်း ခေါင်းခါပြီး ထိုလူကို ဒေါသတကြီး စိုက်ကြည့်နေသည်။ လင်းဟွမ်သည် ၎င်းကို သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင် ဖြစ်လာအောင် လုပ်ပေးထားသည့်အပြင် သန္ဓေလေးကြိမ် ပြောင်းအောင်

လုပ်နိုင်စွမ်း ရှိနေသောကြောင့် လင်းဟွမ်နှင့် မခွဲခွာချင်ပေ။

သူ့သခင်ကို မထားခဲ့ချင်သည်မှာ သဘာဝကျ၏။ အဆိုပါ အားသားချက် လုံး၀ မရှိလျှင်ပင် မွန်းစတားကတ်က သူတို့၏သခင်ပေါ်တွင် (၁၀၀) ရာခိုင်နှုန်း သစ္စာစောင့်သိမှု ဖြစ်ပေါ်စေသည်။ (အထူး အခြေအနေမှ လွဲ၍)

"မင်း မြင်လား။ မင်းနဲ့ မလိုက်ချင်ဘူးတဲ့"

လင်းဟွမ်က ထိုလူကို လှည့်ကြည့်ပြီး ပြုံးပြကာ ပြောလိုက်သည်။

"ကံကြမ္မာ သလင်းကျောက် (၁၀) သန်း"

ထိုလူက လက်မလျှော့ဘဲ ဈေးနှုန်းတစ်ခု ဖွင့်လိုက်သည်။ ကံကြမ္မာသလင်းကျောက် (၁၀) သန်း ဟူသောဈေးနှုန်းမှာ များပြားလှသော ဈေးနှုန်းတစ်ခုပင်။ သန္ဓေသုံးကြိမ်ပြောင်း အင်မော်တယ်အဆင့် မွန်းစတား တစ်ကောင်မှာ ရှားပါးသော်လည်း အင်မော်တယ်အဆင့် (၃) မွန်းစတား တစ်ကောင်၏ ဈေးနှုန်းမှာ ဈေးကွက်ထဲတွင် (၅) သန်းသာ ရှိသည်။

ရှေးဦး မွန်းစတားသွေး ပါသော မွန်းစတား တစ်ကောင်ပင် (၈) သန်းသာ ကုန်ကျသည်။ လေလံပွဲထဲတွင် ရောင်းချပါက (၉) သန်းထက် မပိုချေ။

ထိုလူက (၁၀) သန်းပေး၍ ကမ်းလှမ်းနေသောကြောင့် ဈေးကွက်တန်ဖိုး သိသည်မှာ အသေအချာပင်။

ကမ်းလှမ်းချက်ကို ကြားသောအခါ စောင့်ကြည့်နေကြသော လူများက ချက်ချင်း ဆွေးနွေးကြသည်။ အများစုမှာ အဖြူရောင် ရုပ်အင်္ကျီဝတ်လူ၏ နောက်ခံ သမိုင်းကြောင်းကို သိနေကြပြီး သူကမ်းလှမ်းသည့် ရယ်စရာကောင်းသော ဈေးနှုန်းကို တတ်နိုင်ကြောင်း သိနေကြသည်။

"ဟာကြူလီ ဘုရင်၊ ကောင်းကောင်း အနားယူလိုက်"

လင်းဟွမ်က ထိုလူကို လျစ်လျူရှုပြီး ဆန်းကြယ်မျောက်ဝံကို ပြောလိုက်သည်။

"မနက်ဖြန်မှ ခရီးဆက်ကြမယ်"

ထို့နောက် ဆန်းကြယ်မျောက်ဝံကို ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။

"(၁၂) သန်း"

ရှပ်အင်္ကျီအဖြူ ဝတ်ဆင်ထားသောလူက ခေါင်းမာစွာ ပြောနေသည်။

"မရောင်းဘူး...."

လင်းဟွမ်သည် ထိုလူကို တစ်ချက် စိုက်ကြည့်ပြီးနောက် စကား မထပ်မပြောတော့ဘဲ

လှည့်ထွက်သွားသည်။ စောင့်ကြည့်နေသော လူများလည်း အူကြောင်ကြောင် ဖြစ်သွားကြသည်။

“ဒီကောင်က (၁၂) သန်း ပေးနေတာတောင် မရောင်းဘူးလား။ တော်တော်လေး အသုံးမကျတဲ့ ကောင်ပဲ။ လေလံပွဲမှာဆိုရင် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်ကို (၉) သန်းလောက်နဲ့ ဝယ်လို့ရတယ်”

“ဟာ ဒီကောင်က ထိန်းချုပ်သူပဲ။ သူ့ အိမ်မွေး မွန်စတားအပေါ်မှာ ခံစားချက်ရှိနေလို့ ဖြစ်မှာပေါ့”

“ခံစားချက်က ဘာလုပ် လို့ရလဲ။ အရည်ဖျော်သောက်လို့ ရလား။ ပိုက်ဆံနဲ့ ယှဉ်စရာလား။

ဒါက ကံကြမ္မာသလင်းကျောက် (၁၂) သန်းကွ။ ဒီလောက် ငွေနဲ့ဆို တော်တော်လေး အထင်ကြီးဖို့ ကောင်းတဲ့ ရှေးဟောင်း ဓါတ်ကြွင်းတစ်ခုတောင် ဝယ်လို့ရတယ်”

“(၁၅) သန်း”

ရုပ်အကျီ အဖြူဝတ်ထားသောလူက လင်းဟွမ်၏ လမ်းကို ပိတ်ဆို့ထားပြီး အသေစိုက်ကြည့်နေသည်။

“အင်မော်တယ်အဆင့် (၉) သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်ကို ဝယ်ဖို့ (၁၅) သန်းက လုံလောက်တယ်ဆိုတာ မင်း သိထားသင့်တယ်။ မင်းရဲ့ မျောက်ဝံက အင်မော်တယ်အဆင့် (၂) ပဲ ရှိသေးတယ်။ ဒီအခွင့်အရေးကို မင်း လက်လွှတ်လိုက်ရင် ငါ

ထပ်ကမ်းလှမ်းမှာ မဟုတ်ဘူး။ မင်းလည်း တစ်ပြားမှ ရမှာမဟုတ်ဘူး”

“ငါ မရောင်းဘူးလို့ မင်းကို ပြောပြီးပြီ”

လင်းဟွမ်က ထိုလူ၏မျက်လုံးကို တည့်တည့် စိုက်ကြည့်ပြီး ပြန်ပြောလိုက်သည်။ ထိုလူ၏ ခေါင်းမာမှုကို စိတ်မရှည် နိုင်တော့ချေ။

“မင်း နားလည်ရ တော်တော် ခက်နေလား”

“မင်းငါ့ကို ဒီလို ပြန်ပြောရဲတယ် ဟုတ်လား။ မင်းက အပြောရောင် မီးလျှံအဆင့်ပဲ ရှိသေးတယ်။ သေချင် နေတာလား”

ထိုလူ ဒေါသ ပေါက်ကွဲ သွားသည်။ အခြားတစ်ဖက်တွင်မူ လင်းဟွမ်က အကြိမ်ကြိမ် ငြင်းဆန်ခဲ့ပြီး လင်းဟွမ်၏ လေသံကိုလည်း မကြိုက်ပေ။

"ဘယ်သူ အရင် သေမလဲဆိုတာ မင်းစမ်းကြည့်လို့ ရတယ်"

လင်းဟွမ်သည် ထိုလူကို ကြယ်လမ်းစဉ်သစ်ပင်၏ အောက်ခြေသို့ ပြန်လွှတ်ရန် စိတ်မဝင်စားသော်လည်း ထိုလူ စုဆောင်းထားသော အမှတ်တစ်ဝက်ကို ရချင်သောကြောင့် အကြံများစွာဖြင့် ပြုံးလိုက်သည်။

စောင့်ကြည့်နေကြသော လူများလည်း စိတ်လှုပ်ရှားလာကြသည်။ အချို့လူများ ဆိုလျှင် သိုလှောင်လက်စွပ်ထဲမှ ထိုင်ခုံများကိုပင် ထုတ်ယူပြီး မုန့်လေးစားကာ စိမ်ပြေနပြေ ထိုင်ကြည့်နေကြသည်။

“သူတို့ တိုက်ခိုက်တော့မယ်ကွ။ ဘယ်ဘက်က လောင်းမလဲ”

“လူသစ်လေးဘက်က ငါးချိုး တစ်ချိုး။ စွန်းရီဘက်က တစ်ချိုး နှစ်ချိုး”

“လူသစ်လေးဘက်က တစ်ဆ၊ ငါးဆလားနည်းလိုက်တာကွာ။ ကျိုးစွန်း.... မင်း ဆယ်ဆ၊ တစ်ဆတော့ လုပ်သင့်တယ်”

"ဆယ်ဆ တစ်ဆလား..၊ ဒါဆိုရင် မင်းလုပ်လေ"

ကျိုးစွန်းဟု ခေါ်သောလူက စကားပြောလိုက်သည့် လူကို စိုက်ကြည့်လိုက်သည်။

"စိတ်ထဲမထားနဲ့၊ လူသစ်လေး အနိုင်ရတဲ့ဘက်က (၁၀) မှတ် လောင်းမယ်"

"(၁၀) မှတ်ပဲ လောင်းတာလား။ မင်း မရှက်ဘူးလား"

ကျိုးစွန်းက မျက်လုံးပြူးပြီး အော်ဟစ်လိုက်သည်။

"ဒီလောက်ငွေလေးနဲ့ဆို ငါ အများကြီး ရှုံးမှာမဟုတ်ဘူး။ လူသစ်လေး အနိုင်ရမယ့်ဘက်က ငါးဆယ် လောင်းပါလား"

"စွန်းရီဘက်က အမှတ် (၁၀၀) လောင်းမယ်"

"ငါက စွန်းယုဘက်က အမှတ် (၂၀၀) လောင်းမယ်"

"စွန်းရီဘက်က  အမှတ် (၃၀၀) လောင်းမယ်"

...

လူအများစုက စွန်းရီဘက်က လောင်းကြပြီး အချို့က လင်းဟွမ်ဘက်မှ လောင်းကြသည်။

လင်းဟွမ်ဘက်မှ လောင်းသည့်လူများက (၁၀) မှတ်၊ အမှတ် (၂၀) သာ လောင်းကြသည်။ အမှတ် (၃၀) လောင်းသည့်လူမှာ  တစ်ယောက်တည်းသာ....

ကျိုးစွန်းက  ညီးတွားလိုက်သည်။

"ဘယ်လို ကောင်တွေလဲ ဒိုင်တော့ ရှုံးပါပြီကွာ"

"ငါလဲ လောင်းကြေးထပ်လို့ ရမလား"

လင်းဟွမ်သည် လူတိုင်းက လောင်းနေကြသည်ကို မြင်လျှင် ကျိုးစွန်းကို လှမ်းမေးလိုက်သည်။

ကျိုးစွန်းသည် ထိုစကားကို ကြားလျှင် ကြောင်းသွားသော်လည်း ချက်ချင်း ခေါင်းငြိမ့်လိုက်ပြီး

"မင်း လောင်းလို့ရတယ်။ ဒါပေမယ့် မင်းဘက်ကပဲ လောင်းရမယ်"

"ဒါဆို ငါ့အမှတ်တွေ အကုန်လုံး လောင်းချင်တယ်"

လင်းဟွမ်က သူ့ကိုသူ ယုံကြည်မှုအပြည့် ရှိနေသည်။

"မရဘူး။ မင်းရဲ့အမှတ်တစ်ဝက်ပဲ လောင်းလို့ရမယ်။ မင်း အသတ်ခံရရင် မင်းရဲ့အမှတ်တစ်ဝက်က စွန်းရီဆီ ရောက်သွားမှာ ဒါဆို မင်းဆီမှာ အမှတ်တစ်ဝက်ပဲ ကျန်ခဲ့မှာ"

ကျိုးစွန်းက ရှင်းပြသည်။

"မင်းရဲ့အမှတ်တွေ ငါ့ဆီလွှဲပေးစရာ မလိုဘူး။ လူတိုင်းက စောင့်ကြည့်နေတော့ မင်းရဲ့အကောင့်ကိုပဲ ငါ မှတ်ထားလိုက်မယ်။ မပေးဘူးဆိုရင် မင်းမှာ ပြေးစရာမြေ မရှိဘူးနော်"

"ရတယ် ဒီလို လုပ်လိုက်ပါ"

လင်းဟွမ်က ခေါင်းငြိမ့်လိုက်သည်။

"မင်းရဲ့ စုစုပေါင်းအမှတ်က ဘယ်လောက်လဲ"

ကျိုးစွန်းက လင်းဟွမ်၏အမှတ်ကို မှတ်ထားရန် မေးလိုက်သည်။ လူသစ်လေး တစ်ယောက်သာ ဖြစ်သောကြောင့် အမှတ်များများစားစား ရှိလိမ့်မည်ဟု မထင်ထားပေ။

"(၅,၇၂၈) မှတ်"

လင်းဟွမ်က ကြေငြာလိုက်သည်။

ထိုအသံကို ကြားလိုက်လျှင် ကျိုးစွန်းအပြင် စောင့်ကြည့်နေသော လူအားလုံး အံ့ဩသင့်သွားသည်။ စန်းရီပင် မျက်ခုံးပင့်သွားသည်။

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ မှားနေတာလား"

ကျိုးစွန်းက လင်းဟွမ်ထံလျှောက်သွားပြီး လင်းဟွမ်ကိုယ်ရေးကိုယ်တာ အသေးစိတ် အချက်အလက်ကို ကြည့်ရှုလိုက်သည်။ သူ့နာမည် လင်းရှီနှင့် သူဝင်ထားသော အဖွဲ့အစည်း၏ စုစုပေါင်းရမှတ်ကို ဖော်ပြထားသည်။ အစောပိုင်းက လင်းဟွမ်ကြေငြာထားသည့်အတိုင်းပင် လင်းဟွမ်၏ ရမှတ်က (၅,၇၂၈) မှတ် ဖြစ်နေသည်။

"မင်းက အခုမှ အသစ်ရောက်လာတဲ့ လူ။ အမှတ်တွေအများကြီး ရှိနေတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

ကျိုးစွန်း သံသယ ဖြစ်နေသည်။

"အော် ဒါလား....၊ လာတဲ့လမ်းမှာ မွန်းစတားတချို့ သတ်ခဲ့လို့ပါ"

လင်းဟွမ်က ရှင်းပြလိုက်သည်။

စစ်ဆေးရေးဂိတ် တစ်ခုစီအတွက် ပထမဂိတ်မှ ဆယ်ခုမြောက်ဂိတ်အထိ တစ်မှတ်စီ ရရှိသည်။ (၁၁) မှ (၂၀) မြောက် စစ်ဆေးရေးဂိတ် အထိ နှစ်မှတ်စီ ရရှိသည်။ သန့်ရှင်း မီးလျှံအဆင့် မွန်းစတား တစ်ကောင်ကို သတ်ပစ်ပါက တစ်မှတ် ရရှိမည်ဖြစ်ပြီး အင်မော်တယ် အဆင့် (၁) မွန်းစတား တစ်ကောင်အတွက်မူ (၁၀) မှတ်ရရှိသည်။

အင်မော်တယ်အဆင့် (၂) အတွက်မူ နှစ်မှတ်ရမည် ဖြစ်ပြီး အင်ပေါ်တယ်အဆင့် (၃) အတွက် အမှတ် (၃၀) ရရှိမည်။ အမှတ်များသည် အဆင့်တစ်ခုစီ တိုင်းအတွက် နှစ်ဆ တိုးလာမည်။

လင်းဟွမ်သည် လာသည့် လမ်းတစ်လျှောက်တွင် မွန်းစတားများစွာ သတ်ဖြတ် နိုင်ခဲ့သောကြောင့် အမှတ်များစွာ ရရှိခဲ့သည်။ အား အနည်းဆုံးမှာ သန့်ရှင်းမီးလျှံအဆင့် ဖြစ်ပြီး အစွမ်းအထက်ဆုံးမှာ အင်မော်တယ် အဆင့် (၃) ဖြစ်သည်။

သူ သတ်ခဲ့သည့် မွန်းစတားများ အပြင် ဆန်းကြယ်မျောက်ဝံ သတ်ခဲ့သည့် မွန်းစတား

အရေအတွက်ကိုလည်း သူ့ရလဒ်ထဲတွင် ထည့်ပေါင်း ပေးခဲ့သည်။

သို့သော်လည်း ကျိုးစွန်းနှင့် ကျန်သည့်လူများက လင်းဟွမ် ကိုယ်တိုင်ရှာထားသော အမှတ်များဟု မထင်ကြဘဲ ဤအမှတ်များက သူ ဆင့်ခေါ်ထားသော မွန်းစတားများက ကူညီ၍ သတ်ပေးခဲ့သော အမှတ်များသာ ဖြစ်လိမ့်မည်ဟု သံသယ ရှိနေကြသည်။

စစ်ဆေးရေး ဂိတ် (၂၀) အတွင်း အမှတ် (၅,၀၀၀) ကျော် ရရှိနိုင်သည့် အကြောင်းပြချက်ကမူ ရောမ မွန်းစတားကောင်ကြီး တစ်ကြောင်းကို သတ်ပစ်ခဲ့ခြင်း ကြောင့်သာဟု အကြောင်းပြချက် ပေးနိုင်တော့သည်။

လူတော်တော်များများကမူ လင်းဟွမ်က ဖယ်ရှားခြင်း မဟာမိတ် အဖွဲ့ရှိ အခြား အဖွဲ့ဝင်များထံမှ အမှတ်များ ရရှိခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ထင်ကြေးပေးနေကြသည်။

စွန်းရီကလည်း လင်းဟွမ်က အင်မော်တယ်အဆင့် (၂)မျောက်ဝံကို အားကိုးခြင်းမရှိပါက ဤမျှ အမှတ် ပမာဏကို မရနိုင်ဘူးဟု ထင်နေသည်။

"ငါ့ စုစုပေါင်း အမှတ်ရဲ့ တစ်ဝက်က (၂,၈၆၄) မှတ်ပဲ။ အဲ့ဒါကို ငါ လောင်းမယ်။ ကျေးဇူးပြုပြီး မှတ်ထားပေး"

ကျိုးစွန်းက သူ့စကား မှန်ကန်ကြောင်း အတည်ပြုပြီးနောက် လင်းဟွမ်က လောင်းကြေးကို ကျယ်လောင်စွာ ကြေငြာလိုက်သည်။

"မင်းမှာ ဒီလောက် ဆန္ဒရှိနေရင် ငါကလည်း လုပ်ပေးရမှာပေါ့"

စန်းရီက ရယ်မောလိုက်ပြီး

"ငါ့မှာ အမှတ် (၁၂,၀၀၀) ရှိတယ် ငါ့ဘက်က (၆,၀၀၀) လောင်းမယ်"

"ရတယ် မင်းတို့နှစ်ယောက်ရဲ့ လောင်းကြေးကို ငါ မှတ်ထားပြီးပြီ။ တိုက်ပွဲပြီးရင် အရှုံးသမားရဲ့အမှတ် ငါ့ဆီလွှဲပေးရမယ်"

ကျိုးစွန်းက သူတို့နှစ်ယောက်၏ လောင်းကြေးကို သဘောတူလိုက်သည်။

မကြာခင် ပွဲကြည့်ချင်သည့်လူများ စုဝေးလာကြသည်။

လင်းဟွမ်နှင့် စွန်းရီတို့သည် မီတာ (၃၀) အကွာတွင် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် မတ်တပ်ရပ်နေကြပြီး လောင်းကစားဒိုင်ဖြစ်သော ကျိုးစွန်းက ဤတိုက်ပွဲ၏ ဒိုင်လူကြီး ဖြစ်လာခဲ့သည်။

"၃...."

"၂....."

"၁...."

"တိုက်"